မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၂)
အမှတ် (၁၅၂)

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်

၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်၊ တနင်္ဂနွေနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့် ဇနီးတို့ ထိုင်း-မြန်မာ သံတမန်ဆက်ဆံရေး (၆၅)နှစ်ပြည့် အထိမ်းအမှတ်

ချစ်ကြည်ရင်းနှီးမှုသံစဉ်များ ဖျော်ဖြေတင်ဆက်ပွဲ တက်ရောက်အားပေး

နေပြည်တော်　　စက်တင်ဘာ　　၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ကျင်းပသည့် ထိုင်း-မြန်မာသံတမန်ဆက်ဆံရေးတည်ထောင်မှု (၆၅)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် တင်ဆက်သည့် စူဝန်ပလူ ကော်ရက်စ်၏ ချစ်ကြည်ရင်းနှီးမှုသံစဉ်များ ဖျော်ဖြေတင်ဆက်ပွဲသို့ တက်ရောက်အားပေးသည်။

ဖျော်ဖြေတင်ဆက်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး၊ ဒုတိယဝန်ကြီးဦးတင်ဦးလွင်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ သံရုံးတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့် ဇနီးတို့သည် အမျိုးသားကဇာတ်ရုံသို့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရောက်ရှိလာကြရာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Pisanu Suvanajata နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဖျော်ဖြေတင်ဆက်ပွဲကို စတင်ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးက မြန်မာ-ထိုင်း နှစ်နိုင်ငံအနေဖြင့် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းကောင်းများအဖြစ် ပိုမိုစည်းလုံးချစ်ကြည်စွာ နေထိုင်သွားကြရန်၊ တူညီသောစိတ်ရင်းကောင်းရှိကြသည့်အလျောက် မြန်မာ-ထိုင်း

စာမျက်နှာ ၈ ကော်လံ ၁ ❐

ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်တို့ ထိုင်း-မြန်မာ သံတမန်ဆက်ဆံရေး တည်ထောင်မှု (၆၅) နှစ်ပြည့်အထိမ်းအမှတ် ချစ်ကြည်ရင်းနှီးမှုသံစဉ်များ ဖျော်ဖြေတင်ဆက်ပွဲအခမ်းအနားသို့ တက်ရောက်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr.Pisanu Suvanajata နှင့် ဇနီးတို့က ရင်းရင်းနှီးနှီး ကြိုဆိုစဉ်။ (သတင်းစဉ်)

စွမ်းအင်ကဏ္ဍ၌ ပြည်ပလုပ်ငန်းရှင်များနှင့် ပူးပေါင်းရန် ပြည်တွင်းကုမ္ပဏီများ ကြိုတင်ပြင်ဆင်လာကြ

ရန်ကုန်　　စက်တင်ဘာ　　၂၁

သွန်း ဝသန်

ပြည်တွင်းစွမ်းအင်ကဏ္ဍဖော်ဆောင်မှုများအတွက် ပြည်ပမှ FDI အသီးသီးနှင့် အကျိုးတူပူးပေါင်းခွင့်ရရှိရန် ပြည်တွင်းစွမ်းအင်ဆိုင်ရာကုမ္ပဏီများ ကြိုတင်ပြင်ဆင်ကြပြီဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ စာရင်းဇယားများအရ သိရှိရသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများဖြစ်သည့် ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များအတွက် နိုင်ငံတကာကုမ္ပဏီများနှင့်အကျိုးတူပူးပေါင်းရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လျှောက်ထားတင်ပြသူ ပြည်တွင်းကုမ္ပဏီ အရေအတွက် ၁၅၀ ကျော်ရှိနေပြီဖြစ်သည်။

ပူးပေါင်းဆောင်ရွက်

"ပြည်တွင်းကုမ္ပဏီတွေအနေနဲ့ FDI ပူးတွဲဆောင်ရွက်ဖို့အတွက် ဆန္ဒရှိပါတယ်။ အသေးစိတ်ညှိနှိုင်းမှုတွေမရှိသေးပေမယ့် ပြည်ပလုပ်ငန်းရှင်တွေနဲ့ အလုပ်လုပ်ကိုင်နိုင်ဖို့ သက်ဆိုင်ရာမှာ ကြိုတင်မှတ်ပုံတင်ထားကြတာများပါတယ်။ အချို့ပြည်တွင်းလုပ်ငန်းရှင် အချို့ကလည်း FDI နှင့် ပူးပေါင်းဆောင်ရွက်ရန် MoU ထိုးထားပြီးဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

ယနေ့ မာတိကာ

ဆီးရီးယားပိုင် ဓာတုလက်နက်များစာရင်း နိုင်ငံတကာဓာတုလက်နက်များ စောင့်ကြည့်ရေးအဖွဲ့စစ်ဆေး　*စာမျက်နှာ - ၄*

ရေးတော့အမှန် ဖတ်တော့အသံ(၂)
ဆောင်းပါး　*စာမျက်နှာ - ၆*

ချစ်ကြည်ရေးတံတား၌ ထိုင်းနိုင်ငံမှ မြန်မာ အလုပ်သမား ၃၃ ဦး လွှဲပြောင်း　*စာမျက်နှာ - ၇*

အိန္ဒိယ-မြန်မာ ဟိုင်းဝေးလမ်းမကြီး အုတ်မြစ်ချ ကျောက်တိုင်ဖွင့်ပွဲ ကျင်းပ　*စာမျက်နှာ - ၁၂*



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လူတိုင်းလူတိုင်း စည်းကမ်းရှိဖို့လိုပြီ

ကျွန်ုပ်တို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ဦးတည်လျှောက်လှမ်းနေသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ဒီမိုကရေစီကို မွေးဖွားသန့်စင်ခဲ့သည်မှာ မကြာသေးသော်လည်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာလုပ်ကိုင်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ရေးသားခွင့် စသော ဒီမိုကရေစီစံနှုန်းများနှင့် အညီ တံခါးဖွင့်ပေးထားသည်မှာ အထင်အရှားပင် ဖြစ်ပါသည်။

လူတစ်ဦးတစ်ယောက်အနေဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ တန်းတူညီတူ အခွင့်အရေးများရရှိနိုင်သကဲ့သို့ တစ်ဖက်ကလည်း ဥပဒေက ပြဋ္ဌာန်းထားသော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရသည့်သဘော ဖြစ်ပါသည်။ စည်းကမ်းချိုးဖောက်ခြင်း၊ စည်းကမ်းမလိုက်နာခြင်း၊ စည်းကမ်းကို တန်ဖိုးမထားကြခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်ဖြစ်သည်ဟုပင် ဆိုကြပါသည်။ ဒီမိုကရေစီကျင့်သုံးသော တိုင်းပြည်အများစုတွင် စည်းကမ်းကို အထူးလေးစားတန်ဖိုးထားတတ်ကြပါသည်။

သို့သော် ကျွန်ုပ်တို့နိုင်ငံ၌ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေပြီဖြစ်သော်လည်း စည်းကမ်းလိုက်နာတတ်မှု လွန်စွာအားနည်းနေဆဲ ဖြစ်ပါသည်။ ပလက်ဖောင်းပေါ် ကားမရပ်ရဟု ဆိုသော်လည်း ပလက်ဖောင်းများပေါ်တွင် ကားထိုးနေကြခြင်း၊ ကွမ်းတံတွေးမထွေးရဟု ဆိုသော်လည်း ကားလမ်းများပေါ်တွင် စည်းကမ်းမဲ့စွာ ကွမ်းတံတွေး ထွေးနေကြခြင်း၊ အမှိုက်မပစ်ရဟုဆိုသော နေရာများတွင် စည်းကမ်းမလိုက်နာဘဲ အမှိုက်ပစ်နေကြခြင်း စသော ဒီမိုကရေစီမဆန်သော အပြုအမူများသည် ကျွန်ုပ်တို့လူထုအတွင်း အများအပြား ရှိနေဆဲဖြစ်ပါသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ စကားနှင့်ပြောရမည်ဆိုလျှင် ဆေးရွက်ကြီးလှန်းသူများ အများအပြားရှိနေဆဲ ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းက ''ကျုပ် ဟသ်ာတဘက်ရောက်တုန်းက လွတ်လပ်ရေးရပြီဆိုပြီး လမ်းတွေပေါ်မှာ ဆေးရွက်ကြီးတွေ လှန်းထားတာတွေ တွေ့ရတယ်။ လွတ်လပ်ရေးဆိုတာ စည်းမဲ့ကမ်းမဲ့လုပ်လို့မရဘူး ...'' ဟူ၍ ပြောကြားခဲ့ဖူးပါသည်။ မှန်ပါသည်။ ဤစကားသည် ကျွန်ုပ်တို့ ယနေ့ ဒီမိုကရေစီစနစ် ကျင့်သုံးနေသည့်အခါသမယတွင် ပို၍ တန်ဖိုးထား လေးစားသင့်သောစကားတစ်ခွန်း ဖြစ်ပေသည်။ လူတိုင်း လူတိုင်းက ဒီမိုကရေစီစနစ်နှင့်အညီ ဥပဒေနှင့်စည်းကမ်းကို လေးစားလိုက်နာကြရမည် ဖြစ်ပါသည်။ လမ်းမပေါ်ထွက်ပြီး ဆေးရွက်ကြီးလှမ်းသည့် အပြုအမူကအစ ရှောင်ကြဉ်သင့်ပြီ ဖြစ်ပါသည်။ အရာရာ ဒီမိုကရေစီကျင့်ဝတ်နှင့်အညီ ကျင့်ကြံနေထိုင်သွားအပ်ပေကြောင်း။ ။

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ
မြန်မာ့အလင်း တွင် ကြော်ငြာပါ။

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် စက်တင်ဘာ ၂၁

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းငွေ (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၀၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၆၇-၄၁၄၇၅၃ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

ကုန်သည်/စက်မှုအသင်းချုပ်နှင့် အိန္ဒိယနိုင်ငံ ကိုယ်စားလှယ်တို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ Confederation of Indian Industry-CII (Western Region) Chairman, Mr. R. Mukudan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီခွဲက အသင်းချုပ်ရုံး၌ တွေ့ဆုံပြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ အိန္ဒိယ စက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာသင်တန်းများ ပူးပေါင်းဖွင့်လှစ်နိုင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးသတ်ယာဉ်အိုကြီးအား လဲပေးစေလို

ထင်သာမြင်သာပြုပြင်စရာ

ပျဉ်းမနားမြို့ ရွာကောက်ရပ်သည် နေပြည်တော် ကောင်စီနယ်မြေအတွင်းပါဝင်ပြီး အိမ်ခြေ ၅၀၀၀ နှင့် လူဦးရေ ၂၃၀၀၀ ကျော်နေထိုင်သည့် မြို့ငယ်တစ်မြို့ကဲ့သို့ ကျယ်ဝန်းကာ လူဦးရေ သိပ်သည်းထူထပ်သော ရပ်ကွက်တစ်ခု ဖြစ်ပါသည်။ အဆိုပါရပ်ကွက်သည် နေပြည်တော်ကောင်စီနယ်မြေ ဖြစ်လာသည့်အလျောက် လမ်းပန်းဆက်သွယ်ရေးတွင် အခြေခံကျသည့် လမ်းတံတားများသည်လည်း မြေသားလမ်းမှ ကျောက်ခင်းလမ်း၊ ကျောက်ခင်းလမ်းမှ အဆင့်မြင့်ကတ္တရာလမ်းများအထိ တိုးတက်၍လာပါသည်။ ထိုနည်းအတူ လူနေမှုအဆင့်မြင့်မားလာသည့်အလျောက် ခေတ်မီအဆောက်အအုံများသည် ပြောင်းလဲတိုးတက်ပြီး အထပ်မြင့်အဆောက်အအုံများ ရပ်ကွက်နယ်မြေများအတွင်း တိုးတက်လာသည်။ အထပ်မြင့်အဆောက်အအုံများနှင့် နေအိမ်များကို မီးဘေး၊ သဘာဝဘေးအန္တရာယ်အပေါင်းမှ ကာကွယ်ပေးရန် လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့အကျိုးဆောင်များ၊ အရန်မီးသတ်တပ်ဖွဲ့များကို ရပ်ကွက်တိုင်းတွင် ဖွဲ့စည်းထားရှိကြသည်။

အရန်မီးသတ်တပ်ဖွဲ့အင်အားသည်လည်း မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ကြိုတင်ကာကွယ်မှုပေးနိုင်သည့်အတွက် ပြည်သူများ အားထားရသည့် အင်အားတစ်ရပ် ဖြစ်သည်။

အဆိုပါ အရန်မီးသတ်တပ်ဖွဲ့တွင် မီးဘေးအန္တရာယ်ကို အရေးပေါ်ကာကွယ်ရန် ထားရှိသော မီးငြိမ်းသတ်ယာဉ်အိုကြီးသည် ယနေ့အချိန်အခါတွင် ခေတ်နှင့်မလျော်ညီတော့ပါသဖြင့် မီးဘေးအန္တရာယ်စိုးရိမ်နေကြရသည်။ ထို့ကြောင့် ပြည်သူများ၊ ရပ်ကွက်သူ ရပ်ကွက်သားများ မီးဘေးအန္တရာယ်မှ သောကကင်းဝေး နေထိုင်နိုင်ရေးအတွက် အချိန်တိုအတွင်း ထိရောက်စွာ မီးဘေးအန္တရာယ်ကို လက်ဦးမှုရယူနိုင်မည့် မီးသတ်ယာဉ်တစ်စီး ဖြည့်ဆည်းပေးပါရန် ထင်သာမြင်သာကဏ္ဍမှ တင်ပြအပ်ပါသည်။

ဇော်မျိုးနိုင်

လျှပ်စစ်ဓာတ်အားအပြည့်ရရှိ၍ ပြည်သူများဝမ်းမြောက်

ကွမ်းခြံကုန်း စက်တင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တောင်ဘက်ပိုင်းရပ်ကွက် တိုးချဲ့(၁)လမ်း၌ ထရန်စဖော်မာ 315 KVA ကို တည်ဆောက်၍ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ကွမ်းခြံကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်စိုး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်ဝင်းမြတ်တို့ ဦးဆောင်မှုဖြင့် စက်တင်ဘာ ၁၄ ရက်က ဓာတ်အားလွှတ်ပေးခဲ့ရာ ယခင်ဗို့အားကျဆင်းမှုကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေရသော သီရိအနောက်၊ သီရိအရှေ့နှင့် တိုးချဲ့လမ်းများ ဗို့အားပြည့်ဝကောင်းမွန်ပြီး ဓာတ်အားအပြည့်အဝ သုံးစွဲရမှုကြောင့် ရပ်ကွက်နေပြည်သူများ အထူးဝမ်းသာလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

တိုင်းရင်းသားအားလုံး နိုင်ငံတစ်ဝန်း အနည်းနဲ့အများ အတူတကွနေထိုင်၊ လူမျိုးတစ်မျိုးတည်း ခြံစည်းရိုးဝင်းခတ်နေထိုင်ခြင်းမရှိ

မြစ်ကြီးနား စက်တင်ဘာ ၂၁

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က နိုင်ငံရေး၊ လူမှုရေး၊ပဋိပက္ခများ၊ ရာသီဥတုဖောက်ပြန်မှုများကြောင့် ဖြစ်ပေါ်လာသည်များကို ကူညီခြင်း၊ စောင့်ရှောက်ခြင်းလုပ်ငန်းများလုပ်ခြင်းအားဖြင့် ဆုံးရှုံးမှုများကုစားနိုင်ရန်၊ ဒုက္ခများဖြေလျော့စေရန်၊ အနာဂတ်မှာ ယခုလို မဖြစ်အောင် သင်ခန်းစာယူနိုင်ရန်၊ ဖွဲ့စည်းထားခြင်းဖြစ်သည့် အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များကူညီစောင့်ရှောက်ရေးကော်မတီအနေဖြင့် လွှတ်တော်နားထားသည့်အချိန်တွင် လုပ်ငန်းတစ်ရပ်အဖြစ် ယခုလို လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကချင်ပြည်နယ်ဟာ အချင်းချင်းပဋိပက္ခတွေကို ရပ်ဖို့သင့်ပြီး လက်နက်ကိုင်လမ်းစဉ်ကို ဒီမိုကရေစီလမ်းစဉ်နဲ့ လဲဖို့သင့်ပြီဖြစ်ကြောင်း၊ တိုင်းရင်းသားတွေအားလုံးဟာ မြန်မာနိုင်ငံတစ်ဝန်းမှာ အနည်းနဲ့အများ အတူတကွနေထိုင်နေကြပြီး လူမျိုးတစ်မျိုးတည်း ခြံစည်းရိုးဝင်းခတ်နေတာမျိုး မရှိကြောင်း၊ အဲဒီအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ အရေးကြီးကြောင်း၊ ပြည်သူများက ငြိမ်းချမ်းရေးကို တကယ်လိုချင်ဖို့သာ လိုကြောင်း၊ ပြင်းပြသောဆန္ဒနဲ့သာ လုပ်မယ်ဆိုရင် မကြာမီသောကာလမှာ ကချင်ပြည်နယ်ဟာ ငြိမ်းချမ်းရေးရဲ့ အရသာကို ခံစားရမှာဖြစ်ကြောင်း၊ နောင် ဒီလိုမဖြစ်အောင် သားစဉ်မြေးဆက် သင်ခန်းစာယူရမှာဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်းငြိမ်းချမ်းရေးလုပ်ငန်းများကို အားကြိုးမာန်တက် အကောင်အထည်ဖော် လုပ်ဆောင်နေကြောင်း၊ ယနေ့မွန်းလွဲ ၁၂ နာရီခွဲက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

တက်ရောက်

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး၊ ဦးဘုန်းဆွေ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်၊ ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ကော်မတီဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့၊ လွှတ်တော်တို့မှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာပြောင်းရွှေ့သူ အိမ်ထောင်စုများအတွက် ငွေကျပ် ၁၂၇၄ ဒသမ ၅၆၅ သိန်းတန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အား ပြည်နယ်ဝန်ကြီးချုပ်ဦးလဂျွန်ငန်ဆိုင်းက ကချင်ရိုးရာဝတ်စုံ ဂုဏ်ပြုဆင်မြန်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဦးသိန်းဇော်နှင့် ဒေါက်တာခင်ရွှေတို့က အမှာစကား ပြောကြားကြပြီး ဒေါက်တာခင်ရွှေက ငွေကျပ်သိန်း ၆၀၀ ကို လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များကူညီစောင့်ရှောက်ရေးကော်မတီဝင် ၁၅ ဦးတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်အစရှိသည့် တိုင်းရင်းသားပေါင်းစုံ ပါဝင်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားအားလုံးက ကချင်ပြည်နယ်ကြီးငြိမ်းချမ်းပါစေဟု ဆန္ဒရှိသည်မှာပေါ်လွင်ကြောင်းဖြင့် ပြောကြားသည်။

ယခု ထောက်ပံ့လှူဒါန်းခဲ့သည့် ငွေကျပ် ၁၂၇၄ ဒသမ ၅၆၅ သိန်းတန်ဖိုးရှိ ဆန်အိတ်၊ ဆေးပစ္စည်းမျိုးစုံ၊ အဝတ်အထည်များ၊ အခြားထောက်ပံ့ပစ္စည်းများနှင့် ငွေကျပ်သိန်း ၆၀၀ ကို ဇေကမ္ဘာကုမ္ပဏီလီမိတက်က လှူဒါန်းခြင်းဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကချင် ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်း ပ သည့် ဒေသခံ ပြည်သူများနှင့် တွေ့ဆုံပွဲ အခမ်း အနားတွင် တက်ရောက်လာသူ များအား ရင်းရင်း နှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

နိုင်ငံ၏စီးပွားရေးမောင်းနှင်အားသည် ပုဂ္ဂလိကကဏ္ဍဖြစ် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အထူးအလေးပေးဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်ရှိ ငွေတောင်ပဲဆီ ကြိတ်ခွဲထုတ်လုပ်ရေးစက်ရုံ၊ မွန်ဆန်စက်နှင့်ဆန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ၊ စိန်၊ ငွေ၊ မြမွေးမြူရေးအစားအစာ ထုတ်လုပ်ရေးစက်ရုံနှင့် အသေးစားနှင့်အလတ်စား စက်မှုကုန်ထုတ်လုပ်ငန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆွေးနွေးမှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီး ကုန်စည်ဒိုင်သို့ သွားရောက်ကြည့်ရှု စစ်ဆေးကာ အလုပ်အမှုဆောင် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ကုန်စည်ဒိုင်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်အတူ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန ရှမ်းပြည်နယ်ဦးစီးမှူးရုံး၌ ရှမ်းပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များ၊ တောင်ကြီး၊ အောင်ပန်း၊ နမ့်စန်ကုန်စည်ဒိုင်များ၊ ပန်းမန်ဇုန်၊ သရက်သီးဇုန်နှင့် အာလူးဇုန်တို့မှ တာဝန်ရှိသူများအား တွေ့ဆုံ၍ နိုင်ငံတော်အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကြောင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနေသည့်အတွက် မြန်မာ့ပို့ကုန်များ ဖွံ့ဖြိုးရန် အလားအလာကောင်းများ ရှိနေကြောင်း၊ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများ အရည်အသွေးနှင့် အရေအတွက် တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ဈေးကွက်ဝေစု ပိုမိုရရှိရေး၊ ဈေးနှုန်းယှဉ်ပြိုင် ရောင်းချနိုင်ရေးတို့ကို အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ သီးနှံဇုန်များမှ တာဝန်ရှိသူများက အလေးထား ဆောင်ရွက်ရမှာ ဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်တွင် နိုင်ငံ၏ စီးပွားရေးမောင်းနှင်အားသည် ပုဂ္ဂလိကကဏ္ဍ ဖြစ်သည့်အတွက် နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂ္ဂလိကကဏ္ဍ၏ စွမ်းဆောင်မှုများ အောင်မြင်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရမှာဖြစ်ကြောင်းနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာ၊ ထုပ်ပိုးမှုနည်းစနစ်၊ သိုလှောင်မှု နည်းစနစ်များ တောင်သူအများ သိရှိအောင် ကွင်းဆင်းအသိပညာပေးမှုများ ဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အသင်းအဖွဲ့များ၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုစွမ်းရည်နှင့် စနစ်တကျဖွဲ့စည်းမှုရှိထားမှသာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များအား လုပ်ငန်းကဏ္ဍအလိုက် Working Group များဖွဲ့စည်းမှုကို ခိုင်မာအောင် ဆောင်ရွက်ရမှာ ဖြစ်ကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် လူသားအရင်းအမြစ်၊ ငွေကြေးအရင်းအမြစ်နှင့် ပစ္စည်းပိုင်း အရင်းအမြစ်များ အဓိကလိုအပ်ချက်ရှိမည်ဖြစ်၍ ပံ့ပိုးကူညီပေးသွားမှာဖြစ်ကြောင်း၊ ကုန်သည် အသင်းအဖွဲ့များသည် အပြန်အလှန်တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်နေမှသာ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကုန်သည်လုပ်ငန်းရှင်များက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုများနှင့် အခက်အခဲများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုန်ကားများ ကုန်တင်ဆောင်ရသည့် စံချိန်စံညွှန်း တစ်ပြေးညီမဖြစ်သေး

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန်မြို့တွင် လှိုင်သာယာစက်မှုဇုန်၊ ရွှေလင်ပန်းစက်မှုဇုန်တို့မှ ပြည်ပသို့ပို့မည့် ကုန်ပစ္စည်းများကို ပေ ၂၀ ကုန်သေတ္တာများဖြင့် ထည့်သွင်း၍ ရန်ကုန်ဆိပ်ကမ်းသို့ ပို့ဆောင်ရာတွင် လှိုင်မြစ်ဖြတ် အောင်ဇေယျကြိုးတံတား၊ ရွှေပြည်သာတံတားများတွင် ယာဉ်+ကုန် ၂၁ တန် တင်ဆောင်ခွင့်ရှိသော ၁၀ ဘီးကုန်ကားများ၊ ယာဉ်+ကုန် ၂၅ တန်တင်ဆောင်ခွင့်ရှိသော ၁၂ ဘီးကားဖြင့်ဆိုလျှင် တံတားအသုံးပြုခအပြင် ဒဏ်ကြေးငွေ ပေးဆောင်ရသော်လည်း ယာဉ်+ကုန် ၅၀ ဒသမ ၅ တန်အထိ တင်ဆောင်ခွင့်ရသော နောက်တွဲပါ ၂၂ ဘီးယာဉ်များဖြင့်ဆိုလျှင် တံတားအသုံးပြုခ ငွေကျပ် ၁၁၀၀၀ သာ ပေးဆောင်ရကြောင်း၊ ထို့အတူ ယာဉ်+ကုန် ၄၆ တန်အထိ တင်ဆောင်ခွင့်ရသော နောက်တွဲပါ ၁၈ ဘီးယာဉ်များကို အသုံးပြုလျှင်လည်း ဒဏ်ကြေးငွေ ပေးဆောင်ရမှုမရှိကြောင်း နောက်တွဲပါ ၂၂ ဘီးကုန်ကားပိုင်ရှင်တစ်ဦးက ဆိုသည်။

၂၀၁၅ ခုနှစ်တွင် စတင်ကျင့်သုံးမည့် အာဆီယံဒေသတွင်းနိုင်ငံအချင်းချင်း လွတ်လပ်စွာကူးသန်းရောင်းဝယ်လာချိန်တွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဖြတ်သန်း သွားလာကြမည်ဖြစ်ရာ အာဆီယံစံချိန်စံညွှန်းသတ်မှတ်ချက်တစ်ရပ်ကို ကုန်တင်ယာဉ်များအပေါ် အသုံးပြုသော ဘီး၊ ဝင်ရိုးအလိုက် ၂၀၁၁ နှစ်လယ် နောက်ပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ စက်တပ်ယာဉ်များသွားလာနေသော လမ်းများ သက်တမ်းစေ့အသုံးပြုနိုင်ရေး၊ လမ်းများပျက်စီးမှု လျော့ပါးရေးတို့အတွက် လမ်းများအပေါ် ကုန်ကားများ၏ သက်ရောက်မှုဝန်အားကို လမ်းဘက်ဆိုင်ရာ ကျွမ်းကျင်သူများ တွက်ချက် သတ်မှတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

နယ်စုံကုန်ပို့သော ခရီးစဉ်များတွင် လမ်းတံတားကြေး၊ ဒဏ်ကြေးငွေ ပေးဆောင်ရမှုသည် ကုန်တင်သူကုန်သည်များနှင့်သက်ဆိုင်ခြင်းမရှိဘဲ ကုန်ကားပိုင်ရှင်မှသာ ပေးဆောင်ရသဖြင့် တန်မပိုရန် အထူးသတိထားတင်ဆောင်လေ့ရှိကြောင်း၊ တန်ပိုသွားသည့်အခါ ဒဏ်ကြေးပေးဆောင်ရမှုမရှိရန် ကတ္တားများမဖြတ်မီကြိုတင်၍ ကုန်တင်ယာဉ်ငယ်ဖြင့် ပိုနေသော ကုန်အချို့ကို လွှဲပြောင်းသယ်ခြင်းဖြင့် ကတ္တားချိန်တွယ်မှုတွင် တန်ပိုခြင်းမရှိအောင် ပြုလုပ်မှုများ ရှိကြောင်း ယာဉ်မောင်းတစ်ဦးက ဆိုသည်။

ရန်ကုန်မြို့တွင်း ဆိပ်ကမ်းမှ ဘုရင့်နောင်ပွဲရုံဝင်းအထိ လမ်းကြောင်းတွင် ရွှေ့လျားကတ္တားငယ်ဖြင့် စစ်ဆေးမှုနည်းပါးသဖြင့် ကုန်ကားများ တန်ပိုတင်ဆောင် သွားလာလျက်ရှိဆဲဖြစ်သော်လည်း လှိုင်မြစ်ဖြတ် အောင်ဇေယျကြိုးတံတား၊ ရွှေပြည်သာတံတားများ ဖြတ်သန်းချိန်တွင် ကတ္တားချိန်တွယ်ရပြီး တံတားအသုံးပြုခအပြင် ဒဏ်ကြေးငွေများပါ ပေးဆောင်ရတတ်ရာ ကုန်တင်သူကုန်သည်များ ကုန်ကျစရိတ် ပိုမိုအကုန်အကျခံရခြင်းဖြစ်ကြောင်း၊ ကုန်ကားပိုင်ရှင်များအနေဖြင့် ဒဏ်ကြေးငွေကို မိမိတို့ပေးဆောင်ရမှုမရှိသဖြင့် အာဆီယံစံချိန်စံညွှန်းအရ ကုန်တင်ဆောင်မှုပြုလာသည့် နှစ်နှစ်နီးပါးအတွင်း ဒဏ်ကြေးငွေပေးဆောင်ရမှုမရှိသည့် နောက်တွဲပါကုန်ကားများ ပြောင်းလဲခြင်းမရှိဘဲ ယခင်သုံးနေကျ ၁၀ ဘီးကားများသုံးနေခြင်းကြောင့် ကုန်သည်များ ငွေကြေးကုန်ကျမှုများနေခြင်းသာဖြစ်ကြောင်း၊ ကုန်ကားများ ကုန်တင်ဆောင်ရသည့် စံချိန်စံညွှန်း တစ်ပြေးညီ မဖြစ်သေးကြောင်း ခြောက်ဘီးယာဉ်ပိုင်ရှင် တစ်ဦးက ဆိုသည်။

အဝေးပြေးကုန်ကားလောကတွင် ယခုအခါ ပြည်ပမှတင်သွင်းလာသောကုန်ကားများကို တန်းပြောင်း၊ လေးပိုး၊ တာယာအရွယ်အစားပြောင်းစသည့် ကုန်ပိုမိုတင်ဆောင်နိုင်ရန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်းမရှိတော့ဘဲ မူရင်းပုံစံအတိုင်း အသုံးပြုလာနေကြောင်း၊ ခရီးစဉ်များတွင် အချိန်မြန်စွာ သွားလာနိုင်ကြောင်း၊ ကုန်ကားများမှ သတ်မှတ်ယာဉ်+ ကုန်တန်ချိန်အတိုင်း လိုက်နာတင်ဆောင်ခြင်း၊ သတ်မှတ်တံတား-လမ်းအသုံးပြုခများ ပေးဆောင်ခြင်းများ ရှိသကဲ့သို့ ကုန်ကားများသွားလာအသုံးပြုသော လမ်းများသည်လည်း နိုင်ငံတကာစံချိန်စံညွှန်းမီစွာ အဆင့်မြှင့်တင်ပေးရန် ကုန်ကားလောကမှ ဆိုနေပါသည်။ **ခင်ဆိုင်**

❍ *ရှေ့ဖုံးမှ*

"ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းလက်အောက်မှာ ကုန်းတွင်းလုပ်ကွက် ၁၈ ကွက်၊ ကမ်းလွန်လုပ်ကွက် ၃၀ တို့မှာ လုပ်ပိုင်ခွင့်အတွက် နိုင်ငံတကာရေနံနဲ့ သဘာဝဓာတ်ငွေ့ကုမ္ပဏီတွေကို တင်ဒါခေါ်ယူထားတဲ့နေရာမှာ ပြည်တွင်းက လုပ်ငန်းရှင်တွေနဲ့ ပူးတွဲဆောင်ရွက်လုပ်ကိုင်ကြရဖို့ စီစဉ်ထားတဲ့အတွက် အခုလို ပြည်တွင်းလုပ်ငန်းရှင်တွေ စိတ်ဝင်စားနေကြတယ်။ လက်ရှိမှာ မှတ်ပုံတင်သူ ၁၅၄ ဦးအထိ ရှိနေတယ်"ဟု သက်ဆိုင်ရာဝန်ကြီးဌာန အသိုင်းအဝိုင်းက သိရှိရသည်။

စွမ်းအင်ဝန်ကြီးဌာနမှ ကုန်းတွင်းလုပ်ကွက်ပေါင်း ၁၈ ကွက်ကို လုပ်ကိုင်ဆောင်ရွက်ရန် နိုင်ငံတကာမှ သတ်မှတ်အရည်အချင်းမီကုမ္ပဏီ ၅၉ ခုကိုလည်း အဆိုပြုလွှာများ ခေါ်ယူထားပြီး စိစစ်အောင်မြင်သည့်ကုမ္ပဏီများအနေဖြင့် ပြည်တွင်းကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရရှိမည်ဖြစ်သည်။

ပြောကြား

"ကျွန်တော်တို့အနေနဲ့ ပြည်ပကုမ္ပဏီတွေနဲ့ တွဲဖက်အလုပ်လုပ်ကိုင်ရမယ်ဆိုရင် အတွေ့အကြုံကောင်းတွေရလာနိုင်ပြီး အခွင့်အလမ်းတွေလည်း ပိုကောင်းလာမှာပါ။ လက်ရှိမှာ ကုမ္ပဏီအများစုကတော့ အကျိုးတူပူးပေါင်းဖို့ ဆန္ဒရှိကြတယ်"ဟု ရွှေတောင်ကုမ္ပဏီအုပ်စုမှ တာဝန်ရှိသူတစ်ဦးက အဆိုပါ ပူးပေါင်းဆောင်ရွက်မှုအနေအထားကို ပြောကြားသည်။

နိုင်ငံတကာသတင်း

ကျွန်းအငြင်းပွားမှု ဂျပန်နိုင်ငံ လက်ခံက ဆွေးနွေးရန် တရုတ်နိုင်ငံ အသင့်ရှိဟုဆို

ပေကျင်း စက်တင်ဘာ ၂၁

တင်းမာမှုများမြင့်တက်လာလျက်ရှိသည့် ပင်လယ်ရေပိုင်နက်အရေးတွင် ဂျပန်နိုင်ငံအနေဖြင့် သဘောထားကွဲလွဲစရာ အငြင်းပွားမှုရှိသည်ဟု လက်ခံပါက တရုတ်အစိုးရ ဘက်က ဆွေးနွေးရန် အဆင်သင့်ရှိ ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ပြောကြားသည်။

အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံကြားဆက်ဆံရေးတွင် အပြန်အလှန်လေးစားမှုအတွက် ဝါရှင်တန်သို့ ဝန်ကြီးဝမ်ယီရောက်ရှိစဉ် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဂျပန်က ဆင်ကာကူကျွန်းဟု ခေါ်ပြီး တရုတ်က ဒိုင်အောယုဟု ခေါ်သည့် အငြင်းပွားကျွန်းစုများကို ၂၀၁၂ စက်တင်ဘာလအတွင်း ဂျပန်တို့က နိုင်ငံပိုင်ပြုခဲ့ရာ တင်းမာမှုများ ဖြစ်ပွားရသည်ဟု ဝမ်က ဂျပန်နိုင်ငံအပေါ် အပြစ်ဆိုသည်။

"ဒီလိုဖြစ်နေပေမယ့်လည်း လက်ရှိအခြေအနေကိုဖြေရှင်းနိုင်မယ့် နည်းလမ်းအတွက် အတူပူးပေါင်းပြီး ဆွေးနွေးဖြေရှင်းဖို့ ကျွန်တော်တို့ အဆင်သင့် စောင့်နေဆဲပါ။ ဒါပေမယ့် ဒီအရေးက ပိုင်နက်အငြင်းပွားမှုတစ်ရပ်ဆိုတာ ဂျပန်နိုင်ငံအနေနဲ့ အရင်ဆုံး ဆင်ခြင်သုံးသပ်ဖို့လိုပါတယ်။ ဒီကျွန်းစုအရေးနဲ့ ပတ်သက်ပြီး သူတင်ကိုယ်တင် အငြင်းပွားဖွယ်ရှိနေတာ တစ်ကမ္ဘာလုံးသိပါတယ်"ဟု ဝမ်က ဖြည့်စွက်ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

ယီမင်စစ်စခန်း စစ်သွေးကြွများ တိုက်ခိုက်

ရှာဘွာ(ယီမင်) စက်တင်ဘာ ၂၁

ယီမင်နိုင်ငံတောင်ပိုင်း စစ်စခန်းတစ်ခုကို သံသယရှိ စစ်သွေးကြွများက တိုက်ခိုက်ခဲ့ရာ အနည်းဆုံးစစ်သား ၃၀ သေဆုံးခဲ့ကြောင်း ယီမင်စစ်ဘက်သတင်းရပ်ကွက်က ပြောကြားသည်။ လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက ရှာဘွာပြည်နယ်ရှိ အဆိုပါစစ်စခန်းကို ကားဗုံးနှစ်လုံးဖြင့် တိုက်ခိုက်ခဲ့ရာ ဒဏ်ရာရသူအများအပြားရှိကြောင်းလည်း စစ်ဘက်တာဝန်ရှိသူများက ပြောသည်။ ယီမင်အစိုးရက အာရေဗျကျွန်းဆွယ်တွင် စစ်တပ်ကို မကြာခဏ ပစ်မှတ်ထား တိုက်ခိုက်နေသော အယ်လ်ခိုင်ဒါများကို တိုက်ခိုက်လျက်ရှိသည်။ **(ဘီဘီစီ)**

ပြင်သစ်သံတမန်အမျိုးသမီးကို အစ္စရေးတပ်ဖွဲ့ဝင်များ ကားထဲမှ အတင်းဆွဲချဆင်းခိုင်းစဉ်။ (ဓာတ်ပုံ-ရိုက်တာ)

အကူအညီပေး သံတမန်များကို အနောက်ဘက်ကမ်းတွင် အစ္စရေးစစ်တပ်က ဟန့်တား

ဂျေရုဆလင် စက်တင်ဘာ ၂၁

အနောက်ဘက်ကမ်း ဒေသသို့ အကူအညီများပေးရေးသွားရောက်ကြသည့် သံတမန်များကို အစ္စရေးစစ်တပ်၏ ကြားဖြတ်တားဆီးခြင်းခံရခြင်းကြောင့် ဒေါသတကြီး ကန့်ကွက်ကာ ရှုန်းရင်းဆန်ခတ် ဖြစ်ပွားသွားကြောင်း ဘီဘီစီသတင်းတွင် စက်တင်ဘာ ၂၁ရက်က ဖော်ပြသည်။

ဘီဒိုရန်အရပ်သို့ သွားရောက်အကူအညီပေးကြမည့် ဥရောပနိုင်ငံများနှင့် ကုလသမဂ္ဂမှ သံတမန်များကို အစ္စရေးစစ်တပ်က ဟန့်တားခြင်းဖြစ်သည်။ ပြင်သစ်သံတမန်တစ်ဦးက ကားထဲမှ အတင်းဆွဲချခံခဲ့ရကြောင်း ဆိုသည်။

တရားရုံးချုပ်အမိန့်ဖြင့် အိမ်များဖြိုချဖျက်ဆီးခံရသော ခါဘတ်အဲလ်မာခေါအရပ်တွင်လည်း ဒုက္ခသည်အကူအညီများပေးထားရကြောင်း သိရသည်။ အစ္စရေးဘက်က ပြောရေးဆိုခွင့်ရှိ သူတစ်ဦးက သံတမန်များက သူတို့၏ အခွင့်ထူးကို အလွဲသုံးစားလုပ်မလုပ် ပြန်လည်သုံးသပ်နေကြောင်း ဆိုသည်။ ခါဘတ်အဲလ်မာခေါအရပ်တွင် အိမ်ရာများ တရားဝင်ခွင့်ပြုမိန့်ဖြင့် ဆောက်ထားခြင်းမရှိဟုဆိုကာ အစ္စရေးတရားရုံးချုပ်အမိန့်ဖြင့် စက်တင်ဘာ ၁၆ ရက်က ဖြိုချဖျက်ဆီးခံရခြင်းဖြစ်သည်။ **(ဘီဘီစီ)**

ဆီးရီးယားပိုင် ဓာတုလက်နက်များစာရင်း နိုင်ငံတကာဓာတုလက်နက်များ စောင့်ကြည့်ရေးအဖွဲ့ စစ်ဆေး

ဒမတ်စကတ် စက်တင်ဘာ ၂၁

ဆီးရီးယားအစိုးရ တင်ပြထားသည့် ၎င်း၏အဆိပ်ဓာတ်ငွေ့များနှင့် အာရုံကြောများ ထိခိုက်ပျက်စီးစေသော ပစ္စည်းများ သိုလှောင်ရာ အသေးစိတ်စာရင်းကို နိုင်ငံတကာဓာတုလက်နက်များ စောင့်ကြည့်ရေးအဖွဲ့က စစ်ဆေးလေ့လာနေပြီ ဖြစ်ကြောင်း ဘီဘီစီ သတင်းတွင် စက်တင်ဘာ ၂၁ ရက်က ဖော်ပြသည်။

သို့သော် ဆီးရီးယားအစိုးရဆီမှ နောက်ဆုံးသတ်မှတ်ရက် စက်တင်ဘာ ၂၁ ရက်ထက်ပိုစောပြီး ပိုမို၍ အသေးစိတ်ကျသော စာရင်းတင်ပြလာမည်ကိုမျှော်လင့်ထားကြောင်း ဓာတုလက်နက်များ တားမြစ်ရေးဆိုင်ရာ အဖွဲ့အစည်း(OPCW) က ပြောကြားသည်။

ဓာတုလက်နက်များ စာရင်းအပြည့်အစုံကို ပေးအပ်သွားမည်ဟု ဆီးရီးယားအစိုးရက ကတိခံပြီးဖြစ်သည်။ ဆီးရီးယားတွင် ဓာတုဓာတ်ငွေ့အဆိပ်အတောက်တန်ချိန် ၁၀၀၀ ဝန်းကျင်ခန့်ရှိမည်ဟုခန့်မှန်းရသည်။ အမေရိကန်-ရုရှားသဘောတူညီမှု စည်းမျဉ်းများအရ ဆီးရီးယားနိုင်ငံ၏ ဓာတုလက်နက်များ သိုလှောင်ရာကို လာမည့်နှစ်လယ်မတိုင်မီ တဖြည်းဖြည်းချင်း ဖျက်ဆီးဖယ်ရှားသွားမည် ဖြစ်သည်။ **(ဘီဘီစီ)**

ဖူကူရှီးမားစက်ရုံအလုပ်သမားများ ကျန်းမာရေးပြဿနာကြုံတွေ့မှုပိုများလာ

ကျိုတို စက်တင်ဘာ ၂၁

ဂျပန်နိုင်ငံရှိ ဆူနာမီကြောင့် ပျက်စီးခဲ့ရသော ဖူကူရှီးမားနျူကလီးယားစက်ရုံနှင့် အနီးပတ်ဝန်းကျင်ရှိ အလုပ်သမားများ၏ ကျန်းမာရေး အခြေအနေဆိုးရွားမှု ပိုများနေပြီး ရာခိုင်နှုန်းအားဖြင့် တိုးလာလျက်ရှိကြောင်း ဂျပန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာနကအလုပ်သမားများ၏ကျန်းမာရေးစစ်ဆေးချက်ရလဒ်ကို အလုပ်သမား အခွင့်အရေးစစ်ဆေးရေးရုံးသို့ ပေးပို့ခဲ့သည်။ ပြီးခဲ့သည့်နှစ်က အဆိုပါဒေသရှိ ရေဒီယိုသတ္တိကြွဆက်စပ်အလုပ်ဌာန၅၄၅ ခုရှိ အလုပ်သမား ၆၇၀၀ တို့၏ ကျန်းမာရေးအခြေအနေကို အထူးစစ်ဆေးမှုပြုလုပ်ပေးခဲ့ပြီးဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန အဆိုအရ အဆိုပါ အလုပ်သမားများအနက် ၂၈၄ ဦးမှာ သွေးတွင်း သွေးဖြူဥအရေအတွက်တိုးပွားသော ရောဂါကဲ့သို့ ကျန်းမာရေးပြဿနာများ ကြုံတွေ့နေရသည်ဟု သိရသည်။

ကျန်းမာရေးပြဿနာကြုံတွေ့နေရသူအချိုးကို တွက်ချက်ရာ နျူကလီးယားစက်ရုံပျက်စီးမှု မဖြစ်ခင် ၂၀၁၀ ခုနှစ် ကာလထက် ၃ ဒသမ ၂၃ ရာခိုင်နှုန်း မြင့်တက်လျက်ရှိသည်ဟု ဆိုသည်။ **(အင်န်အိတ်ချ်ကေ)**

အီရတ်ဗလီဗုံးခွဲမှု ၁၈ဦးသေ၊ ၂၁ဦးဒဏ်ရာရ

ဘဂ္ဂဒက် စက်တင်ဘာ ၂၁

အီရတ်နိုင်ငံ၌ စက်တင်ဘာ ၂၀ ရက်က ဆွန်နီဗလီတစ်ခုဗုံးခွဲတိုက်ခိုက်ခံရသဖြင့် အနည်းဆုံး ၁၈ ဦး သေဆုံးပြီး အခြား ၂၁ ဦးဒဏ်ရာရရှိသွားခဲ့သည်ဟု အီရတ်နိုင်ငံ ရဲတပ်ဖွဲ့ဝင်များက ပြောကြားခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုသည် မြို့တော် ဘဂ္ဂဒက်မှ မြောက်ဘက် ကီလိုမီတာ၁၂၀အကွာ ဆာမာရာမြို့အနီးတွင်ရှိသော ဗလီ၌ လေအေးပေးစနစ်အတွင်းပိုင်းတွင် ဖောက်ခွဲရေးပစ္စည်းနှစ်ခု တပ်ဆင်ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။

ပေါက်ကွဲမှုကြောင့် ဗလီနှင့် အနီးရှိအဆောက်အအုံများ ပျက်စီးသွားပြီး ဒဏ်ရာရသူများကို အနီးရှိ ဆေးရုံသို့ ပို့ခဲ့ရသည်။ **(ဆင်ဟွာ)**

တူရကီရှိ ရဲစခန်းတစ်ခု ဒုံးကျည်သုံးစင်းဖြင့် ပစ်ခတ်ခံရ

အန်ကာရာ စက်တင်ဘာ ၂၁

တူရကီနိုင်ငံ မြို့တော်အန်ကာရာတွင်းရှိ ရဲစခန်းတစ်ခု ဒုံးကျည်သုံးစင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခံရကြောင်း ပြည်ထဲရေးဝန်ကြီး မူအမ်မာဂူလာက ပြောကြားသည်။

ဒစ်မန်းခရိုင်အတွင်းရှိ ရဲစခန်းဝင်းထဲမှ အဆောက်အအုံနှစ်လုံး ဒုံးကျည်ထိမှန်ကြောင်း၊ နောက်ဒုံးကျည်တစ်လုံးမှာ မြေသို့ကျရောက်ပေါက်ကွဲကြောင်း၊ ယင်းတိုက်ခိုက်မှုတွင် ဒဏ်ရာရသူတစ်ဦးမျှ မရှိကြောင်း ရိုက်တာသတင်းတွင် စက်တင်ဘာ ၂၀ ရက်က ဖော်ပြသည်။ **(ရိုက်တာ)**

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်သို့

နိုင်ငံတော်ကို ဝင်ငွေခွန်ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်သစ္စာကို ပြုစုခြင်း၊ ဖျိုးထောင်ခြင်း၊ ကျေးဇူးဆပ်ခြင်းဖြစ်ပေရာ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာန၏ ၂၀၁၂-၂၀၁၃ စည်းကြပ်နှစ်အတွက် နိုင်ငံတော်တစ်ဝန်းလုံးမှ နိုင်ငံတော်သို့ ဝင်ငွေခွန် အများဆုံး ထမ်းဆောင်ကြသော လုပ်ငန်းရှင်ပေါင်း (၅၀၀) ၏အမည်စာရင်းကို ကြေငြာချက် ထုတ်ပြန်ရာတွင် အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်သည် တစ်နိုင်ငံလုံးတွင် နံပါတ်(၁၂)မြောက် စာရင်းဝင်သည့်အပြင် ပုဂ္ဂလိကဘဏ်အပေါင်းတို့တွင်ကား တစ်နိုင်ငံလုံးတွင် နံပါတ်(၃) ဖြစ်ပါသဖြင့် အစစအရာရာ အောင်မြင်အောင် စီမံအုပ်ချုပ်သော ဘဏ်ဥက္ကဋ္ဌကြီး **အဂ္ဂမဟာသီရိသုဓမ္မဇောတဓရ ဒေါက်တာသန်းထွန်း (ကဲ့ကော်ရွှေပြည်)** အမှူးပြုသည့် ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဘဏ်အမှုထမ်း အားလုံးတို့အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း မေတ္တာသတင်းပေးပို့လိုက်ပါသည်။

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ
အစုရှယ်ယာဝင်များ

ပြည်တွင်း၊ ပြည်ပသတင်း

● ကျောဖုံးမှ

စက်တင်ဘာ ၁၉ ရက် ညပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် ဘရူနိုင်းနိုင်ငံ ဥပဒေပြုကောင်စီဥက္ကဋ္ဌ H.E. Mr. Pehin Orang Kaya Laila Setia Bakti Diraja က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ အခြား AIPA အဖွဲ့ဝင်နိုင်ငံမှ လွှတ်တော်ဥက္ကဋ္ဌများနှင့်အတူ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ကျောဖုံးမှ

အာဏာပိုင်မှ ဆိပ်ကမ်းမြေများကို ငှားရမ်းခများဖြင့် ခွင့်ပြုပေးထားပြီဖြစ်သည်။ ယင်းစက်သုံးဆီ ဆိပ်ကမ်းကို ပြည်တွင်းကုမ္ပဏီများက အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။ သီလဝါဆိပ်ကမ်းသို့လောလောဆယ်တွင် ရေယာဉ်အလျား မီတာ ၂၀၀၊ ရေစူးကိုးမီတာနှင့် ကုန်တန်ချိန် ၂၀၀၀၀ ရှိသော သင်္ဘောများဝင်ထွက်နိုင်လျက်ရှိသည်။ ဆိပ်ကမ်းများခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ဗိုလ်အောင်ကျော်တံတားအမှတ်(၃)၊ ဗိုလ်တထောင်အမှတ်(၂) ကုန်းတွင်းကုန်သေတ္တာစခန်း၊ ဗိုလ်တထောင်အမှတ်(၁) ကုန်းတွင်းကုန်သေတ္တာစခန်းများကို ဆောင်ရွက်ခဲ့သည်။

တစ်ဖန် မြန်မာ့စက်မှုဆိပ်ကမ်းတံတား၊ MIPL တံတားများ၊ MITT တံတားများ၊ အလုံဆိပ်ခံတံတား အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃)တို့ ဖြစ်သည့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ပုဂ္ဂလိက ဆိပ်ခံတံတားများကိုလည်း ဆောင်ရွက်ထားလျက်ရှိသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေနက်ဆိပ်ကမ်းသစ်များ ပေါ်ပေါက်လာရေးတို့ကိုလည်း လေ့လာဆန်းစစ်ဆောင်ရွက်လျက်ရှိသည်။

(မြန်မာ့အလင်း)

လျှင်လှုပ်

နေပြည်တော် စက်တင်ဘာ ၂၁

ယနေ့ မွန်းလွဲ ၁၂ နာရီ ၅၂ မိနစ် ၄၆ စက္ကန့်တွင် မန္တလေး မြေငလျင်စခန်းမှ မြောက်ဘက် ၆၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သပိတ်ကျင်းမြို့၏ အနောက်မြောက်ဘက် ၆ မိုင်ခန့်အကွာ) ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

◆ ကျောဖုံးမှ

သီဆိုပေးထားခြင်းဖြစ်သည်။ ယင်းသီချင်းကို တေးဂီတဖန်တီးသူများမှာ မိရာမိုရ်နှင့် မိုးနိုင်(ဂီတမိတ်)တို့ ဖြစ်သည်။

ယင်းသီချင်းကို ရွေးချယ်ရမှုနှင့်ပတ်သက်ပြီး "သီချင်းအပုဒ်ပေါင်း ၃၀၁ ပုဒ်ထဲက ပဏာမ ၃၁ ပုဒ် ရွေးချယ်ခဲ့ပါတယ်။ အဲဒီ ၃၁ ပုဒ်ထဲမှ ဆန်ခါတင် ၁၀ ပုဒ် ရွေးချယ်ခဲ့ကာ တစ်နိုင်ငံလုံး ပြည်သူတွေဆန္ဒနှင့်အညီ အခုလို စိစစ်ရွေးချယ်နိုင်ခဲ့တာဖြစ်ပါတယ်"ဟု တေးသီချင်း စိစစ်ရွေးချယ်ဖန်တီးရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်မိုးအောင်က ပြောကြားသည်။

ယခုရွေးချယ်လိုက်သည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်း Theme Song သီချင်းပါဝင်သည့် တေးအယ်လ်ဘမ်ကို မကြာမီတစ်နိုင်ငံလုံးသို့ အယ်လ်ဘမ်တစ်ချပ်လျှင် ငွေကျပ် ၅၀၀ ဖြင့် ဖြန့်ချိပေးသွားမည်ဖြစ်သည်။

ထို့နောက် တေးသီချင်း စိစစ်ရွေးချယ် ဖန်တီးရေးကော်မတီမှ ဒေါ်Lခွန်းရီ၊ မိရာမိုရ်နှင့် မိုးနိုင် (ဂီတမိတ်)တို့ကလည်း Theme Song ရွေးချယ်ခဲ့မှု အဆင့်ဆင့်နှင့် ဂီတဖြင့် ဖန်တီးခဲ့မှုများကို ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံးဗဟိုဥက္ကဋ္ဌ ဦးတင်ဦးလေးကလည်း တေးသီချင်းရွေးချယ်ခဲ့မှုကို ရှင်းပြခဲ့သည်။

အဆိုပါ Theme Song သီချင်း ရွေးချယ်ပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်ကာ ဆုများချီးမြှင့်ခဲ့သည်။ နှစ်သိမ့်ဆုအဖြစ် "အရှေ့တောင်အာရှ မြန်မာ့အောင်မြေ" သီချင်းရေးသားသူ ကေတုဝင်းထွဋ်၊ "မိုးယံလွင့်ပျံလက်ခုပ်သံ"တေးသီချင်း

တေးရေး လင်းထက်။

ရေးသားသူ ဩရသ၊ "Win the day" သီချင်းရေးသားသူ အောင်နိုင်စန်းနှင့် ရွှေရောင်လက်ခုပ်သံ သီချင်းရေးသားသူ မိုးပြည့်တို့အား နှစ်သိမ့်ဆုများ ပေးအပ်ခဲ့သည်။

(မြန်မာ့အလင်း)

✻ ကျောဖုံးမှ

YUSC ကွင်း၌ နေပြည်တော်နှင့် Best United တို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။

KBZ ကွင်း၌ ကမ္ဘောဇနှင့် GFA တို့ ကစားကြရာ ကမ္ဘောဇက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲ

ကမ္ဘောဇကွင်း

မကွေး - Southern

ပဒုမ္မာကွင်း

ရောဝတီ - မနောမြေ

YUSC ကွင်း

ဇွဲကပင် - ဟံသာဝတီ

ဗထူးကွင်း

ရတနာပုံ - ရခိုင်

အနာဂတ်ကားလောကဆိုတာဘာလဲ

မောင်နွေသစ်

ပြုပြင်ပြောင်းလဲမှုဆိုတာ နေရာတိုင်း၊ အချိန်တိုင်းမှာ ရှိနေတာအမှန်ပါပဲ။ ခေတ်ဆိုတာလည်း ဘယ်တော့မှ ရပ်တန့်မနေတတ်ပါဘူး။ အမြဲတမ်း စီးဆင်းနေတဲ့ ရေလျှင်လိုပါပဲ။ တီထွင်မှုဆန်းသစ်မှုတွေဟာလည်း ရပ်တန့်အိပ်ပျော်နေမယ်လို့ မထင်လိုက်ပါနဲ့။ သူကပိုလို့တောင် လျှင်လျှင်မြန်မြန်နဲ့ စီးဆင်းနေတဲ့ ရေအလျှင်လိုပါပဲ။ အမြဲတမ်းစဉ်းစား၊ အမြဲတမ်းတီထွင်နေရတဲ့အလုပ်ဟာ တီထွင်ဖန်တီးရှင်တွေရဲ့ ပင်မအလုပ်ပင်မဟုတ်ပေလား။

မှန်ပါတယ်။ တစ်ကမ္ဘာလုံး တီထွင်နေကြပါတယ်။ ဒီကမ္ဘာကြီးက တီထွင်မှု အပေါင်းနဲ့ ပြည့်နှက်နေတဲ့ ကမ္ဘာကြီးဆိုလည်း မမှားပါဘူး။ အထူးသဖြင့် နည်းပညာလောကကြီးမှာပါ။ နည်းပညာတစ်လောကလုံးက မအိပ်မနားဘဲ တီထွင်နေသလားမသိဘူး။ ဒီကနေ့ တီထွင်လိုက်တဲ့ အရာတစ်ခုဟာ မနက်ဖြန်မှာ သူ့ရဲ့ပြိုင်ဘက်တွေက ပြိုင်ဖို့အသင့်စောင့်နေတတ်ကြပါတယ်။

ကမ္ဘာကျော် ကားကုမ္ပဏီကြီးတွေက ဈေးကွက်ဝေစုတွေတိုးလာဖို့ ကားတွေကိုအပြိုင်အဆိုင် တီထွင်ထုတ်လုပ်နေကြတာပါ။ ကားတွေကို ကောင်းသထက် ကောင်းအောင် အပြိုင်အဆိုင်ထုတ်လုပ်နေကြတာပါ။ အာရှထုတ်ကားတွေ ပေါတယ်၊ မြန်တယ်၊ ပြီးတော့ဆီစားလည်း သက်သာတယ်။ ဒီဂုဏ်ဒြပ်ကိုတော့ အာရှကားကုမ္ပဏီက အပြတ်အသတ် နေရာယူထားတာပါ။

အနောက် ကားထုတ်ကုမ္ပဏီတွေ ထုတ်တဲ့ ကားတွေက မာတယ်၊ တာရှည်ခံတယ်၊ ဒါပေမယ့် ဆီစားမသက်သာဘူး။ ဒီအားနည်းချက်ကို အလဲထိုးနိုင်တာကတော့ အာရှကားတွေပါပဲ။ ဒီတစ်လှည့်တော့ အနောက်ကားတွေက အရှေ့ကားဈေးကွက်ကို အလဲထိုးသွားနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စကော့တလန်အစိုးရက ၂၀၅၀ ရောက်ရင် မြို့လယ်ကောင်တွေမှာ ဓာတ်ဆီနဲ့ ဒီဇယ်ကားတွေ ပိတ်ပင်သွားတော့မယ်လို့ သတင်းတစ်ရပ်မှာ ဖော်ပြထားပါတယ်။ ယာဉ်မောင်းတွေကို လျှပ်စစ်မော်တော်ကားတွေ ဘယ်လိုမောင်းနှင် အသုံးပြုသွားမယ်ဆိုတာတွေနဲ့ ပတ်သက်ပြီးတော့လည်း သရုပ်ပြသင်တန်းတွေ ပေးနေပြီလို့ စကော့တလန်အစိုးရရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

စကော့တလန်အစိုးရက လာမယ့် နှစ်နှစ်ကျော်အတွင်းမှာ ပေါင် ၁၄ သန်း အကုန်အကျခံပြီး အစိုးရပိုင် ဓာတ်ဆီ၊ ဒီဇယ်ယာဉ်အားလုံး အစိုးရ၊ အဆောက်အအုံတွေရဲ့ အပြင်ဘက်မှာ လျှပ်စစ်ပလပ်ပေါက်တွေသုံးပြီး ဓာတ်အားသွင်းနိုင်အောင် စီစဉ်သွားမယ်လို့ဆိုပါတယ်။

စကော့တလန်နိုင်ငံမှာ လျှပ်စစ်ကားတွေ ပြောင်းလဲသုံးဖို့ ဘယ်လောက်တွန်းအားပေးနေသလဲဆိုရင် ပထမဆုံး လျှပ်စစ်ကားဝယ်မယ်ဆိုရင် ပေါင် ၅၀၀၀၊ ဒါမှမဟုတ် လျှပ်စစ်ဗင်ကားဝယ်မယ်ဆိုရင် ပေါင် ၈၀၀၀ ပေးမယ်လို့ မက်လုံးတွေ ပေးထားတယ်လို့ အစိုးရရဲ့ အစီအစဉ်အရ သိရပါတယ်။ အစိုးရအနေနဲ့ ဒီကားတွေသုံးတဲ့အဓိကရည်ရွယ်ချက်ကတော့ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့တွေ လျှော့ချသွားနိုင်ဖို့ပါပဲ။

ဒီအစီအစဉ်တွေကို ဥရောပနိုင်ငံတွေက စလုပ်မယ့် အနေအထားပါပဲ။ ဒီကနေတစ်ဆင့် အာရှကိုလည်းကူးစက်သွားနိုင်ပါတယ်။

ဒါကြောင့် အနာဂတ်ကားလောကဟာ ဒီဇယ်၊ ဓာတ်ဆီကားတွေ ကွယ်ပျောက်ပြီး လျှပ်စစ်ကားတွေခေတ်ကို ရောက်ရှိလာနိုင်ပါတယ်။ ။

သီရိလင်္ကာလေယာဉ် ရဲကအရေးပေါ်ဆင်းခိုင်း

ကိုလံဘိုမြို့မှ ဟီးသရိုးလေဆိပ်သို့ ဦးတည်ပျံသန်းလာသော သီရိလင်္ကာလေကြောင်းလိုင်းလေယာဉ်ကို လန်ဒန်စတန်းစတက်လေဆိပ်သို့ အရေးပေါ်ဆင်းခိုင်းပြီး လေယာဉ်ကို ဖောက်ခွဲမည်ဟု သံသယရှိသူ အမျိုးသားနှစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း ရဲအဖွဲ့ကပြောသည်။ အဆိုပါ အဲဘတ်စ်လေယာဉ်ကြီးနှင့်အတူ ခရီးသည် ၂၆၇ ဦးနှင့် လေယာဉ်အမှုထမ်း များလိုက်ပါလာခဲ့သည်။

ကျန်ရှိခရီးသည်များကို ဧည့်ခန်းဆောင်တွင်ထားရှိပြီး ဟီးသရိုးလေဆိပ်သို့ လွှဲပြောင်းပို့ဆောင်ပေးမည်ဟု လန်ဒန်ရဲကပြောသည်။ ၎င်းလေယာဉ်သည် သီရိလင်္ကာမှ ပျံသန်းလာရာ စက်တင်ဘာ ၂၀ ရက် ညပိုင်းက စတန်းစတက်လေဆိပ်သို့လေယာဉ်ပေါ်ပါ ရဲအရာရှိများက သံသယရှိသူနှစ်ဦးကို ဖမ်းရန် အတင်းအကျပ် ဆင်းခိုင်းခဲ့သည်။

• •

အကြမ်းဖက်သမားရုံးထုတ်စဉ်ထွက်ပြေးလွတ်မြောက်

အိန္ဒိယမူဂျာဟစ်ဒင်းဟု သံသယရှိ စစ်သွေးကြွအဖွဲ့ဝင်တစ်ဦးတရားရုံးမှ ထွက်ပြေးလွတ်မြောက်သွားပြီး မွမ်ဘိုင်းရဲက အပူတပြင်းလိုက်လံဖမ်းဆီးလျက်ရှိသည်။ အက်ဖ်ဇယ်အူစမာနီအမည်ရှိ အဆိုပါ အကြမ်းဖက်သမားသည် အာမီဒါဘတ်နှင့် ဆူရတ်ဗုံးခွဲတိုက်ခိုက်မှုများတွင် ပါဝင်သည်ဟု စွပ်စွဲခံနေရသူဖြစ်သည်။

၎င်းသည် အခြားသော သံသယရှိသူများနှင့်အတူ တရားရုံးထုတ်စစ်ဆေးရန်ရောက်ရှိလာပြီးနောက် ပျောက်သွားခဲ့ခြင်းဖြစ်ကြောင်း ရဲအဖွဲ့ကပြောသည်။ ၂၀၀၈ ခုနှစ်က အာမီဒါဘတ်၌ ဗုံး ၁၇ လုံးပေါက်ကွဲခဲ့ရာ လူ ၅၀ နီးပါးသေဆုံးခဲ့ရသည်။

• •

တာလီဘန်ခေါင်းဆောင် ပါကစ္စတန်ပြန်လွှတ်

အာဖဂန်တာလီဘန်ဒုတိယအကြီးအကဲဟောင်းမူလာအဗ္ဗဒူလ်ဂါနီ ဘာရာဒါအား စက်တင်ဘာ ၂၁ ရက်တွင် ပါကစ္စတန်အကျဉ်းစခန်းမှ လွှတ်ပေးမည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

၎င်းကို လွှတ်ပေးခြင်းမှာ အာဖဂန်အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အထောက်အပံ့ဖြစ်စေရန်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောသည်။ မူလာဘာရာဒါသည် ၁၉၉၄ ခုနှစ်က အာဖဂန်တာလီဘန်လှုပ်ရှားမှုကို ထူထောင်ခဲ့သူလေးဦးအနက်မှ တစ်ဦးဖြစ်သည်။ ၎င်းကို ၂၀၁၀ ခုနှစ်က ကရာချိ၌ ပါကစ္စတန်ရဲက ဖမ်းဆီးလိုက်သည်။

မြင့်မောင်စိုး-စုစည်းသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ရေးတော့အမှန် ဖတ်တော့အသံ(၂)

မောင်ခင်မင် (ဓနုဖြူ)

“ဩော်. . . သားတို့သမီးတို့ပါလား။ လာကြ၊ လာကြ။ ဟိုအပတ်က ပြောခဲ့ကြတဲ့ ‘ရေးတော့အမှန် ဖတ်တော့အသံ’ စကားဝိုင်းဆက်ဖို့လာကြတာထင်တယ်”

“ဟုတ်ပါတယ်ဆရာ။ ဆရာ ဆက်ပြီးရှင်းပြတာတွေကို မှတ်သားပါရစေဆရာ”

“အသံနှစ်သံကို တစ်ဆက်တည်းပြောရင် နောက်က အသံပျော့တွေက အသံပြင်းကိုပြောင်းတဲ့အကြောင်း အရင်အပတ်ကပြောပြီးပြီနော်”

“ဟုတ်ပါတယ်ဆရာ။ ‘က’နဲ့‘ခ’က‘ဂ’ကို ပြောင်းတဲ့စနစ်ကစပြီး ဆရာရှင်းပြတာ သားတို့နားလည်ပါပြီ”

“အေး. . . ဟုတ်တယ်။ ‘က’နဲ့ ‘ခ’ ကအသံပျော့တွေ ပြောင်းသွားတဲ့ ‘ဂ’က အသံပြင်းပေါ့။ ကျန်တဲ့အသံတွေလည်း အဲဒီလိုပဲ၊ မပြောင်းခင် မူလအသံတွေက အသံပျော့တွေ၊ ပြောင်းသွားတဲ့အသံတွေက အသံပြင်းတွေလို့ နားလည်ရမှာပေါ့ကွယ်။ အဲ. . . စာပေအသုံးမှာတော့ အသံပျော့ကို ‘အဃောသ’၊ အသံပြင်းကို ‘ဃောသ’လို့ ခေါ်တာပေါ့”

“မှတ်ထားပါ့မယ်ဆရာ”

“သားတို့သမီးတို့ သတိထားမိမလားမသိဘူး။ ဆရာပြောခဲ့တဲ့အသံတွေထဲမှာ မပါတဲ့ ဗျည်းသံတွေ ကျန်နေသေးတယ်လေ”

“ဟုတ်ကဲ့ဆရာ။ ဆရာပြောတဲ့အထဲမှာ ‘င’ တို့ ‘ည’တို့ မပါတာ သတိထားလိုက်မိပါတယ်”

“ဟုတ်တာပေါ့။ ဆရာပြောတဲ့အထဲမှာ ထည့်မပြောတဲ့ ဗျည်းသံတွေက ‘င၊ည၊န၊မ၊ယ၊ရ၊လ၊ဝ၊ဟ’ ဆိုတဲ့အသံတွေပဲ။ ထည့်မပြောတာက အဲဒီအသံတွေဟာ ဘယ်သံနဲ့တွဲတွဲ အသံမပြောင်းလို့ပဲကွဲ့”

“ဟုတ်ကဲ့ဆရာ။ သာဓကလေးသိပါရစေ”

“ဆိုပါစို့ကွယ်။ ‘လူငယ်’ဆိုတဲ့စကားလုံးမှာ နောက်က ‘ငယ်’ကအသံမပြောင်းဘူးမဟုတ်လား။ အဲဒီလိုပဲ၊ ‘ဆောင်းည၊ ကမ်းနား၊ နယ်မြေ’ ဆိုတဲ့ စကားလုံးတွေမှာလည်း နောက်က ‘ည၊ နား၊ မြေ’ ဆိုတဲ့စကားလုံးတွေ အသံမပြောင်းဘူးနော်၊ မပြောင်းတဲ့အကြောင်းက ပြောင်းတဲ့အသံတွေလို အသံပျော့နဲ့ အသံပြင်းဆိုပြီး အတွဲအဖက်မရှိလို့ပဲကွဲ့”

“မှတ်ထားပြီးပါပြီဆရာ”

“ဒီတော့ ‘ပါးပါးလေး’က ‘ပါးဗားလေး’လို အသံပြောင်းတာက‘ပ’ နဲ့ ‘ဗ’ ဟာ အသံပျော့နဲ့ အသံပြင်းအတွဲမို့ ပြောင်းတာဖြစ်ပေမယ့် ‘မြန်မြန်’တို့ ‘ရဲရဲ’ တို့ကျတော့ အသံမပြောင်းဘူးမဟုတ်လား။ ‘မ’ နဲ့ ‘ရ’က အသံပျော့ အသံပြင်း ဆိုတဲ့ နှစ်လုံးတွဲမျိုးမရှိတဲ့အသံတွေလေ”

“ရှင်းပါပြီဆရာ”

“ဆရာတို့မြန်မာစကားမှာ ‘ပါးပါးလေး’ကို အသံတူတွေထပ်သုံးတဲ့စကားလုံးတွေတော်တော်များတယ်။ အဲဒီစကားလုံးတွေကို အသံပြောင်းတဲ့စနစ်နဲ့ ကြည့်ကြည့်ရအောင်”

“ဟုတ်ကဲ့ဆရာ”

“ ‘ထူးထူးဆန်းဆန်း’ကို ဘယ်လိုအသံထွက်သလဲ။ ‘ထူးဒူးဆန်းဇန်း’ လို့ ထွက်တယ်မဟုတ်လား။ ‘ထူး’ရော‘ဆန်း’ရော အသံပြောင်းတတ်တဲ့ အသံပျော့တွေလေ။ ဒါကြောင့် ‘ဒူး’ ‘ဇန်း’ဆိုတဲ့ အသံပြင်းတွေအဖြစ် ပြောင်းသွားတာတွေ့တယ် မဟုတ်လား” “တွေ့ပါတယ်ဆရာ” “ကဲ ‘ချစ်ချစ်ခင်ခင်’ကို ‘ချစ်ချစ်ခင်ဂင်’လို့ အသံထွက်တယ်လေ။‘ချစ်’မှာပါတဲ့ ‘ခ’က အသံပြောင်းတတ်တဲ့အသံပျော့ဖြစ်ပေမယ့် နောက်က ‘စသတ်’ ပါနေလို့ အသံမပြောင်းဘူး။ ‘ခင်ခင်’ကျတော့ နောက်က ကသတ်၊ စသတ်၊ တသတ်၊ ပသတ်မဟုတ်တော့ ‘ခင်ဂင်’လို့ အသံပြောင်းသွားတာပေါ့။ အရင်အပတ်က ပြောတဲ့စနစ်အတိုင်းလေ”

“နားလည်ပါပြီ ဆရာ”

“ပြောဦးမယ်။ ‘ဆူဆူညံညံ’ ကျတော့ ရှေ့က ‘ဆူ’က အသံပျော့လို့ ‘ဆူဇူ’ လို့ ပြောင်းပေမယ့်နောက်က ‘ညံညံ’ကျတော့ ‘ည’ က အသံမပြောင်းတတ်တဲ့ အသံမို့မပြောင်းဘူး။ အဲ‘လေးလေးနက်နက်’ဆိုတဲ့ စကားလုံးကိုကြည့်။ ‘လေး’ရော‘နက်’ ရော ‘လ’နဲ့ ‘န’ ကအသံမပြောင်းတတ်တဲ့ အသံမို့မပြောင်းဘူးပေါ့ကွယ်။ သားတို့သမီးတို့ ဒီချစ်ကို ပိုပြီးမြင်သာအောင်ပြောပြတာပါ”

“တော်တော်စနစ်ကျတာပဲနော်ဆရာ”

“နောက်စနစ်တစ်ခုပြောမှာက အသံနှစ်သံကို တစ်ဆက်တည်းပြောရင် ရှေ့မှာရှိတဲ့ အသံဟာအသံရှည်ကနေပြီးအသံတိုကို ပြောင်းလေ့ရှိတယ်ဆိုတဲ့ စနစ်ပဲ”

“ဒီစနစ်က နောက်က အသံပြောင်းတာမဟုတ်ဘဲ ရှေ့က အသံပြောင်းတာပေါ့နော်” “ဟုတ်တယ်။ ပြောရဆိုရလွယ်အောင် ရှေ့ကအသံရှည်ကို ချုံ့လိုက်တဲ့ စနစ်ပါပဲ။ ကဲ. . . အခြောက်လှန်းထားတဲ့ ငါးကို‘ငါးခြောက်’လို့ ရေးပေမယ့်အသံထွက်တော့ ဘယ်လိုထွက်သလဲ”

“ ‘ငခြောက်’လို့ ထွက်ပါတယ်ဆရာ”

“ဟုတ်တယ်။ ရှေ့က ‘ငါး’ဆိုတဲ့ အသံရှည်ကို ‘င’ လို့ အသံချုံ့လိုက်တာလေ။ ‘င’လို့ တောင်အသံအပြည့်မထွက်ဘူး။ ‘ငရဲ’ မှာပါတဲ့ ‘င’ ငသံလို အသံတစ်ဝက်ပဲ ထွက်ရတယ်လေ။ အသံတိုသွားတာပေါ့” ဒီလိုပဲ၊ ‘နွားမ’ကို ‘နမ’၊ သူခိုးကို ‘သခိုး’၊ ‘ပါးစပ်’ကို ‘ဗဇပ်’၊ ‘ခါးမ’ကို ‘ခမ’၊ ‘ဖိနပ်’ ကို ‘ဖနပ်’၊ ‘ဆံပင်’ကို ‘ဇဗင်’၊ ‘ထမ်းပိုး’ကို ‘ဒပိုး’၊ ‘တစ်ခု’ကို ‘တခု’ ဆိုပြီး ရှေ့က သရသံရှည်တွေကို အသံတစ်ဝက်ပဲ ထွက်ရတယ်လေ။ သားတို့သမီးတို့ လိုက်မှတ်ထားတယ်မဟုတ်လား”

“လိုက်မှတ်ထားပါတယ် ဆရာ”

“ဒီနေရာမှာ အလျဉ်းသင့်လို့ ပြောချင်တာတစ်ခုရှိတယ်။ ဆရာတို့မြို့ရွာဒေသနာမည်တော်တော်များများကို အဲဒီလိုအသံချုံ့ပြီး အစဉ်အဆက်ခေါ်ခဲ့ကြလို့ ရေးတဲ့အခါမှာ စာလုံးပေါင်းအမှန်အတိုင်းရေးရပေမယ့် ဖတ်တော့အသံချုံ့ပြီး ဖတ်လေ့ရှိကြတယ်။‘ရေးတော့အမှန် ဖတ်တော့အသံ’ပေါ့။ ပြောရင်ဆိုရင်လည်း အဲဒီချုံ့ထားတဲ့အသံအတိုင်းပဲ ပြောတယ်။‘ပဲခူး’လို့ရေးပေမယ့် ‘ဗဂိုး’လို့ပြောတယ် မဟုတ်လား။ အဲဒီလိုပဲ၊ ‘ပုသိမ်’ကို ‘ပသိမ်’၊ ‘ထားဝယ်’ကို ‘ဒဝယ်’၊‘စစ်ကိုင်း’ကို ‘ဇဂိုင်း’၊ ‘ဒိပဲယင်း’ကို ‘ဒဗယင်း’၊ ‘ဟင်္သာတ’ကို ‘ဟင်းသဒ’၊ ‘မတ္တရာ’ကို ‘မဒယာ’စသည်ဖြင့် အသံချုံ့ခေါ်တာတွေ အများကြီးပါပဲ။ ခုပြောခဲ့တဲ့ အသံပြောင်းစနစ်နဲ့အညီ ခေါ်တဲ့နာမည်တွေပါပဲ”

“သမီးတို့ အရင်က မစဉ်းစားမိပါဘူးဆရာ။ ခုဆရာပြောမှ သတိထားမိပါတယ်”

“အဲ. . . တစ်ခုမှတ်ထားဖို့က ဘာသာခြားစကားလုံးတွေကို မွေးစားယူထားတဲ့ စကားလုံးတွေကိုတော့ ခုပြောခဲ့တဲ့ စနစ်တွေနဲ့ ကိုက်ညီတယ်ဆိုရင်တောင် အသံမပြောင်းဘဲ မူလအသံအတိုင်းပဲ ခေါ်ကြတယ်ဆိုတဲ့အချက်ပဲ”။

“ဘယ်လိုစကားလုံးမျိုးတွေပါလဲ ဆရာ”

“အင်္ဂလိပ်စကားကယူပြီး မွေးစားထားတဲ့ ‘ပါတီ၊ ကာတွန်း၊ ကောင်စီ၊ ကော်မတီ၊ ကော်ဖီ၊တယ်လီဖုန်း’ဆိုတဲ့စကားလုံးတွေကို ကြည့်လေ။ အဲဒီစကားလုံးမှာပါတဲ့ အသံတွေကို တစ်ဆက်တည်းပြောတာပဲ မဟုတ်လား။ အသံပြောင်းတဲ့စနစ်အတိုင်းဆိုရင် နောက်ကအသံပျော့တွေက အသံပြင်းကိုပြောင်းရမှာပေါ့။ပြောင်းရင်‘ပါတီ’ကို ‘ပါဒီ’လို့အသံထွက်ရမှာပေါ့။ အဲဒီလိုပဲ ‘ကာဒွန်း၊ ကောင်ဇီ၊ ကော်ဗီ၊ တယ်လီဗုန်း’ဆိုပြီး နောက်က အသံတွေပြောင်းရမှာပေါ့။ဒါပေမယ့် အသံမပြောင်းဘဲ အစဉ်အဆက်ပြောကြတယ်လေ။ ဒါကြောင့် မွေးစားစကားလုံးတွေကိုတော့ခြွင်းချက်အဖြစ် မှတ်ထားရမှာပေါ့ကွယ်”

“ဟုတ်ကဲ့ဆရာ။ ဒါထက် ဆရာပြောပြသွားတဲ့ အသံပြောင်းစနစ်မှာ အသံနှစ်သံကို တစ်ဆက်တည်းပြောရင် ခုလိုအသံတွေ ပြောင်းတယ်ဆိုတော့ တစ်ဆက်တည်းမပြောဘဲ အသံပိုင်းပြီးပြောရင်အသံမပြောင်းဘူးလို့ ဆိုလိုတာပါလားဆရာ”

“မှန်တာပေါ့ကွယ်။ တော်တယ်ဟေ့။ အသံပိုင်းခြားပြီးပြောရင် အသံမပြောင်းတဲ့အကြောင်း နောက်တစ်ကြိမ်ပြောပြီး အဆုံးသတ်ကြရအောင်နော်”

> ❑ “အဲ...တစ်ခုမှတ်ထားဖို့က ဘာသာခြားစကားလုံးတွေကို မွေးစားယူထားတဲ့ စကားလုံးတွေကိုတော့ ခုပြောခဲ့တဲ့ စနစ်တွေနဲ့ ကိုက်ညီတယ်ဆိုရင်တောင် အသံမပြောင်းဘဲ မူလအသံအတိုင်းပဲ ခေါ်ကြတယ်ဆိုတဲ့အချက်ပဲ”။

တောင်ငူမြို့နယ်တွင် ငါးမျိုးစိုက်ထည့်

တောင်ငူ စက်တင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် မိုးကောင်းကျေးရွာအုပ်စု ကရင်ချောင်းကျေးရွာ ကရင်ချောင်းတံတားတွင် စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီက ကရင်ချောင်းနှင့် သဘာဝရေပြင် ရေရိုးချောင်းမြောင်း အင်းအိုင်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပရာ တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်း၊ တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးဝင်းတင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး အထောက်အကူပြုကော်မတီဝင်များ၊ တာဝန်ရှိသူများက နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ တစ်သိန်း စိုက်ထည့်ခဲ့ကြောင်း သိရသည်။

သူရ(တောင်ငူ)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

မြဝတီ စက်တင်ဘာ ၂၁

မြဝတီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနနှင့် NRC (NORWEGIAN REFUGEE COUNCIL) အဖွဲ့တို့ပူးပေါင်းပြီး ကရင်ပြည်နယ် မြဝတီမြို့ ထီးဝါးပလောကျေးရွာတွင် ဒေသခံတိုင်းရင်းသားများ နိုင်ငံသားစိစစ်ရေးကတ်ရရှိရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား စုစုပေါင်း ကတ်၄၈၀ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါကွင်းဆင်းဆောင်ရွက်ပေးနေမှုကို စက်တင်ဘာ ၁၈ ရက်က မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုန်နှင့်အဖွဲ့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)** **ထိန်လင်းအောင်**

ယာဉ်မောင်းများ သတိထားရှောင်ကြရမည့် ကလေးသူငယ်များနှင့် အမျိုးသမီးများအပြင်

မြန်မာနိုင်ငံတွင် လူဦးရေတိုးတက်လာမှုနှင့်အတူ သွားလာစီးနင်းရန်အတွက် ကား၊ ဆိုင်ကယ် စသည့်ယာဉ်များ အလွန်များပြားလာရာ နေ့စဉ်နှင့်အမျှ ယာဉ်မတော်တဆမှုများလည်း ဖြစ်ပွားနေသည်။ ထိုကဲ့သို့ ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် ယာဉ်မောင်းများ၏ ပေါ့ဆမှုကြောင့်ဖြစ်တတ်သလို လမ်းပေါ်ရှိ ရုတ်တရက်ဖြစ်ပေါ်တတ်သော အခြေအနေများကြောင့်လည်း ဖြစ်တတ်ကြောင်း သိရသည်။ ယာဉ်မောင်းသူတို့သည် မြို့တွင်းလမ်းနှင့်အဝေးပြေးလမ်းများပေါ်တွင် မောင်းနှင်ကြရာတွင် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ ခွေးနှင့်နွားကို လမ်းပေါ်နှင့် လမ်းဘေး ဝဲ၊ ယာတို့တွင် တွေ့မြင်ရပါက ယာဉ်ကို အရှိန်လျှော့ပြီး အထူးသတိထားမောင်းနှင်ရန် လိုအပ်ကြောင်း သိရသည်။

အဝေးပြေးလမ်းတွင် မောင်းနှင်နေသော ယာဉ်မောင်းတစ်ဦးက “လမ်းပေါ်မှာ တိရစ္ဆာန်တွေ ဖြတ်သန်းသွားလာတတ်ကြတယ်။ ခွေးနဲ့နွားက များတယ်။ ကိုယ်ကအရှိန်နဲ့မောင်းလာသူတို့ကလမ်းဘေးမှာရှိနေရာက ရုတ်တရက်ဖြတ်ကူးတယ်။ ရုတ်တရက်ဆိုတော့ ဘရိတ်ဆောင့်အုပ်မိမယ်၊ ဆွဲကွေ့ရှောင်လိုက်မယ်ဆိုရင် တိမ်းမှောက်မှုဖြစ်နိုင်တယ်၊ ခွေးတွေက ပိုဆိုးတယ်။ ဟွန်းတီးတယ် မဖယ်ဘူး။ လမ်းပေါ်မှာ ရပ်နေတယ်။ ခွေးက ရှေ့ပြေးမလား၊ နောက်ပြန်ပြေးမလား ခန့်မှန်းရခက်တယ်။ အရှိန်နဲ့ မောင်းလာတဲ့ ဆိုင်ကယ်တွေဆို ခွေးကြောင့် တိမ်းမှောက်မှုဖြစ်တာတွေ အများကြီးပဲ။ အမျိုးသမီးတွေ၊ ကလေးတွေကလည်း လမ်းကူးရင်နောက်မကြည့်ဘဲကူးတယ်။ လမ်းကြားတွေထဲကနေ အမျိုးသမီးတွေ ဆိုင်ကယ်စီးပြီး လမ်းပေါ်တက်ရင် နောက်မကြည့်ဘဲ တက်တယ်။ ယာဉ်မောင်းတွေအနေနဲ့ လမ်းကို ကြိုကြည့်ထားပြီး ကလေး၊ အမျိုးသမီး၊ ခွေးနှင့်နွားတွေကိုမြင်ရင် အရှိန်ထိန်းပြီး သတိနဲ့မောင်းသင့်တယ်”ဟု ပြောသည်။ **ဝသန်ထွန်း(မကွေး)**

ဆီးချို၊ သွေးချိုရောဂါရှင်များအသင်းဝင်ရန် စိတ်ဝင်စားနေ

ရန်ကုန် စက်တင်ဘာ ၂၁

မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါရှင်များအသင်း ဖွဲ့စည်းနိုင်ခြင်းကြောင့် ဆီးချို၊ သွေးချိုရောဂါရှင်များကုသနည်းသစ်များနှင့် ထိတွေ့ရခြင်း၊ အချင်းချင်းအပြန်အလှန် အကျိုးကျေးဇူးများရရှိလာရကြောင်း အဆိုပါအသင်းဝင်များထံမှ သိရှိရသည်။

အဆိုပါ ဆီးချိုသွေးချိုရောဂါရှင်များအသင်းကို ဖေဖော်ဝါရီလအတွင်းက စတင်ဖွဲ့စည်းခဲ့ပြီး ဩဂုတ်လအတွင်း ပထမအကြိမ် အစည်းအဝေးပြုလုပ်ခဲ့ကာ ဆရာဝန်များ၊ ရောဂါဝေဒနာရှင်များ စုပေါင်းတက်ရောက်ခဲ့ပြီးနောက်ပိုင်း အသင်းဝင်များ ပိုမိုများပြားလာခဲ့သည်။

မြန်မာနိုင်ငံ၌ သွေးချို၊ ဆီးချိုရောဂါဖြစ်ပွားမှုနှုန်း များပြားခြင်းကြောင့် ယခုကဲ့သို့ ရောဂါဝေဒနာရှင်အချင်းချင်းတွေ့ဆုံ၍ ရောဂါလက္ခဏာအကြောင်း၊ ကုသနည်းလမ်းများနှင့် ရောဂါခံစားရမှုကွဲပြားပုံ၊ အန္တရာယ်ရှိအခြေအနေများ တွန်းလှန်ပုံများကို ပြန်လည် Sharing လုပ်နိုင်သည့်အတွက် အဆင်ပြေစေကြောင်း ဒေါက်တာမေမွန်သူ (အထွေထွေရောဂါကုဆရာဝန်ကြီး)က ပြောကြားသည်။

“အသင်းဝင်တွေဆီကို ဆီးချိုရောဂါနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေ ဖြန့်ဝေပေးမယ်။ ရှောင်ကြဉ်ရမယ့်အရာတွေ၊ နောက်ဆက်တွဲရောဂါတွေအကြောင်း သက်ဆိုင်ရာဆရာဝန်ကြီးတွေရဲ့ လမ်းညွှန်ချက်များကို ဝေငှပေးမှာ ဖြစ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးက ဆီးချို၊ သွေးချိုဝေဒနာရှင်တွေကို ဖိတ်ခေါ်ပါတယ်။ အသံတိတ်လူသတ်သမားလို့သတ်မှတ်ကြတဲ့ ဆီးချိုရောဂါကို ကျွန်တော်တို့စုပေါင်းပြီး ကာကွယ်တားဆီးကြရမယ်” ဟု အထွေထွေရောဂါကုတွဲဖက်ပါမောက္ခ ဆရာဝန်ကြီး ဒေါက်တာဦးကိုကိုက ပြောကြားသည်။

ထို့အပြင် ဆီးချိုရောဂါနှင့် ပတ်သက်သည့် ဝက်ဘ်ဆိုက်တစ်ခုထားရှိမည်ဖြစ်ကာ နေရာဒေသအသီးသီးမှ အသင်းဝင်များအနေနှင့် နေ့အလိုက်တာဝန်ယူရှင်းပြပေးမည့် ဆီးချို၊ သွေးချို အထူးကုဆရာဝန်များက ဖေ့စ်ဘွတ်ခ်ကဲ့သို့ လူမှုကွန်ရက်များအတွင်းက ပြောကြားပေးနိုင်ရန်စီစဉ်လျက်ရှိသည်။“လာမယ့် နိုဝင်ဘာ ၁၄ ရက်က ကမ္ဘာ့ဆီးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ ဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းက ဦးဆောင်ပြီး မြန်မာနိုင်ငံ ဆီးချို သွေးချို ကာကွယ်ရေးအသင်းနဲ့တွဲလို့ ဆောင်ရွက်မယ်” ဟု အဆိုပါအသင်း၏ အတွင်းရေးမှူးက ပြောကြားသည်။

မြန်မာနိုင်ငံ ဆီးချို၊ သွေးချိုရောဂါရှင်များအသင်းကို ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန် စတင်စီစဉ်နေပြီး အသင်းဝင်ကြေးအဖြစ် ငွေကျပ်၅၀၀၀ သတ်မှတ်ကာ မီဒီယာများသို့ မကြာမီ အသိပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ “အသင်းဝင်တွေထဲမှာ လူတန်းစားပေါင်းစုံ ပါဝင်နိုင်အောင် စီစဉ်ထားတယ်။ လက်ရှိမှာတော့ ကျန်းမာရေးလောကအတွင်းက ဝေဒနာရှင်တွေ၊ အနုပညာရှင်တွေနဲ့ ရန်ကုန်မြို့တွင်းက အဖွဲ့ဝင်တွေ ပိုများတယ်။ နောက်ပိုင်းမှာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ တိုးချဲ့သွားမယ်”ဟု အဆိုပါအသင်း အတွင်းရေးမှူးက ပြောကြားသည်။ **ခင်လေးမြင့်အောင်**

ပြည်တွင်းသတင်း

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်စေရေး လမ်းတံတားများ အမြန်ဆုံးပြုပြင်

နေပြည်တော် စက်တင်ဘာ ၂၁

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလမ်းဖြစ်သော သစ်ကြိမ်း-ထုံးဘိုကြီး အမှတ်(၂) ခရိုင်ချင်းဆက်လမ်းသည် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့ ဆက်စပ်နေသည့် လမ်းဖြစ်သည့်အပြင် ဒေသအတွင်း နေထိုင်ကြသည့် ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝ တိုးတက်လာစေရန် ရာသီသီးနှံစိုက်ပျိုးထွက်ရှိချိန်အမီ လမ်းအားပြုပြင်ရန် အထူးရန်ပုံငွေတောင်းခံ၍ လမ်းတံတားများ အမြန်ဆုံးဆောင်ရွက်သွားရန် လိုအပ်ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ယမန်နေ့ညနေ ၅ နာရီတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် နဂျပ်ကျေးရွာ၌ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ဆက်လက်၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ခရိုင်ချင်းဆက်လမ်း ပတ်ဝန်းကျင်ရှိ ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်များဖြစ်သည့် ကျေးလက်မီးရရှိရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းများအပြင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးကို အမှန်တကယ်လက်တွေ့ အကျိုးပြုနိုင်သောလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကျေးရွာသူ/ကျေးရွာသားများအနေဖြင့် အဓိကအားထားနေရသည့် ခရိုင်ချင်းဆက်လမ်း၏ လမ်းတံတားများ သတ်မှတ်ထားသည့် အချိန်ကာလတစ်ခုအတွင်း ပျက်စီးမှုမရှိစေရေးအတွက် လမ်းဘေးရေမြောင်းများ တူးဖော်ရေး၊ ခွင့်ပြုထားသည့် တန်ချိန်သာ တင်ဆောင်ရေးတို့ကို ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း၊ ထို့ပြင် ခရိုင်ချင်းဆက်လမ်းပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ မြေသားလမ်းများ ဖောက်လုပ်ပေးခြင်း၊ ကျောက်ခင်းလမ်းအဆင့် တိုးမြှင့်ဖောက်လုပ်ပေးခြင်းများကို အချိန်ကာလသတ်မှတ်ချက်နှင့်အညီ ဖောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ကျောင်းနေအရွယ် ကလေးများအား နွားနို့တိုက်ကျွေးနိုင်ရေး စီမံချက်အတွက် စာသင်ကျောင်းတစ်ကျောင်းလျှင် နို့စားနွားငါးကောင် မွေးမြူနိုင်ရန် ဆောင်ရွက်ပေးရေး၊ မျိုးကောင်းမျိုးသန့် ကြက်၊ ဝက်၊ ဘဲများ ဖြန့်ဖြူးပေးရေးနှင့် ဒေသတွင်း ငါးစားသုံးမှု ဖူလုံစေရေးအတွက် ငါးမွေးမြူရေး ဆောင်ရွက်ပေးရေး အစီအမံများကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် သစ်ကြိမ်း-ထုံးဘိုကြီး ခရိုင်ချင်းဆက်လမ်းပေါ်ရှိ နေပြည်တော်-လယ်ဝေးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၊ တောင်ငူမြို့နယ်တို့မှ ကျေးရွာများနှင့် ကရင်ပြည်နယ်၊ တောင်ငူ-လိပ်သို-ယာဒို- လွိုင်ကော် လမ်းပေါ်ရှိ လိပ်သိုမြို့နယ်ခွဲ အထက်တန်းကျောင်း၊ အလယ်ချောင် (အထက်) မူလတန်းလွန်ကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနများ၌ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီများ၊ ကျေးလက်နေပြည်သူများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်မီးရရှိရေး၊ သန့်ရှင်းသောသောက်သုံးရေ ရရှိရေး၊ ကျန်းမာရေး၊ ပညာရေးလိုအပ်ချက်များအား ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

၂၀၁၃ ခုနှစ် ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့

World School Milk Day

၂၅-၉-၂၀၁၃ ရက်နေ့

ကျန်းမာဖွံ့ဖြိုး ဉာဏ်ရည်တိုးဖို့ နွားနို့နေ့စဉ် သောက်သုံးစို့

ဆီးဂိမ်း၌ မြန်မာ့ "မွေ" အားကစားသမားများ အောင်နိုင်ရေးဆီသို့

ရန်ကုန် စက်တင်ဘာ ၂၁

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကျင်းပရန် ရက်ပေါင်း ၈၀ ခန့်သာလိုတော့သည်။ အချို့အားကစားပြိုင်ပွဲများ စတင်ကျင်းပရန်မှာ ရက်ပေါင်း ၆၅ ရက်ကျော်မျှလိုတော့ရာ မြန်မာ့အားကစား မောင်မယ်များ အောင်ပွဲများရရှိရေးအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသလို အောင်ပွဲများရယူနိုင်ရေး စေတနာရှင်များကလည်း ငွေကြေးနှင့်လိုအပ်သောထောက်ပံ့ဖြည့်ဆည်းမှုများ ပြုလုပ်ပေးလျက်ရှိသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရိုးရာလက်ဝှေ့အောင်နိုင်ရေးအတွက် ရန်ပုံငွေပေးအပ်ပွဲကို ရန်ကုန်မြို့ သိမ်ဖြူအားကစားခန်းမ၌ စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီကကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်လက်ခံခဲ့သည်။

ပါဝင်ဆင်နွှဲ

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် "မွေ" အားကစားပြိုင်ပွဲပါဝင်ဆင်နွှဲမည့် မြန်မာအားကစားသမားများအနေဖြင့် လေ့ကျင့်မှုများကို နေပြည်တော်၌ မပြတ်တမ်းပြုလုပ်လျက်ရှိနေပြီဖြစ်သည်။ "မွေ" အားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ အားကစားသမားကိုးဦးနှင့် အားကစားမယ် ငါးဦးတို့ အတန်း ၁၄ တန်းတွင် ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် "မွေ"အားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံများအနေဖြင့် တစ်နိုင်ငံလျှင် အားကစားသမား ခုနစ်ဦးနှင့် အားကစားမယ်လေးဦးတို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိရာ မြန်မာနိုင်ငံမှ "မွေ" အားကစားပြိုင်ပွဲဝင်များ အတန်းပြည့် ပါဝင်ဆင်နွှဲမည်ဖြစ်သည်။

လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် "မွေ" အားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံများမှာ မြန်မာ၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် စင်ကာပူတို့ဖြစ်ပြီး နိုင်ငံကိုယ်စားပြု "မွေ" အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာ"မွေ" ကစားသမားများကို နေပြည်တော် Gold Camp ၌ ထိုင်းနိုင်ငံမှ နည်းပြနှစ်ဦးဖြင့် လေ့ကျင့်ခဲ့ပြီး လက်ရှိ၌ ပြည်တွင်းနည်းပြနှစ်ဦးဖြင့် လေ့ကျင့်ပေးလျက်ရှိသည်။ လာမည့်လ၌ ထိုင်းနည်းပြနှစ်ဦးဖြင့် မြန်မာ "မွေ"ကစားသမားများကို ထပ်မံလေ့ကျင့်ပေးမည်ဖြစ်သည်။

မြန်မာ "မွေ" ကစားသမားများတွင် ပြည်ပပြိုင်ပွဲ အတွေ့အကြုံရှိသူများ ပါဝင်လျက်ရှိရာ ဗီယက်နမ်နိုင်ငံတွင် ၂၀၁၂ ခုနှစ်က ကျင်းပခဲ့သည့် အာရှချန်ပီယံရှစ် ပြိုင်ပွဲတွင် ရွှေတံဆိပ်များ ရယူနိုင်ခဲ့သည့် တူးတူး(နဂါးမာန်)နှင့် ကညောဖိုးတို့လည်း ပါဝင်ယှဉ်ပြိုင်ရန် လေ့ကျင့်လျက်ရှိသည်။ ထို့အတူ ထွန်းထွန်းမင်းမှာလည်း ငွေတံဆိပ်ရရှိခဲ့သူဖြစ်သည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် "မွေ"အားကစားပြိုင်ပွဲ၌ မြန်မာအားကစားသမားများအနေဖြင့် ရွှေတံဆိပ်လေးခု ခန့်မျှော်မှန်းထားရာ ရယူနိုင်မည်ဟု ယုံကြည်လျက်ရှိသည်။

ထို့ကြောင့် "မွေ" အားကစားသမားများ အောင်နိုင်ရေးအတွက် ငွေကြေးရန်ပုံငွေများ ထောက်ပံ့ကူညီပေးလျက်ရှိရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီက ငွေကျပ် ၂၅ သိန်း၊ မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်နာယကများဖြစ်သည့် ဦးကျင်ဦးနှင့် ဦးထွန်းလင်းသောင်းတို့က ငွေကျပ်သိန်း ၂၀ စီ၊ အဖွဲ့ချုပ်အမှုဆောင် ဦးမျိုးမြင့်၊ ဦးသောင်းထိုက်မင်းနှင့် ဦးနေဝင်းတို့က ငွေကျပ် ၁၅ သိန်းစီ၊ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခွန်မြတ်က ငွေကျပ် ၁၀ သိန်းနှင့် အခြားအလှူရှင်များကလည်း ပါဝင်လှူဒါန်းခဲ့ရာ စုစုပေါင်းငွေကျပ် ၁၃၁ သိန်းရှိခဲ့သည်။

ယင်းမှာ မြန်မာ"မွေ" အားကစားသမားများ ရွှေတံဆိပ်များ ဆွတ်ခူးနိုင်ရေး ကူညီမှုတွန်းအားများပင်ဖြစ်သည်။

သတင်းဆောင်းပါး – ဝေယံဦး

(မြန်မာ့အလင်း)

ထိုင်းနိုင်ငံမှ မြန်မာအလုပ်သမား ၃၃ ဦး လွှဲပြောင်း

တာချီလိတ် စက်တင်ဘာ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ် မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတား၌ စက်တင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က ခရိုင်/မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များ ဖြစ်ကြသော မကဖ(၈)ဦးဝင်းအောင် ဦးစီး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတာဝန်ခံ ဒုရဲမှူးရင်ရင်အေးနှင့် ဌာနဆိုင်ရာများပါဝင်သောအဖွဲ့သည် ထိုင်းနိုင်ငံ လဝကဦးစီးအရာရှိ စာစီတွန်၊ မယ်ဆိုင်ခရိုင် လဝကမှူး ဖနော်ကျာလူဖတ်၊ မယ်ဆိုင်ခရိုင် ဒုလဝကမှူး ဆက်ဒါးရန်စုကျမ်းနှင့် ဒုလဝကမှူး ယဆဲန်ခုမ်ဟန်ဆန်တို့က မြန်မာအလုပ်သမား အမျိုးသား ၂၇ ဦး၊ အမျိုးသမီးခြောက်ဦး စုစုပေါင်း ၃၃ ဦးကို လွှဲပြောင်းလက်ခံခြင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

အပ်နှံပေး

လွှဲပြောင်းလက်ခံခဲ့သော မြန်မာနိုင်ငံသား ၃၃ ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတား၌ အခြေပြုပြီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်ခဲ့ပြီး နေထိုင်ခွင့်ကတ်များမရှိခြင်းနှင့် နယ်စပ်ဖြတ်သန်းခွင့် ခုနစ်ရက်ကျော်လွန်ခြင်းတို့ကြောင့် ရှောင်တခင်စစ်ဆေးချက်အရ ဖမ်းဆီးခံရခြင်းဖြစ်ပြီး ၄င်းတို့မှာ လူကုန်ကူးခံရခြင်းမရှိကြောင်း၊ လွှဲပြောင်းအလုပ်သမား ၃၃ ဦးကို မြို့နယ်အုပ်ချုပ်ရေးမှူး အစီအစဉ်ဖြင့် မွန်းလွဲ ၂ နာရီခွဲက ၄င်းတို့၏မိဘဆွေမျိုးများထံ ခံဝန်ဖြင့် အပ်နှံပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

၂၀၁၀ နိုဝင်ဘာ ၁၉ ရက်မှ ၂၀၁၃ စက်တင်ဘာ ၂၀ ရက်နေ့အထိ လွှဲပြောင်းပေးသည့် မြန်မာအလုပ်သမား အမျိုးသား ၄၈၆၅ ဦး၊ အမျိုးသမီး ၁၆၇၀ စုစုပေါင်း ၆၅၃၅ ဦး ရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၉-၂၀၁၃ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo
၅း၀၀	ပဋ္ဌာန်းပါဠိတော်၊ ပရိတ်နိဒါန်းမင်္ဂလသုတ်
၅း၂၀	MRTV-4 သတင်း
၅း၄၀	**သတိပေးလျှင်သိစေချင် တရားတော်** (မြောက်ဦးဆရာတော် ဝနဒါသီအရှင်ဝါယာမိန္ဒ)
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မျက်နှာဖုံးချစ်သူ** (အပိုင်း-၇၉)
၇း၃၀	MRTV-4 သတင်း
၈း၄၀	Kid's Show
၉း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးမှုကမ္ဘာ** (အပိုင်း-၆၀)

နေ့လယ်ပိုင်း

၂း၀၀	MRTV-4 သတင်း
၂း၂၀	World Of Knowledge (WORLD CYBER GAMES)
၃း၂၅	World On The Street (Season-2)(Epi-8)

ညနေပိုင်း

၇း၃၀	Fashion Week (AROMA Hair & Beauty Spa) (Part-4)
၈း၀၀	MRTV-4 သတင်း
၈း၁၅	Grand Opening Ceremonty of Handa Motorcycle New Showroom in Bago

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၃၀	**Celta de Vigo -Villarreal**	**(Star Sports)**
၁၁း၃၀	**Real Madrid-Getafe**	**(Star Sports)(MRTV-4)**

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၃၀	**Valencia - Sevilla**	**(Star Sports)**

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

အမြန်လမ်းမကြီးပေါ် ယာဉ်နှစ်စီးဘက်ထရီထောက်စက်နှိုးစဉ် အခြားယာဉ်တစ်စီးကဝင်တိုက်

ရန်ကုန် စက်တင်ဘာ ၂၁

စက်တင်ဘာ ၁၉ ရက် နံနက် ၃ နာရီ ၁၅ မိနစ်ခန့်က ရန်ကုန်-နေပြည်တော် လမ်းမကြီးပေါ်၌ ရန်ကုန်မှနေပြည်တော်သို့ ယာဉ်မောင်း ဦးသန်းထွန်းမောင်းနှင်လာသော ၈၉/. . . စူပါကာစတန် (အဖြူရောင်) Hice သည် မိုင်တိုင်အမှတ် ၁၆/၁ အရောက်၌ စက်ပျက်၍ ရပ်နားခဲ့ရသည်။

ဝင်ရောက်တိုက်မိ

ထိုစဉ် ရန်ကုန်ဘက်မှ မောင်းနှင်လာသော ယာဉ်မောင်း ဦးယဉ်ထွေး၏ ၈ဆ/. . . . စူပါကာစတန်(ခဲရောင်) Hice ကို အကူအညီတောင်းခံခဲ့သဖြင့် လမ်းပြောင်းပြန်ကားခေါင်းချင်းမျက်နှာချင်းဆိုင်ရပ်လျက် ဘက်ထရီထောက် စက်နှိုးခဲ့ကြသည်။

ကားစက်နှိုးနေစဉ် ရန်ကုန်မှ နေပြည်တော်သို့ ယာဉ်မောင်း ဦးခင်ဇော်မောင်းနှင်လာသည့် ၄က/. . တိုယိုတာ ကိုလိုလာ(အဖြူရောင်)က ၈ဆ/. . . စူပါကာစတန်(ခဲရောင်)၏ ဦးခေါင်းပိုင်းညာဘက်ခြမ်းသို့ ဝင်ရောက်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် တိုယိုတာ ကိုလိုလာပေါ်တွင်ပါလာသည့် ယာဉ်မောင်းဦးခင်ဇော် (၂၈ နှစ်)၊ ဦးထွန်းထွန်းဝင်း (၂၀ နှစ်)၊ ဦးကျော်စွာ (၃၀ နှစ်)တို့ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြသည်။

ဒဏ်ရာရရှိမှုမှာ မစိုးရိမ်ရသော်လည်း ဦးခင်ဇော်မှာ ညာဘက်ပေါင်ကျိုးသွားခဲ့သည်။ ဦးထွန်းထွန်းဝင်းမှာ ညာဘက်တင်ပါးဆုံ အဆစ်လွဲသွားခဲ့ပြီး ဦးကျော်စွာမှာ ယာလက်မောင်း၌ ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့ကြသည်။

ယာဉ်တိုက်မှုအား တာဝန်ကျရဲကင်းမှ သတင်းပေးပို့ချက်အရ အမြန်လမ်း မီးသတ်တပ်ဖွဲ့စခန်းမှ လက်ထောက် မီးသတ်ဦးစီးမှူး ဦးခင်ဇော်အောင် ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ဒဏ်ရာရသူများကို လှည်းကူးမြို့နယ် ဆေးရုံသို့တင်ပို့ပေးခဲ့ရကြောင်း သိရသည်။ **ကိုကြီးတင်**

ပြည်တွင်းသတင်း

❒ ရှေ့ဖုံးမှ

သံတမန်ဆက်ဆံရေး (၆၅)နှစ်မြောက်ခဲ့သည့်တိုင်အောင် ပို၍ပို၍ ခိုင်မာမြဲမြံသည့် ချစ်ခင်ရင်းနှီးမှုတို့ကို ဖော်ဆောင်နိုင်ခဲ့ကြကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံသံရုံး၏ အစီအစဉ်ဖြင့် စူဝန်ပလူ ကော်ရက်စ်၏ချစ်ကြည်ရင်းနှီးမှုသံစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ရာ အပိုင်း(၁)စူဝန်ပလူ အဖွင့်နိဒါန်း၌ ဂလော်ရီယာ၊ အချစ်၏မျက်ဝန်းများမှတစ်ဆင့်၊ သင်မည်သည့်အခါမျှ အထီးကျန် တစ်ကိုယ်တည်းလမ်းမလျှောက်ရပါ၊ အပိုင်း(၂)ချစ်ခင်ရင်းနှီးမှုရှိက်သံ၌ လတ်လတ်လမ်ဘူ၊ အီလေဂန်ဒန်ဂန်၊ ကောင်မလေး၊ အပိုင်း(၃)လာကြ၊ ပူးပေါင်းကြစို့၌ ယော်ယို့စ်ဖရာလော်၊ အိုးအိုင်ဆေး၊ ဆန်းင်အိုင်ဆေး၊ လောင်ဒူအန်ဒန်း၊ ရိမ်ပေါင်မက်ဒလီ၊ ကမန်စိုင်ယောက်၊ ပမာတုံလီ၊ လွိုင်ကထုံစသည့် ထိုင်းနိုင်ငံအဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်ဇနီးတို့က ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းစည်းများပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့ ထိုင်း-မြန်မာ သံတမန်ဆက်ဆံရေးတည်ထောင်မှု (၆၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် တင်ဆက်သည့် စူဝန်ပလူ ကော်ရက်စ်၏ ချစ်ကြည်ရင်းနှီးမှုသံစဉ်များ ဖျော်ဖြေတင်ဆက်ပွဲသို့ တက်ရောက်အားပေးစဉ်။

(သတင်းစဉ်)

အထက်မြန်မာပြည် မြို့နယ်သတင်းထောက်များ အရည်အသွေးမြှင့်တင်ရေး ရက်တိုမွမ်းမံသင်တန်းဖွင့်

မန္တလေး စက်တင်ဘာ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အထက်မြန်မာပြည် မြို့နယ်သတင်းထောက်များ အရည်အသွေးမြှင့်တင်ရေးရက်တိုမွမ်းမံသင်တန်း (၁/၂၀၁၃) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

သင်တန်းတွင် သတင်းစာ ဆရာ၊ စာရေးဆရာ၊ တရားလွှတ်တော်ရှေ့နေ ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်)က သတင်းထောက်များ အထူးသတိထားရမည့် တရားဥပဒေဆိုင်ရာ ကိစ္စရပ်များကို ဟောပြောပို့ချသည်။

ညနေပိုင်းတွင် မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ် ဦးအောင်နိုင်ဦး(ဝဲပုံ)က စာနယ်ဇင်းကျင့်ဝတ်များအကြောင်းရှင်းလင်းပြောကြားပြီး တက်ရောက်လာသူ မြို့နယ်သတင်းထောက်များက ပြန်လည်ဆွေးနွေးတင်ပြကြသည်။ သင်တန်းအပြီးတွင် သင်တန်းသား သင်တန်းသူများသည်ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)တွင် သတင်းစာရိုက်နှိပ်ထုတ်ဝေနေမှုများကို လာရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်)၊ ဦးရွှေ(ရွှေရိုး-မန္တလေး)၊ ဦးဟန်ညွန့်(ဥပဒေ)တို့က သတင်းစာလုပ်ငန်းနှင့်ပတ်သက်သည့် သိမှတ်ဖွယ်ရာများကို ဟောပြောပို့ချသွားမည်ဖြစ်သည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၄ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။ သင်တန်းသား သင်တန်းသူများကို Gold Roast မှ Coffeemix များဖြင့် နေ့စဉ် ကုမ္ပဏီဝန်ထမ်းများကိုယ်တိုင် ဧည့်ခံကြောင်းသိရသည်။

သတင်း-အေးမြ(မန္တလေး)၊ဓာတ်ပုံ-မမ(လားရှိုး)

အိန္ဒိယ-မြန်မာနယ်စပ် နန်းဖာလုံဈေးတွင် ဒေသထွက်အုန်းသီးခြောက်များ ဈေးကောင်းရ ရောင်းအားမြင့်တက်လျက်ရှိ

တမူး စက်တင်ဘာ ၂၁

အိန္ဒိယနိုင်ငံ မဏိပူပြည်နယ်နှင့် ဆက်စပ်ပြည်နယ်များမှ အုန်းသီးပွဲစားများ၏ ဝယ်လိုအားမြင့်တက်နေမှုများကြောင့် အိန္ဒိယ-မြန်မာနယ်စပ် တမူး-နန်းဖာလုံဈေးတွင် မြန်မာနိုင်ငံမှ ဒေသထွက်အုန်းသီးခြောက်များ အရောင်းသွက်ဈေးကောင်းရလျက်ရှိသည်။

ကလေးဒေသ ကလေးဝနယ်၊ မင်းတပ်နယ်နှင့် ကဘော်ချိုင့်ဝှမ်း ပတ်ဝန်းကျင်ဒေသ အနီးပတ်ဝန်းကျင် ကျေးရွာများမှ နန်းဖာလုံဈေးသို့ ယာဉ်ကြီးယာဉ်ငယ်များဖြင့် အုန်းသီးခြောက်များကို အဆက်မပြတ် လာရောက်ရောင်းချနေကြခြင်းဖြစ်ပြီး အိန္ဒိယရူပီးငွေဈေး အတက်အကျ အပြောင်းအလဲတွင် အကျိုးအမြတ် ပိုမိုရရှိနိုင်ကြောင်း သိရသည်။

"ကျွန်မတို့က အုန်းသီးကို နယ်မှာ သူ့အရွယ်အစားအမျိုးမျိုးအလိုက် ဈေးနှုန်းအမျိုးမျိုးပေးဝယ်ခဲ့ရတာပါ။ ကားတန်ဆာခနဲ့ အခွန်ဆောင်ရတာလည်း သင့်တင့်တဲ့အတွက် အိန္ဒိယငွေဈေးတက်ရင် ပိုပြီးအမြတ်ရတာပေါ့။ နှစ်စဉ် ၉ လပိုင်း၊ ၁၀ လပိုင်းတွေမှာ အိန္ဒိယနိုင်ငံရဲ့ ရိုးရာပွဲတော်တွေကြောင့် ဝယ်လိုအား မြင့်တက်လာတာရှင့်၊ ပုံမှန်အချိန်ဆိုရင် ကျွန်မတို့ဆီက အုန်းသီးခြောက်တွေကို ကုန်ကြမ်းအဖြစ်ဝယ်ယူပြီး ကုန်ချောအဖြစ် အုန်းဆီကို အရည်အသွေးအမျိုးမျိုး၊ တံဆိပ်အမျိုးမျိုးနဲ့ ပြန်လည်တင်သွင်းတာတွေ့ရတယ်။ အခုလက်ရှိ နယ်စပ်အုန်းသီးခြောက်ပေါက်ဈေးက ငွေကျပ် ၃၀၀ ကနေ ငွေကျပ် ၄၀၀အထိရလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်"ဟု အုန်းသီးကုန်သည် မရတနာက ရှင်းပြသည်။

မောင်မင်း

မြန်မာနိုင်ငံမှ တောင်တက်သမားတစ်ဦး ဂမ်လန်ရာဇီတောင်ထိပ်သို့ ပထမဦးဆုံးတက်ရောက်နိုင်ခဲ့

သတင်း - စိန်လွင်အောင်
ဓာတ်ပုံ - မင်းထက်

ရန်ကုန် စက်တင်ဘာ ၂၁

အရှေ့တောင်အာရှနှင့် မြန်မာနိုင်ငံတွင် ဒုတိယအမြင့်ဆုံးတောင်ဖြစ်သည့် ဂမ်လန်ရာဇီတောင်ထိပ်သို့ မြန်မာနိုင်ငံမှ ပထမဦးဆုံးတောင်တက်သမားတစ်ဦး အောင်မြင်စွာတက်ရောက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အသင်းလောကတွင် မှတ်တမ်းသစ်တစ်ခုကို ရေးထိုးလိုက်နိုင်ပြီဖြစ်သည်။ အဆိုပါတောင်တက်အဖွဲ့သည် ယနေ့ညနေ ၆ နာရီတွင် ပြည်တွင်းမြန်မာ့လေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိခဲ့သည်။

အဆိုပါ အောင်မြင်မှုတစ်ရပ်ရရှိခဲ့ခြင်းသည် မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အသင်း ဦးဆောင်မှု၊ ထူးဖောင်ဒေးရှင်းနှင့် မြန်မာဖုံရင် ခရီးသွားလုပ်ငန်းတို့ ပူးပေါင်းပံ့ပိုးကူညီမှုဖြင့် မြန်မာ-အမေရိကန် နှစ်နိုင်ငံချစ်ကြည်ရေးတောင်တက်အဖွဲ့ ဖွဲ့စည်း၍ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ၄င်းတောင်တက်အဖွဲ့တွင် မြန်မာနိုင်ငံသားနှစ်ဦး၊ အမေရိကန်နိုင်ငံသားလေးဦးနှင့် အမေရိကန်အမျိုးသမီးတစ်ဦး စုစုပေါင်း တောင်တက်သမားခုနစ်ဦးတို့သည် ဩဂုတ် ၁၅ ရက်က ကချင်ပြည်နယ် ပူတာအိုမြို့မှ ခရီးစတင်၍ တောင်တက်ခဲ့သည်။ ခရီးစဉ်တစ်လျှောက်လုံးတွင် အခက်အခဲမျိုးစုံကြုံတွေ့ခဲ့ရပြီး စက်တင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီက အရှေ့တောင်အာရှ၌ ဒုတိယအမြင့်ဆုံးဖြစ်သည့် ဂမ်လန်ရာဇီတောင်ထိပ်သို့ မြန်မာ့အလံနှင့် အမေရိကန်နှစ်နိုင်ငံ ချစ်ကြည်ရေးအလံများကို အောင်မြင်စွာ စိုက်ထူနိုင်ခဲ့သည်။

"ကျွန်တော် ဒီတောင်ကို မြန်မာနိုင်ငံသား တစ်ယောက်တည်းအနေနဲ့ ရောက်ခဲ့ရလို့ မပျော်ပါဘူး။ ကျွန်တော်တို့က နှစ်ယောက်အတူတက်ခဲ့ကြတာပါ။ အကြောင်းအမျိုးမျိုးတွေကြောင့် တစ်ယောက်က မပါဖြစ်ခဲ့တော့ ကျွန်တော် လုံးဝစိတ်

မကောင်းပါဘူး။ ကျွန်တော်တို့ တောင်တက်သမားဆိုတာ အခက်အခဲတွေကတော့ အမျိုးမျိုးကြုံရပါတယ်။ အဲဒါတွေကို ကျွန်တော် အောင်မြင်စွာနဲ့ ကျော်လွှားနိုင်ခဲ့လို့ ကျွန်တော်ကျေနပ်ပါတယ်"ဟု ပထမဦးဆုံး ဂမ်လန်ရာဇီတောင်ထိပ်ပေါ်သို့ မြန်မာ့အလံကို အောင်မြင်စွာဖြင့်စိုက်ထူနိုင်ခဲ့သည့် ကိုပြည့်ဖြိုးက သူ့အတွေ့အကြုံများကို ရှင်းပြခဲ့သည်။

တက်ရောက်ခဲ့သည့် တောင်တက်အဖွဲ့တွင် မြန်မာနိုင်ငံမှ ကိုပြည့်ဖြိုး၊ ကိုဝင်းကိုနှင့်အမေရိကန်နိုင်ငံမှ အမျိုးသား Andy Tyson၊ Molly Loomis Tyson၊ Chris Nance၊ Mark Fisher၊ Eric Daft တို့ လိုက်ပါခရီးနှင်တက်ရောက်ခဲ့ကြသည်။ အဆိုပါ တောင်တက်အဖွဲ့တွင် မြန်မာနိုင်ငံမှ ကိုဝင်းကိုမှာ ဂမ်လန်ရာဇီတောင်ထိပ်မရောက်ခင် အမြင့်ပေ ၁၈၀၀၀ အရောက်တွင် ရာသီဥတုဒဏ်ကြောင့် နေမကောင်းဖြစ်၍ ပြန်ဆင်းခဲ့ရသည်။

ယခင်က အဆိုပါ ဂမ်လန်ရာဇီတောင်ထိပ်ကို လူသားများ တစ်ကြိမ်တစ်ခါမျှ ရောက်ဖူးခဲ့ခြင်းမရှိ၍ တောင်ထိပ်အမြင့်မှာလည်း အမျိုးမျိုးကွဲပြားလျက်ရှိသည်။ အိန္ဒိယမြေပုံတွင် ၅၈၁၁ မီတာ၊ ဒုတိယကမ္ဘာစစ်အပြီး ရုရှား၊ တရုတ်မြေပုံများအရ ၅၆၉၁ မီတာ၊ ဟားဗတ်မြေပုံစာကြည့်တိုက်အရ ၅၇၅၈ မီတာနှင့် Google တွင် ၅၇၈၀ မီတာဟူ၍ တောင်အမြင့် မီတာအမျိုးမျိုးဖြင့် ကွဲပြားမှုများရှိနေသည်ကို မှတ်တမ်းများအရ သိရသည်။

တောင်တက်အဖွဲ့နှင့် အတူ အမေရိကန်နိုင်ငံမှ စာရေးဆရာများ၊ ဂျာနယ်လစ်များ၊ ဓာတ်ပုံပညာရှင်များ၊ ရုပ်ရှင်ဒါရိုက်တာများပါ လိုက်ပါသွားကြသဖြင့် မြန်မာ့အလှနှင့် မြန်မာ့သဘာဝကို ကမ္ဘာအနှံ့သို့ သိစေနိုင်ခဲ့သည်။ ထို့အပြင် အရှေ့တောင်အာရှတွင် ဒုတိယအမြင့်ဆုံးဖြစ်သည့် ဂမ်လန်ရာဇီတောင်ထိပ်ပေါ်သို့ မြန်မာနိုင်ငံ၏ ပထမဦးဆုံး အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည့် တောင်တက်သမားတစ်ဦးကိုလည်း မွေးထုတ်ပေးနိုင်ခဲ့သည့်အပြင် တောင်ထိပ်အမြင့်၏ တိကျသည့် ဂျီလိုမီတာအမှန်ကိုပါ တိုင်းတာနိုင်ခဲ့သည်ဖြစ်ဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အသင်းလောကတွင် မြန်မာ့ဂုဏ်ကို ထင်ဟပ်ပြသလိုက်ခြင်းပင်ဖြစ်သည်။

ပုဂ္ဂလိကအာမခံလုပ်ငန်း ရုံးသစ်ဖွင့်

ရန်ကုန် စက်တင်ဘာ ၂၁

Global World Insurance Co., Ltd. ရုံးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်စနာရီတွင် ပုဇွန်တောင်မြို့နယ် သိမ်ဖြူလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ အဆိုပါရုံး၌ ကျင်းပရာ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းနှင့် Global World Insurance Co., Ltd. Chairman ဦးထွန်းမြင့်နိုင်တို့က ရုံးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ရုံးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ရုံးအတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(ယာပုံ)**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အာမခံလုပ်ငန်းသည် ကမ္ဘာတွင်အရေးကြီးသောလုပ်ငန်း၊ အောင်မြင်လျက်ရှိသော လုပ်ငန်းနှင့် သက်တမ်းအရှည်ကြာဆုံးသော လုပ်ငန်းများတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ယခင်က နိုင်ငံတော်တွင် မြန်မာ့အာမခံလုပ်ငန်း တစ်ခုတည်းသာရှိခဲ့ကြောင်း၊ ယခုအခါ ပုဂ္ဂလိကအာမခံလုပ်ငန်းများ လုပ်ကိုင်ခွင့်ရသည့်အတွက် ပြည်သူများ အမှန်တကယ်လိုအပ်နေသော ပြည်သူအကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့် ရရှိပြီဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆောင်ရွက်ရာတွင် အဓိကအရေးပါဆုံးဖြစ်သော စီးပွားရေးရင်းနှီးမြှုပ်နှံမှုများကို လူအများကြောင့်ဖြစ်ပေါ်မည့် မတော်တဆမှုများ၊ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်နိုင်မည့် ပျက်စီးဆုံးရှုံးမှုများကို အကာအကွယ်ပြုနိုင်သည့် တစ်ခုတည်းသော နည်းလမ်းမှာ အာမခံထားခြင်းသာဖြစ်ကြောင်း၊ ယခုအခါနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တဖြည်းဖြည်းဝင်ရောက်လာပြီ ဖြစ်သည့်အတွက် အာမခံလုပ်ငန်းအခန်းကဏ္ဍလည်း မြင့်မားလာကြောင်း၊ Global World Insurance Co., Ltd. မှ အာမခံ(၆)မျိုးဆောင်ရွက်သွားမည်ကို သိရှိရပါကြောင်း၊ လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိထိရောက်ရောက် ကြိုးစားဆောင်ရွက်ပြီး အာမခံလုပ်ငန်းကဏ္ဍ တိုးတက်ဖြစ်ထွန်းရာတွင် တစ်တပ်တစ်အား ပါဝင်နိုင်မည်ဟုယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက အမှာစကားပြောကြားသည်။

Global World Insurance Co., Ltd. သည် မီးအာမခံ၊ အလုံးစုံမော်တော်ယာဉ် အာမခံ၊ အသက်အာမခံ၊ မြွေအန္တရာယ် အာမခံ၊ အားကစားသမားများ ကိုယ်အင်္ဂါထိခိုက်မှု အာမခံ၊ ငွေသားလုံခြုံမှု ငွေပို့ငွေသယ်အာမခံတို့ကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧည့်လမ်းညွှန်အထူးသီးသန့်မွမ်းမံသင်တန်းဖွင့်၊ အခြေခံသင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၂၁

လိုင်စင်ပျက်ပြယ်သွားသော ဧည့်လမ်းညွှန်များအတွက် အထူးသီးသန့်မွမ်းမံသင်တန်းအမှတ်စဉ် (၅) ဖွင့်ပွဲကို စက်တင်ဘာ ၂၁ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သင်တန်းကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း ရသာကွန်ဒိုရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၈၈ ဦးတက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။

နံနက် ၁၀ နာရီက ဧည့်လမ်းညွှန်(အခြေခံ)သင်တန်းအမှတ်စဉ်(၄၃)ဆင်းပွဲကို အဆိုပါ ဟိုတယ်၌ ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး **(ဝဲပုံ)** ထူးချွန်သင်တန်းသားများကို ဆုများချီးမြှင့်သည်။

ဧည့်လမ်းညွှန်လုပ်ကိုင်သူများ၏ အရည်အသွေးမြင့်မားလာစေရန်နှင့် အသိပညာ၊ အတတ်ပညာ တိုးပွားလာစေရန်၊ ဧည့်ခရီးသွားများကို စနစ်တကျလမ်းညွှန်ပြသပေးနိုင်ရန်ရည်ရွယ်၍ အဆိုပါသင်တန်းကျောင်းတွင် ၁၉၉၂ ခုနှစ်မှ စတင်၍ သင်တန်းများ ဖွင့်လှစ်လာရာ ယခုအချိန်အထိ သင်တန်းသားဦးရေ ၇၉၇၅ ဦးအထိ သင်တန်းဆင်းပြီးဖြစ်ကြောင်း သိရသည်။

သင်တန်းဆင်းဧည့်လမ်းညွှန်များအနေဖြင့် နေရာမရွေးလုပ်ကိုင်ခွင့် ရမည်ဖြစ်ကြောင်းနှင့် သင်တန်းဆင်းလက်မှတ်ရပြီး အထူးပြုဘာသာရပ်အလိုက် နှုတ်ဖြေဖြေဆိုအောင်မြင်ပြီးမှသာ လုပ်ငန်းလိုင်စင်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သပိတ်ကျင်းမြို့နယ်၌ အင်အားအသင့်အတင့်ရှိငလျင်များလှုပ် အဆောက်အအုံနှင့်လူနေအိမ်အချို့ပျက်စီး

နေပြည်တော် စက်တင်ဘာ ၂၁

ယမန်နေ့ ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်၌ အင်အားအသင့်အတင့်ရှိ ငလျင်များလှုပ်ခတ်ခဲ့သဖြင့် အဆောက်အအုံနှင့် လူနေအိမ်အချို့ပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။

မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက် မိုင် ၈၀ ခန့်အကွာ သပိတ်ကျင်းမြို့ကို ဗဟိုပြု၍ ညနေ ၆ နာရီခန့်တွင် အင်အားရစ်ချ်တာစကေး ၄ အဆင့်ရှိ မြေငလျင်တစ်ကြိမ်၊ ညနေ ၆ နာရီ ၂၅ မိနစ်ခန့်တွင် သပိတ်ကျင်းမြို့၏ အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာရှိ အောက်ပုဏ္ဏားရွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ အဆင့်ရှိ မြေငလျင် တစ်ကြိမ်နှင့် ညနေ ၆ နာရီ ၅၅ မိနစ်ခန့်တွင် သပိတ်ကျင်းမြို့ အနောက်မြောက်ဘက် လေးမိုင်ခန့်အကွာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၄ အဆင့်ရှိ မြေငလျင်တစ်ကြိမ် လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် ဆိပ်ကမ်းရပ်ကွက်နှင့် ကံဘဲ့ရပ်ကွက်တို့ရှိ စေတီနှင့် ဗုဒ္ဓရုပ်ပွားတော်အချို့ ကွဲအက်ပျက်စီးခြင်း၊ အဆောက်အအုံအချို့ ထိခိုက်ပျက်စီးခြင်း၊ လူနေအိမ် ၄၅ လုံးထိခိုက်ပျက်စီးခြင်းများဖြစ်ပွားခဲ့ကြောင်း၊ တကောင်းမြို့နယ်ခွဲရှိ ဖုန်ကုန်းကျေးရွာ မူလတန်းလွန်ကျောင်းနှစ်ထပ်ကျောင်းဆောင် နံရံများကွဲအက်ခြင်း၊ မကျီးကုန်းကျေးရွာအုပ်စု ဆင်ညှပ်ကုန်းကျေးရွာရှိ စေတီသုံးဆူ ကွဲအက်ခြင်းတို့ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ **(မန္တလေးကိုယ်ပွား)**

လူငယ်သင်တန်းနှင့် အိမ်တွင်းမှုသင်တန်းများ နယ်စပ်ညွှန်ချုပ် လှည့်လည်စစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၁

နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်သည် စက်တင်ဘာ ၁၇ ရက်တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများသို့ရောက်ရှိ၍ ဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းများမှ သင်တန်းသူများနှင့် ကျောင်းသားများအား တွေ့ဆုံပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စက်တင်ဘာ ၁၈ ရက်တွင် ရေစကြိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့၊ ယင်းမာပင်မြို့တို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများသို့ သွားရောက်၍ ဝန်ထမ်းများ၊ ဖွင့်လှစ်ဆဲ သင်တန်းများမှ သင်တန်းသူများနှင့်တွေ့ဆုံပြီး စာသင်ခန်းများ၊ သင်တန်းသူ အိပ်ဆောင်များ၊ စားရိပ်သာနှင့် ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ခရီးစဉ်အတွင်း ညွှန်ကြားရေးမှူးချုပ် **(အပေါ်ပုံ)** သည် နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရေး၊ နယ်စပ်ဒေသတွင် နေထိုင်သော ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစဉ်တစိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် အကျင့်စာရိတ္တ ကောင်းမွန်ပြီး ရိုးသားစွာဖြင့် လုံ့လဝီရိယစိုက်ထုတ်၍ မိမိတို့၏ လုပ်ငန်းတာဝန်များအပေါ် စေတနာထားဆောင်ရွက်ကြရန်လိုကြောင်း၊ ကျောင်းသားများ၊ သင်တန်းသူများအနေဖြင့် မိမိတို့လေ့လာသင်ယူလျက်ရှိသော အသက်မွေးဝမ်းကျောင်းမှု ပညာရပ်များ၊ စာပေပညာရပ်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားသင်ယူကြရန်လိုအပ်ကြောင်း မှာကြား၍ ဝန်ထမ်းများ၊ ကျောင်းသားများနှင့် သင်တန်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၂၁

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအလုပ်ရုံဆွေးနွေးပွဲများကို တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုတွင် ကျင်းပရန် စီစဉ်ထားကြောင်း မြန်မာလူထုဖိုရမ်အနေဖြင့် အာဆီယံဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရှမ်းပြည်နယ် တောင်ကြီးမြို့ Cherry Queen Hotel အမှတ်(၆၉၆)မြင့်မိုရ်လမ်း ညောင်ဖြူစခန်းရပ်၌ စက်တင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျင်းပခဲ့ပြီး လားရှိုးမြို့ သီတာအေးဟိုတယ် သီရိလမ်း ရပ်ကွက် (၃)၌ စက်တင်ဘာ ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပဲခူးတွင် ဆိုင်ကယ်သူခိုးဝိဇ္ဇာအား ဖမ်းမိ

ပဲခူး စက်တင်ဘာ ၂၁

ပဲခူးမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ယဉ်မင်းသိုက်၊ တာဝန်မှူး ဒုရဲအုပ်ဇော်မိုးလွင်နှင့်အဖွဲ့သည် စက်တင်ဘာ ၁၆ ရက် ည ၁၁ နာရီ ၁၅ မိနစ်ခန့်က မသင်္ကာသူ မင်းမင်းစိုး(ခ) လက်ကောက် (၁၇နှစ်) မဟာဘောဂလမ်း မြို့တွင်းကြီးရပ်ကွက်နေသူ၏ အိမ်ကို ဝင်ရောက်စစ်ဆေးခဲ့ရာ Wave 110 အပြာရောင်ဆိုင်ကယ်နှင့် CZI Bo

ပြည်တွင်းသတင်း

ဂရုဓမ္မစောင့်ထိန်း

* ငါးပါးသီလ၊ မြတ်ဓမ္မ
မြဲကြသူတို့မှာ။

* ဗိုလ်ပါအင်အား၊ ရှိအလ
တုညားမရပါ။

* မြတ်သောလက်နက်၊ အ
ကိုယ့်တွက် လုံခြုံရာ။

* အဆင်းတန်ဆာ၊ မွန်မြ
ကိုယ်မှာလွှမ်းခြုံရာ။

* စစ်ဝတ်တန်ဆာ၊ ကောင
ဘယ်ခါမပျက်ပါ။

* ငါးဖြာသီလ၊ ပျက်စီးက
လားကြအပယ်ရွာ။

* ရှင်လျက်သေသူ၊ မလွဲမှ
ထိုသူ ဥပမာ။

* အမှိုက်သတ်မှတ်၊ မပေါ
ရှောင်အပ်ပစ်ပယ်ခွာ။

* အပုပ်နံ့ထုတ်၊ အကောင
သူယုတ်တူလှစွာ။

* ခြေပြတ်လက်ပြတ်၊ ဦး
တတ်အပ်တူလှစွာ။

* ဂရုဓမ္မ၊ မြတ်သီလ
စောင့်ကြလူတကာ။

* သောကခပ်သိမ်း၊ ရှောင
အေးငြိမ်းလွှန်ချမ်းသာ။

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှ

နေပြည်တော် စက်တင်ဘာ

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှ
အစည်းအဝေးဆဋ္ဌမနေ့ကို ယမန်နေ့နံနက် ၁၀ န
လွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်
တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုးနှင့် တို
ကိုယ်စားလှယ် ၆၃ ဦးတို့ တက်ရောက်ကြသည်။
အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှ
မေးမြန်းဖြေကြားခြင်း၊ အဆိုများ တင်သွင်းဆွေး
ခဲ့ကြောင်း သတင်းရရှိသည်။

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှ

နေပြည်တော် စက်တင်ဘာ

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော
အဝေး စတုတ္ထနေ့ကို ယမန်နေ့နံနက် ၁၀ နာရီတွင
အဖွဲ့ လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ တ
ဦးဉာဏ်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦး
ကြီးဝန်ကြီးများနှင့်လွှတ်တော်ကိုယ်စားလှယ် ၆၉
သည်။
အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှ
မေးမြန်းဖြေကြားခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း

မိုးကြိုးထိမှန်၍ လင်မယားန

နေပြည်တော် စက်တင်ဘာ ၂၁

စက်တင်ဘာ ၂၀ ရက် ညနေ ၆ နာရီက ကချင်ပြည်နယ် မိုးညှင်းမြို့နယ် တောင်အင်းကျေးရွာအုပ်စု ကွင်းအမှတ်(၂၅၄)ရှိ လယ်တဲကို မိုးကြိုးပစ်ရာ လယ်စောင့်ရင်း အိပ်ပျော်နေသော မိုးညှင်းမြို့နယ် နန်းမားကျေးရွာ ရန်အောင်ရပ်ကွက်
နေ သိန်းစိ
လက်ပြင်၊ ပ
ဇနီးဖြစ်သူ
တွင် ရင်ဘ
များရရှိ၍
အနီးရှိ
မိုးကြိုးထိမှ
ချက်အရ
ကိုယ်ဝန်
ရပြီး သေဆုံ
မိုးညှင်းဆေ
က ဖြစ်စဉ်
နယ်မြေရဲစ
လျက်ရှိကြေ

Bo အနီရောင်ဆိုင်ကယ်တို့ကို တွေ့ရှိခဲ့ရသဖြင့် အမှုဖွင့်စစ်ဆေးခဲ့ရာ တရုတ်နိုင်ငံလုပ် ဆိုင်ကယ် ၁၀ စီး၊ ဂျပန်နိုင်ငံလုပ် တစ်စီးနှင့် ယိုးဒယားနိုင်ငံလုပ် ကိုးစီးကို သိမ်းဆည်း ရမိခဲ့သည်။ **(အပေါ်ဝဲပုံ)** သန့်စင်

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ဗဟုသုတလည်းရ အပန်းဖြေသည့် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)

သတင်း - ကျော်သူဝင်း(မြန်မာ့အလင်း)
ဓာတ်ပုံ - ကိုသူ

ယနေ့ခေတ်၏ ကျောင်းသား လူငယ်များသည် စာသင်နှစ်မှစတင်ကာ အပတ်တကုတ်ကြိုးစားအားထုတ်ကြရသည်။ အပန်းဖြေအနားယူရန် လိုအပ်သော်လည်း ကျောင်းသင်ခန်းစာများအကြား ခေါင်းမဖော်နိုင်၊ မိဘများကလည်း မအားလပ်၍ အပန်းဖြေနေရာများသို့ မပို့နိုင်။

အချို့မှာ ပို့ချင်သော်လည်း ငွေကြေးမတတ်နိုင်၍ အခြေအနေမပေး။ ထိုသို့ အခက်အခဲများရှိနေသည်ကို ထူးဖောင်ဒေးရှင်းက ကူညီပံ့ပိုးပေးခဲ့ပါသည်။ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနနှင့် တိုင်ပင်စီမံကာ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီနှင့် နက္ခတ်တာရာပြခန်းများကို အခမဲ့ဖြင့် အပန်းဖြေကြည့်ရှုလေ့လာခွင့်ပေးခဲ့သည်။

အဆိုပါ အခမဲ့လေ့လာကြည့်ရှုမှုနှင့်ပတ်သက်၍ ထူးဖောင်ဒေးရှင်းမှ အကြီးတန်းမန်နေဂျာ ဦးသန်းဌေးက "ကျွန်တော်တို့ နေပြည်တော်ကောင်စီနယ်မြေမှာရှိတဲ့ အထက်တန်းကျောင်းတွေကို ပညာရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီ၊ နက္ခတ်တာရာပြခန်းတွေကို စရိတ်ငြိမ်းပြသပေးနေတဲ့အပြင် တူညီဝတ်စုံတွေကို အခမဲ့ဝေငှပေးပါတယ်။ အပတ်စဉ် ဥပုသ်နေ့တိုင်း ကျောင်းသားများကို ပြသပေးပါတယ်။ ပြသပြီးသွားတဲ့ကျောင်းက လေးကျောင်းရှိပါပြီ။ ထပ်မံပြသပေးသွားမှာပါ။ လာရောက်ဆက်သွယ်ဖို့လည်း ဖိတ်ခေါ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ပညာရေးကဏ္ဍကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေရန်နဲ့ ကျောင်းသားကျောင်းသူတွေ ဗဟုသုတရစေချင်တာရယ်၊ အပန်းဖြေရန်၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတတ်စေရန်နဲ့ ကမ္ဘာပေါ်မှာ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ ရှားပါးတိရစ္ဆာန်တွေကို လေ့လာနိုင်စေရန်ဖြစ်ပါတယ်" ဟု ပြောပြသည်။

ဇမ္ဗူသီရိမြို့နယ် အထက(၆)နေပြည်တော်မှ ကျောင်းသား ကျောင်းသူများ တိရစ္ဆာန်ဥယျာဉ်အတွင်း လေ့လာကြစဉ်။

ဇမ္ဗူသီရိမြို့နယ် အထက(၆) နေပြည်တော်မှ အထက်တန်းပြဆရာမ ဒေါ်ချယ်ရီအုန်းက "အထက(၆) နေပြည်တော်က လာရောက်လေ့လာကြည့်ရှုတာဖြစ်ပါတယ်။ ကျောင်းသား ၂၅ ဦး၊ ကျောင်းသူ ၂၅ ဦးနှင့် ဆရာမ ငါးဦးတို့ ပါဝင်ပါတယ်။ ကလေးတွေက ၈ တန်း၊ ၉ တန်း ကျောင်းသားကျောင်းသူတွေဖြစ်ပါတယ်။ ဒီလိုအစုအဖွဲ့နဲ့လေ့လာကြည့်ရှုရတော့ ပျော်ရွှင်မှုတွေရရှိပါတယ်။ ကျွန်မတို့ကိုယ်တိုင် နက္ခတ်တာရာပြခန်းကို တစ်ခါမှ မကြည့်ဖူးဘူး၊ ဒီကိုလာကြည့်တာ ပထမဦးဆုံးအကြိမ်ပါ။ ဗဟုသုတတွေ အများကြီးရတဲ့အပြင် လေ့လာစရာ အသစ်တွေလည်း တွေ့ရပါတယ်။ ဒီလိုစီစဉ်ပေးသူတွေကို ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

ကျောင်းသားများ ပျော်ရွှင်စေရန် ဆင်အထူးကပွဲ၊ ဖျံကပွဲနှင့် ပင်ဂွင်း ငှက်ပြခန်းတို့သည် ကြည့်ရှုလေ့လာသူများ အထူးနှစ်ခြိုက်အားပေးလျက်ရှိသည်။ နေပြည်တော်ရှိ ကျောင်းသားကျောင်းသူများအနေဖြင့် တိရစ္ဆာန်မျိုးစိတ်ပေါင်းများစွာ ကြည့်ရှုရမည့် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) တိရစ္ဆာန်များကို သဘာဝအတိုင်း လွှတ်ထားသည့် နေပြည်တော်ဆာဖာရီဥယျာဉ်နှင့် ကျောင်းသားများအနေဖြင့် နက္ခတ်တာရာပြခန်းတွင် ရင်သပ်ရှုမောဖွယ်ရာ အာကာသအတွင်းမှ မြင်ကွင်းများ၊ ရေအောက်ကမ္ဘာမြင်ကွင်းများကို မိမိကိုယ်တိုင် အာကာသအတွင်း ရောက်ရှိသကဲ့သို့ ပင်လယ်ရေနက်ထဲသို့ ရောက်ရှိသွားသည့်အလား စိတ်လှုပ်ရှားဖွယ်ရာ၊ စိတ်ဝင်စားဖွယ်ရာ ခံစားတွေ့မြင်နိုင်မည်ဖြစ်သည်။

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး သတ္တမနေ့မှ သတင်းတိုကောက်နုတ်ချက်

မန္တလေး စက်တင်ဘာ ၂၁

ရရှိမည့် ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ မန္တလေးမြို့တွင်း လမ်းမီးထွန်းရန်ကျန်ရှိသည့်လမ်းမကြီးများကို နှစ်စဉ်တိုးချဲ့တပ်ဆင် ဆောင်ရွက်သွားမည်။

မလှိုင်-ကျောက်တန်း-မိတ်ကုန်း-လယ်ဗျား ကျေးလက်လမ်းပေါ်တွင် (၂၀×၁၂)ပေရှိ နွားကူးချောင်းတံတား ချဉ်းကပ်လမ်းကို ၁၂ ပေအကျယ်မှ ၁၆ ပေအကျယ်ထိ တိုးချဲ့ရန် ကျောက်စီနံရံများ ပြုပြင်ခြင်း၊ ရက်မနှင့် ကြမ်းခင်းများ လဲလှယ်ပြုပြင်ခြင်းတို့အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၁၅ သန်းဖြင့် ဦးစားပေးဆောင်ရွက်ပေးနိုင်ရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်။

ဝမ်းတွင်းမြို့နယ် ကွယ်ကန်ကျေးရွာအုပ်စု ကွယ်ကန်ကျေးရွာမှ ခရိုင်ချင်းဆက်လမ်းသို့ ဆက်သွယ်သည့် အရှည်(၁/၄)မိုင်ရှိ မြေသားလမ်းကြမ်းကို အကျယ်ပေ ၂၀၊ အမြင့် ၂ ပေ မြေသားလမ်းဖောက်လုပ်ရန်အတွက် ငွေကျပ် ၁၁ ဒသမ ၉၄၆ သန်း၊ လမ်းပေါ်တွင် ပေ(၁၀၀× ၂၀) ရေကျော်တစ်စင်းအတွက် ငွေကျပ် ၁၀ သန်း စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ် ၂၁ ဒသမ ၉၄၆ သန်းဖြင့် ဦးစားပေးဆောင်ရွက်ပေးနိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်။

နွားထိုးကြီးမြို့နယ် မင်းရွာမှ ခံစပ်ကုန်းကျေးရွာသို့ အရှည်(၃/၀)မိုင်၊ အကျယ် ၁၂ ပေ၊ ထုရှစ်လက်မ ကျောက်ချောလမ်းဆောင်ရွက်ရန်အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၉၃ သန်းဖြင့် ဦးစားပေးဆောင်ရွက်ပေးနိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်။

တောင်သာမြို့ မူလတန်းကြိုကျောင်းကို လူမှုဝန်ထမ်းဦးစီးဌာနက လွှဲပြောင်းအပ်နှံခြင်း အတည်ပြုပြီးလျှင် ဝန်ထမ်းဖွဲ့စည်းပုံ ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာသို့ ဆက်လက်တင်ပြ၍ ခွင့်ပြုမိန့်ရရှိပါက သတ်မှတ်အရည်အချင်းများနှင့် အကျုံးဝင်သော လက်ရှိဆရာမများအဖြစ် ဆောင်ရွက်နေသူများကို ဦးစားပေးထည့်သွင်းခန့်အပ်ပြီး သတ်မှတ်ချက်နှင့် အကျုံးမဝင်သူများကို လုပ်အားပေးအဖြစ် ထည့်သွင်းခန့်အပ်သွားမည်ဖြစ်သည်။

ဒီစီအီး(မန္တလေး)

မန္တလေးမြို့တွင် စည်းကမ်းပျက်ယာဉ်များအား ထိရောက်စွာအရေးယူမှုကြောင့် ယာဉ်တိုက်မှု လျော့နည်းလာ

မန္တလေး စက်တင်ဘာ ၂၁

မန္တလေးမြို့ အမှတ်(၁၁) ယာဉ်ထိန်းတပ်ဖွဲ့သည် မန္တလေးခရိုင်အတွင်း စည်းကမ်းဖောက်ဖျက်သည့်ယာဉ်များကို အရေးယူမှု ထိရောက်စွာလုပ်ဆောင်နေသဖြင့် ယမန်နှစ်ထက် အမှုပိုမိုများပြားခဲ့၍ ယာဉ်တိုက်မှုလျော့နည်းကျဆင်းလာခဲ့ကြောင်း သိရသည်။

"၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ လိုင်စင်မဲ့မော်တော်ယာဉ် ၄၅ စီး ဖမ်းဆီးနိုင်ခဲ့တယ်။ ပြီးခဲ့တဲ့နှစ် ဩဂုတ်လမှာ မော်တော်ယာဉ်အမှုပေါင်း ၄၁၃၀ ရှိခဲ့ပေမယ့် ဒီနှစ် ဩဂုတ်လမှာ ၆၂၂၁ မှုအထိ အရေးယူခဲ့လို့ အမှုပေါင်း ၂၀၉၁ မှု ပိုများလာခဲ့တယ်။ ဆိုင်ကယ်တွေက ၂၀၁၂ခုနှစ် ဩဂုတ်မှာ ၂၅၉၀၆ မှု၊ ၂၀၁၃ ခုနှစ် ဩဂုတ်လမှာ ၁၈၁၃၁ မှုသာရှိခဲ့လို့ ၇၇၇၅ မှု လျော့နည်းသွားတာကို ကြည့်ရင် စည်းကမ်းလိုက်နာမှု ပိုလာတယ်လို့ ပြောရမယ်"ဟု ယာဉ်ထိန်းရဲတပ်ဖွဲ့ရုံးအဖွဲ့ တပ်ကြပ်ကြီး ဇင်ယော်က ပြောကြားသည်။

ထိုသို့ ကာလတူနှိုင်းယှဉ်ချက်များအရ မန္တလေးခရိုင်အတွင်း ယာဉ်စည်းကမ်းဖောက်ဖျက်မှုများ ပိုမိုအရေးယူခဲ့ခြင်းကြောင့် ယာဉ်တိုက်မှု လျော့နည်းလာကြောင်း၊ ၂၀၁၂ ခုနှစ် ဩဂုတ်လတွင်း ယာဉ်တိုက်မှု ၄၁၂ မှု၊ သေဆုံးသူ ၁၃၃ ဦး၊ ဒဏ်ရာရသူ ၅၀၃ ဦးရှိခဲ့ရာ ၂၀၁၃ ခုနှစ် ဩဂုတ်လအတွင်း ယာဉ်တိုက်မှု ၂၇၂ မှု၊ သေဆုံးသူ ၁၂၄ ဦး၊ ဒဏ်ရာရသူ ၃၆၇ ဦး ရှိခြင်းကြောင့် ယာဉ်တိုက်မှု ၁၄၀၊ သေဆုံးသူ ကိုးဦး၊ ဒဏ်ရာရသူ ၁၃၆ ဦး လျော့နည်းခဲ့ကြောင်း၊ ယခုနှစ် ဩဂုတ်လတွင် ယာဉ်တိုက်မှု ၂၇၂ မှုတွင် သေဆုံးသူ ၁၂၄ ဦး၊ ဒဏ်ရာရသူ ၃၆၇ ဦးရှိကြောင်း သိရသည်။

ထို့အပြင် ဆိုင်ကယ် စသော ယာဉ်တိုက်မှုဖြစ်စဉ်များကြောင့် သေဆုံးသူ ၈၅ ဦးရှိ၍ ဒဏ်ရာရသူ ၂၀၄ ဦး ရှိခဲ့ပြီး ယာဉ်တိုက်မှု ၂၇၂ မှုအနက် ဆိုင်ကယ် စသော ယာဉ်တိုက်မှု ၁၈၆ မှု ရှိခဲ့သည်ဟု ဆိုသည်။

တင်မောင်(မန္တလေး)

ဒေသခံပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရန် ကျောက်ချောလမ်းခင်း

မလှိုင် စက်တင်ဘာ ၂၁

မလှိုင်မြို့နယ် ဒေသခံပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် လမ်းတံတားများကို ပြုပြင်တည်ဆောက်ပေးခဲ့ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း မလှိုင်မြို့ ရပ်ကွက်ကြီး(၃) အမှတ်(၂)ရပ်ကွက် ဓမ္မာရုံအရှေ့လမ်းပိုင်းကို မလှိုင်မြို့ ကျောက်ချောလမ်း တည်ဆောက်ခြင်းကို လမ်းလုပ်ငန်းတာဝန်ခံအငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဆွေဆွေအောင်ဦးစီး၍ အရှည်ပေ ၁၁၀၀၊ အကျယ် ၁၂ ပေရှိ လမ်းပိုင်းကို ဩဂုတ် ၁၇ ရက်က စတင်ဖောက်လုပ်ခဲ့ပြီး ခန့်မှန်း ကုန်ကျငွေ ၆၂ သိန်းကျော် ကုန်ကျမည်ဖြစ်ပြီး လမ်းပိုင်းပြီးသွားပါက ဒေသခံ ပြည်သူများ အဆင်ပြေစွာသွားလာနိုင်မည်ဖြစ်ကြောင်း လမ်းလုပ်ငန်းတာဝန်ခံအငယ်တန်းအင်ဂျင်နီယာထံမှ သိရသည်။

ကျော်ကျော်(မလှိုင်)

မျက်စိအမြင်အာရုံ ရုပ်ပိုင်း စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိမှသာ ယာဉ်မောင်းလိုင်စင်များထုတ်ပေးလျက်ရှိ

မန္တလေး စက်တင်ဘာ ၂၁

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးရာတွင် ကျန်းမာရေးအခြေအနေကို အသက်အပိုင်းအခြားဖြင့် ကန့်သတ်ထားခြင်းမရှိပါကြောင်းနှင့် လုပ်ထုံးလုပ်နည်းများအရ ယာဉ်မောင်းပြန်လည်စစ်ဆေးရန် လိုအပ်သဖြင့်စစ်ဆေးခြင်း၊ ယာဉ်တိုက်မှုဖြစ်စဉ်များ ဖြစ်ပွားခြင်းတို့ကြောင့် စစ်ဆေးခြင်းတို့တွင် ဖော်ပြပါ ကျန်းမာရေးအခြေအနေတစ်ရပ်ရပ် ချို့ယွင်းကြောင်း စစ်ဆေးတွေ့ရှိပါက အဆိုပါယာဉ်မောင်းသူ၏လိုင်စင်ကို ဥပဒေနှင့်အညီ ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက စက်တင်ဘာ ၁၉ ရက်က ကျင်းပသော တိုင်းဒေသကြီးလွှတ်တော်တွင် ကိုယ်စားလှယ် ဒေါ်တင်တင်မာ၏ မေးခွန်းအပေါ် ပြန်လည်ဖြေကြားလိုက်သည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးရန်အတွက် စစ်ဆေးသည့်အချက်များတွင် မျက်စိအမြင်အာရုံကောင်းမွန်မှု၊ စိတ်ပိုင်းဆိုင်ရာဆုံးဖြတ်ချက်များ မှန်ကန်စွာချမှတ်နိုင်မှုနှင့် ရုပ်ပိုင်းဆိုင်ရာ ကိုယ်လက်ကြံ့ခိုင်မှုရှိ/မရှိတို့ကို စစ်ဆေးလျက် အောင်မြင်သူများကိုသာ ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးလျက်ရှိကြောင်း၊ မော်တော်ယာဉ်ကို မောင်းနှင်အသုံးပြုမည့် ကာယကံရှင်အနေဖြင့် မိမိ၏ကျန်းမာရေးအခြေအနေကို မိမိကိုယ်တိုင်သာလျှင် အသိဆုံးဖြစ်ပြီး အန္တရာယ်ကင်းရှင်းမှုရှိစေရေး ကိစ္စရပ်အပေါ်တွင် မိမိကိုယ်တိုင်ဆင်ခြင်စဉ်းစားဆုံးဖြတ်ပြီး အသက်အန္တရာယ်ရှိနိုင်သည့် ယာဉ်မောင်းနှင်မှုကို ကိုယ်တိုင်ပင် ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်းကိုလည်း ဝန်ကြီးက ထည့်သွင်းဖြေကြားသွားသည့်အပြင် ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများ ပုဒ်မ ၇၄ (က)နှင့် ၇၅(က)တို့ကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးရုံး(မန္တလေး)တွင် ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးရာ၌ မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့်လိုင်စင်အတွက် အနိမ့်ဆုံး အသက် ၁၆ နှစ်နှင့် မော်တော်ယာဉ်မောင်းလိုင်စင်အတွက် အနိမ့်ဆုံး အသက် ၁၈ နှစ်ပြည့်ပြီးသူများကိုသာ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျစစ်ဆေးထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ဒီစီအီး(မန္တလေး)

တောင်သူပညာပေး သရုပ်ပြပွဲ ကျင်းပ

စဉ့်ကူး စက်တင်ဘာ ၂၁

ကြံသီးနှံစိုက်ပျိုးနည်းစနစ်မှန်ကန်ရေး၊အထွက်နှုန်း တိုးတက်မြင့်မားစေခြင်းဖြင့် တောင်သူများဝင်ငွေတိုးတက်မြင့်မားရေးနှင့် စက်မှုကုန်ကြမ်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်ရည်ရွယ်၍ ကြံသီးနှံ (GAP) စနစ်ဖြင့် စိုက်ပျိုးနည်း တောင်သူပညာပေး ဆွေးနွေးသရုပ်ပြပွဲကို စက်တင်ဘာ ၁၈ ရက် နံနက် ၈ နာရီက စဉ့်ကူးမြို့နယ် ခတက်ချဉ်စိုက်ကွင်းကြံသီးနှံ (GAP) ငါးဧကစိုက်ကွင်း၌ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက (GAP)စနစ်ဖြင့် ကြံသီးနှံစိုက်ပျိုးနည်းပညာများ ရှင်းလင်းဆွေးနွေးပညာပေးပြီးနောက် တက်ရောက်လာသော တောင်သူများက သိရှိလိုသည်များကို မေးမြန်းရာ တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် တက်ရောက်လာကြသော ဝန်ထမ်းများနှင့် ကြံတောင်သူများသည် ခတက်ချဉ်စိုက်ကွင်းမှ (GAP) စနစ်ဖြင့် စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းနေသော ကြံခင်းများနှင့် သရုပ်ပြမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာပြီး လက်တွေ့ရှင်းလင်း ဆွေးနွေးပညာပေးခဲ့ကြောင်း သိရသည်။

မြင့်သူ(စဉ့်ကူး)

ယာဉ်ကြောလမ်းညွှန်စနစ် မီးပွိုင့်နှစ်ခု၌တပ်ဆင်

မန္တလေး စက်တင်ဘာ ၂၁

ဆီးဂိမ်းအမီ ယာဉ်ကြောလမ်းညွှန်စနစ် မီးပွိုင့်အသစ်နှစ်ခုကို မန္တလေးမြို့ ၇၈ လမ်းနှင့် သိပ္ပံလမ်းဆုံတွင်လည်းကောင်း၊ ၆၂ လမ်းနှင့် သိပ္ပံလမ်းဆုံတွင်လည်းကောင်း တပ်ဆင်သွားမည်ဖြစ်၍ အသစ် တည်ဆောက်ထားသည့် အဆင့်မြင့်ဘောလုံးကွင်း အားကစားရုံနှင့် ဆက်စပ်သော အဓိကလမ်းများဖြစ်ကြောင်း သိရသည်။

"ဆီးဂိမ်းကျင်းပရာမှာ အဓိကလမ်းဆုံတွေဖြစ်လို့ ယာဉ်ကြောရှင်းလင်းအောင်လုပ်တာပါ။ ဒစ်ဂျစ်တယ်မီးပွိုင့်လို့ အလွယ်တကူပြောကြတယ်။ ပုဂ္ဂလိကလုပ်နိုင်မယ့်သူတွေကို အိတ်ဖွင့်တင်ဒါခေါ်ခဲ့ပြီး ဇာနည်အီလက်ထရွန်နစ်က တစ်နေရာကို သိန်း ၂၂၀ နဲ့ တင်ဒါရသွားတာပါ။ ဆက်လက်လုပ်ဆောင်မယ့် မီးပွိုင့်ခြောက်ခု ကျန်သေးတယ်"ဟု စည်ပင်သာယာမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မန္တလေးမြို့ရှိ လမ်းဆုံမီးပွိုင့်များ၊ လမ်းအမှတ်အသားများကို မြို့တော်စည်ပင်သာယာရေး ကော်မတီက တာဝန်ယူ လုပ်ဆောင်ပေးခြင်းဖြစ်၍ မီးပွိုင့်ပေါင်း ၂၉ ခုရှိကြောင်း၊ မီးပွိုင့်နှစ်ခုကို ရန်ကုန်-မန္တလေး အမြန်လမ်းနှင့် စစ်ကိုင်းလမ်းခွဲတွင်လည်းကောင်း၊ ၂၆ လမ်းနှင့် ၆၆ လမ်းတွင် လည်းကောင်း ပြီးခဲ့သည့်နှစ်က တပ်ဆင်ပေးခဲ့ရာ ယင်းနှစ်ခုအတွက် သိန်း ၆၃၀ သုံးစွဲခဲ့ကြောင်း သိရသည်။

၂၆ လမ်း၊ ၇၈ လမ်းဆုံ၊ ၂၈ လမ်း၊ လမ်း ၈၀ လမ်းဆုံ၊ ၂၆ လမ်း၊ ၈၄ လမ်းဆုံ၊ ၃၅ လမ်း၊ လမ်း ၈၀ လမ်းဆုံ၊ ၇၈ လမ်း၊ ၄၂ လမ်းလမ်းဆုံတို့တွင်လည်း ဆက်လက်တပ်ဆင်သွားမည်ဟု ဆိုသည်။ တင်မောင်(မန္တလေး)

လူကို လူချင်း ကုန်ကူးမှု
ပတ်ဝန်းကျင်တွင် ဂရုပြု

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး တွေ့ဆုံပွဲ

ပုသိမ် စက်တင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးတွေ့ဆုံပွဲကို စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်၊ ဘာသာပေါင်းစုံ ချစ်ကြည်ရေးအဖွဲ့နာယက အငြိမ်းစားသံအမတ်ကြီး ဦးလှမောင် ဦးဆောင်သော ဗဟိုအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ခရိုင် အုပ်ချုပ်ရေးမှူးများ၊ တိုင်းဒေသကြီးအတွင်းရှိ ဘာသာကြီးလေးရပ်မှ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘာသာပေါင်းစုံချစ်ကြည်ရေးဗဟိုအဖွဲ့မှ ဧည့်သည်တော်များနှင့် ဒေသရှိ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့များ မိတ်ဆက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဦးစီးနာယက အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်တို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ တိုင်းဒေသကြီး သာသနာရေးဦးစီးမှူး ဦးနိုင်အောင်မိုးက ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဖွဲ့စည်းထားမှုကို ဖတ်ကြားတင်ပြသည်။

ပြန်လည်ဆွေးနွေး

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသော ဘာသာကြီးလေးရပ်က ဆွေးနွေးတင်ပြပြီး တင်ပြမှုအပေါ် ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် အထွေထွေအရပ်ရပ်ကို ဆွေးနွေးကြပြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာမီနီဆလွန်းယာဉ်များအား အရစ်ကျရောင်းမည်

သတင်း- ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ-မိုးထောင်

ရန်ကုန် စက်တင်ဘာ ၂၁

စက်မှုဝန်ကြီးဌာန အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းမှ ထုတ်လုပ်သည့် Myanmar Mini Saloon မော်တော်ယာဉ်များအား အစိုးရဌာနများမှ အရာထမ်းအဆင့်ဝန်ထမ်းများကို နှစ်နှစ်ဆိုင်းအရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း အဆိုပါဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အမှတ်(၁)အကြီးစား စက်မှုလုပ်ငန်းမှ ထုတ်လုပ်သည့် Myanmar Mini Saloon(Basic Model) 812 CC (လေးယောက်စီး)အား စက်တင်ဘာလအတွင်းတွင် အရာထမ်းအဆင့် ဝန်ထမ်းများအား တစ်စီးလျှင် ငွေကျပ်သိန်း ၆၀ ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

ငွေပေးချေမည့် အစီအစဉ်များကို ဦးစားပေးအဆင့် သုံးဆင့်ခွဲခြားထားပြီး လက်ငင်းငွေချေစနစ်၊ ပထမအရစ်တွင် ငွေ ၁၀ သိန်းပေးချေပြီး ကျန်ငွေကို တစ်လလျှင် နှစ်သိန်းခွဲနှုန်းဖြင့် လပေါင်း ၂၀ ပေးသွင်းရမည့်စနစ်၊ တစ်လလျှင် ငွေကျပ် နှစ်သိန်းခွဲနှုန်းဖြင့် နှစ်နှစ် အရစ်ကျပေးချေရမည့်စနစ်များဖြင့် ရောင်းချပေးမည်ဟု အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ သိရသည်။

မြန်မာ မီနီဆလွန်းကားများ၏ အစိတ်အပိုင်းအားလုံးကို တရုတ်နိုင်ငံ Cherry ကုမ္ပဏီမှ တင်သွင်းကာ အမှတ်(၁)အကြီးစားစက်ရုံ ရန်ကုန်မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ၉၉၂ စီး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ၁၁၃၈ စီး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နှစ်စီး စုစုပေါင်း ၂၁၃၂ စီးကို တပ်ဆင်ထုတ်လုပ်ခဲ့ပြီးဖြစ်ကြောင်း အထွေထွေမန်နေဂျာ ဦးမျိုးချိုက ပြောကြားသည်။

"မြန်မာမီနီဆလွန်းက ကားပါကင်ထိုးရတာ လွယ်တယ်။ တစ်ဂါလန်ကို ၄၅မိုင်မောင်းနိုင်လို့ ဆီစားနှုန်းသက်သာတယ်။ အဲကွန်းပါတယ်။ အသစ်စက်စက်ဖြစ်တယ် စတဲ့ အားသာချက်တွေတော့ ရှိတယ်။ ဒါပေမယ့် တံခါးမှန်က ပါဝါဝင်းဒိုးမဟုတ်ဘူး၊ သူက အော်တိုဂီယာမဟုတ်လို့ လက်ရှိသုံးစွဲနေတဲ့ ယာဉ်အားလုံးမှာ ဆီစားနှုန်းတော့ အသက်သာဆုံးပဲ"ဟု ဦးမျိုးချိုက ပြောကြားသည်။

လက်ရှိတွင် မြန်မာမီနီဆလွန်းအား အစီးရေ ၁၇၀၀ ကျော်ရောင်းချခဲ့ပြီး အစီးရေ ၄၀၀ကျော် ဆက်လက်ရောင်းချရန်ရှိသေးကြောင်း သိရသည်။ အမှတ်(၁) အကြီးစားစက်ရုံ (ရန်ကုန်)မှ မြန်မာမီနီဆလွန်းသာမက ဆီတင်ယာဉ်၊ ရေသယ်ယာဉ်၊ မြေသယ်ယာဉ်၊ မြို့တွင်းသုံး လူစီးယာဉ်ဘတ်စ်ကားများ၊ လျှပ်စစ်ကားများနှင့် Bolt & Nut အမျိုးမျိုးကို ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

ယခု အရစ်ကျရောင်းချမည့် မြန်မာမီနီဆလွန်းများကို ဝယ်ယူလိုပါက နေပြည်တော် ရုံးအမှတ် (၃၀) အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း ရောင်းချဖြန့်ဖြူးရေးဌာန ဖုန်း-၀၆၇-၄၀၅၁၆၄၁၊ ၄၀၅၂၂၆၊ ၄၀၅၃၂၃ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

ကျော်ငြာ

လူကုန်ကူးမှု တိုက်ဖျက်ရေးအတွက် လှုံ့ဆော်မှုများဆောင်ရွက်

သတင်း- သန်းမောင်၊ မင်းမင်းလတ်၊ ဓာတ်ပုံ- သန်းမောင်(ရန်ကင်း)

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့နှင့် UNIAP အဖွဲ့တို့ ပူးပေါင်းစီစဉ်သော လူကုန်ကူးမှုကြိုတင်တားဆီးကာကွယ်ရေးအစီအစဉ်များကို ပြုလုပ်ရာ ရန်ကုန်မြို့ရှိ လူငယ်များကဦးစီးပြီး ပြည်သူများအား အသိပညာပေးလုပ်ငန်းများကို ရပ်ရွာအဆင့်အထိ ကွင်းဆင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လူကုန်ကူးမှုနှင့်ပတ်သက်၍ လှုံ့ဆော်ရေးအစီအစဉ်တွင် UNIAP အဖွဲ့က တာဝန်ရှိသူများ၊ ရန်ကုန်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ ရဲအုပ်ကျော်ထူးအောင်နှင့်ရဲအုပ်ကေခိုင်ကျော်၊ တပ်ဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူ ၂၁ ဦး ပါဝင်သောအဖွဲ့သည် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရန်ကုန်-ဒလ သင်္ဘောပေါ်၌ သင်္ဘောစီး မိဘပြည်သူများကို လူကုန်ကူးမှု အသိပညာပေး လက်ကမ်းစာစောင်များ Hot Line Cards များ ပေးဝေပြီး သင်္ဘောစီးပြည်သူများနှင့် စကားပြောရင်း မေးခွန်းအချို့မေးမြန်းကာ သင်္ဘောပေါ်တွင် လူကုန်ကူးမှု အသိပညာပေး Stickers များကပ်၍ အသိပညာပေးမှုများ ပြုလုပ်ခဲ့သည်။ ထို့သို့ ရန်ကုန်-ဒလသင်္ဘောခရီးစဉ် တတိယအကြိမ်ပြေးဆွဲပြီး ဒလဆိပ်ကမ်းတွင် ကျောင်းသား ကျောင်းသူ ၂၁ ဦးပါဝင်သော လျှပ်တစ်ပြက် လူစုလူဝေး လှုံ့ဆော်ရေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါလှုပ်ရှားမှုများကို ယခင်ရက်များအတွင်းက မြို့ပတ်ရထားနှင့် ဘူတာများတွင် ပြုလုပ်ခဲ့ကြောင်းလည်း သိရသည်။ ထို့အပြင် ရန်ကုန်မြို့ အဝေးပြေးယာဉ်ရပ်နားစခန်းများတွင်လည်း လာမည့်ရက်အနည်းငယ်အတွင်း ပြုလုပ်ရန် စီစဉ်ထားကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပြည်ထဲရေးဝန်ကြီးဌာန လူကုန်ကူးမှုတိုက်ဖျက်ရေးအထူးအဖွဲ့၊ UNIAP၊ UNICEF၊ IOM၊ World Vision International(Myanmar)၊ Save the Children၊ AFXB၊ MTV Exit နှင့် Walk Free အဖွဲ့များက ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တန်ဖိုးနည်းမိုဘိုင်းဖုန်းများ
၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ဆက်လက်ဖြန့်ဖြူးရောင်းချမည့်အစီအစဉ်

၁။ ၂၀၁၃ ခုနှစ် ဧပြီလမှစတင်၍ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် လစဉ်တန်ဖိုးနည်းမိုဘိုင်းဖုန်း သုံးသိန်းငါးသောင်းစီကို ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ပြည်သူများ အလွယ်တကူ အဆင်ပြေချောမွေ့စွာ ဆက်သွယ်အသုံးပြုနိုင်ရေးအတွက် ခွဲဝေဖြန့်ဖြူးရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် ဖြန့်ဖြူးရောင်းချပြီး တန်ဖိုးနည်းမိုဘိုင်းဖုန်း ၁ ဒသမ ၇၆ သန်းအပါအဝင် စုစုပေါင်း မိုဘိုင်းဖုန်း ၅ ဒသမ ၅၆ သန်းကျော် ဖြန့်ဖြူးရောင်းချခဲ့ပြီးဖြစ်ပါသည်။ တစ်နိုင်ငံလုံးတွင် ဖြန့်ဖြူးရောင်းချပေးခဲ့ပြီးဖြစ်သည့် ဖုန်းအရေအတွက်ပေါင်းနှင့် မိမိနိုင်ငံရှိ အိမ်ထောင်စုပေါင်း ၈ဒသမ၇သန်းကျော်အား အချိုးကျတွက်ကြည့်မည်ဆိုပါလျှင် အိမ်ထောင်စု ၁ ဒသမ ၅ စုလျှင် မိုဘိုင်းဖုန်း(၁)လုံးနှုန်း ရရှိသွားနိုင်မည်ဖြစ်သော်လည်း လက်ရှိအခြေအနေတွင် အိမ်ထောင်စုတိုင်း ဖုန်းသုံးစွဲရန် လိုအပ်နေသေးကြောင်း စိစစ်တွေ့ရှိနေရပါသည်။ သို့ဖြစ်ပါ၍ အိမ်ထောင်စုတိုင်းအတွက် မိုဘိုင်းဖုန်းပိုမိုသုံးစွဲခွင့်ရရှိရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်။

၂။ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် တယ်လီဖုန်းခေါ်ဆိုခ ၃၀၀ ကျပ် ကြိုတင်ပေးသွင်းထားသော CDMA 800 MHz (MECTel) မိုဘိုင်းဖုန်း ၁၅၀၀၀၀ နှင့် GSM/ WCDMA မိုဘိုင်းဖုန်း ၂၁၀၀၀၀၊ စုစုပေါင်း မိုဘိုင်းဖုန်း ၃၆၀၀၀၀ ကို SIM Card တစ်ခုအတွက် ၁၅၀၀ ကျပ်နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပါသည်။

၃။ ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် မိုဘိုင်းဖုန်းများကို ဆက်လက်ဖြန့်ဖြူးရောင်းချပေးသွားရန် စီစဉ်ရာတွင် လက်ရှိတပ်ဆင်ပေးထားသော လိုင်းအင်အားနှင့် အမှန်တကယ်သုံးစွဲနေသော အခြေအနေများအရ ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ အောက်ပါအတိုင်း အချိုးကျခွဲဝေပြီး တပ်ဆင်ပေးရန် လျာထားတွက်ချက်ထားပါသည်။

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	CDMA 800 မိုဘိုင်းဖုန်းလိုင်း	GSM မိုဘိုင်းဖုန်းလိုင်း	WCDMA မိုဘိုင်းဖုန်းလိုင်း	စုစုပေါင်း
၁	နေပြည်တော်ကောင်စီနယ်မြေ	၄၅၀၀	၇၀၀၀	၇၀၀၀	၁၈၅၀၀
၂	ကချင်ပြည်နယ်	၁၅၀၀	၂၄၀၀	၆၀၀	၄၅၀၀
၃	ကယားပြည်နယ်	၅၀၀	-	၂၀၀	၇၀၀
၄	ကရင်ပြည်နယ်	၄၅၀၀	၃၅၀၀	၅၀၀	၈၅၀၀
၅	ချင်းပြည်နယ်	၂၀၀၀	၂၀၀	၁၀၀	၂၃၀၀
၆	စစ်ကိုင်းတိုင်းဒေသကြီး	၅၄၀၀	၁၀၈၀၀	၁၂၀၀	၁၇၄၀၀
၇	တနင်္သာရီတိုင်းဒေသကြီး	၁၂၀၀	၄၁၀၀	၉၀၀	၆၂၀၀
၈	ပဲခူးတိုင်းဒေသကြီး(အရှေ့)	၈၇၀၀	၇၃၀၀	၁၂၀၀	၁၇၂၀၀
၉	ပဲခူးတိုင်းဒေသကြီး(အနောက်)	၁၁၇၀၀	၅၁၀၀	၉၀၀	၁၇၇၀၀
၁၀	မကွေးတိုင်းဒေသကြီး	၁၁၀၀၀	၁၈၈၀၀	၁၂၀၀	၃၁၀၀၀
၁၁	မန္တလေးတိုင်းဒေသကြီး	၁၇၀၀၀	၂၀၀၀၀	၁၁၀၀၀	၄၈၀၀၀
၁၂	မွန်ပြည်နယ်	၅၇၀၀	၁၃၂၀၀	၈၀၀	၁၉၇၀၀
၁၃	ရခိုင်ပြည်နယ်	၃၁၅၀	၇၂၀၀	၈၀၀	၁၁၁၅၀
၁၄	ရန်ကုန်တိုင်းဒေသကြီး	၂၅၁၅၀	၃၃၅၀၀	၂၂၅၀၀	၈၁၁၅၀
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၄၂၀၀	၄၀၀၀	၁၀၀၀	၉၂၀၀
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၃၀၀	၂၅၀၀	၅၀၀	၆၃၀၀
၁၇	ရှမ်းပြည်နယ်(တောင်ပိုင်း)	၁၆၇၀၀	၄၂၀၀	၈၀၀	၂၁၇၀၀
၁၈	ဧရာဝတီတိုင်းဒေသကြီး	၂၃၈၀၀	၁၄၂၀၀	၈၀၀	၃၈၈၀၀
	စုစုပေါင်း	၁၅၀၀၀၀	၁၅၈၀၀၀	၅၂၀၀၀	၃၆၀၀၀၀

၄။ ပြည်သူများသက်သာသောနှုန်းထားဖြင့် အမှန်တကယ်အသုံးပြုနိုင်ရန်ရည်ရွယ်၍ ဖြန့်ဖြူးရောင်းချခြင်းဖြစ်သည့်အတွက် ဖုန်းကတ်ဝယ်ယူထားသည့်ရက်မှစ၍ ၁၅ ရက်အတွင်း တယ်လီဖုန်း SIM Card တွင် မူလထည့်သွင်းပေးထားသည့် တယ်လီဖုန်းခေါ်ဆိုခ ၃၀၀ကျပ်မကုန်မီ တယ်လီဖုန်းသုံးစွဲသူသည် အနည်းဆုံး ၅၀၀၀ကျပ်တန် ကြိုတင်ငွေဖြည့်ကတ်ဖြင့် ငွေဖြည့်သုံးစွဲရပါမည်။ SIM Card ကို အခြားသူတစ်ဦးဦးသို့ လက်ဆင့်ကမ်းရောင်းချခြင်းမှ ကာကွယ်ရန်အတွက် ၁၅ ရက်အတွင်း အသုံးပြုခြင်းမရှိပါက အဆိုပါဖုန်းကတ်သည် အလိုအလျောက်လိုင်းပိတ်သွားမည်ဖြစ်ပါသည်။

၅။ ဤတန်ဖိုးနည်း မိုဘိုင်းဖုန်းများသည် လစဉ်ကြိုတင်ငွေဖြည့်ကတ်ဖြင့် ပြောဆိုခ ကျပ် ၂၅၀၀ကို အနည်းဆုံးသုံးစွဲရမည်ဖြစ်ပါသည်။ နှစ်လပြည့်သော်လည်း ကြိုတင်ငွေဖြည့်ကတ်မှ ၅၀၀၀ ကျပ်ကို အပြည့်မသုံးစွဲပါက ကျပ် ၅၀၀၀ ပြည့်သည်အထိ အလိုအလျောက်ဖြတ်တောက်သွားပါမည်။ ဖြည့်သွင်းထားသောငွေကုန်ဆုံးပြီးနောက် ၁၅ ရက်အတွင်း ငွေထပ်မံ၍ ငွေဖြည့်သွင်းခြင်းမရှိပါက အဆိုပါဖုန်းကတ်သည် အလိုအလျောက်လိုင်းပိတ်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

မွေးသက္ကရာဇ်နှင့် မိဘအမည်မှန်

အထက(ကွတ်ခိုင်မြို့) တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်ဝွန်းအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၃၀-၁-၁၉၉၈ ဖြစ်ပြီး မိဘအမည်မှန်မှာ ဦးရှန်ထင်းနော်တောင်နှင့် ဒေါ်ဖော်ရေဘောက်ဖြစ်ပါကြောင်း။

မောင်ဝွန်းအောင်

ပြည်တွင်းသတင်း

အိန္ဒိယ-မြန်မာ ဟိုင်းဝေးလမ်းမကြီး အုတ်မြစ်ချကျောက်တိုင်ဖွင့်ပွဲ ကျင်းပ

ကလေး စက်တင်ဘာ ၂၁

အိန္ဒိယ-မြန်မာ အဝေးပြေးလမ်းမကြီး ပလက်ဝ-လာကီလမ်းပိုင်း စတင်ဖောက်လုပ်အကောင်အထည်ဖော်နိုင်ရန်အတွက် အုတ်မြစ်ချကျောက်တိုင်ဖွင့်ပွဲကို အိန္ဒိယ-မြန်မာနယ်စပ်ရှိ လာကီကျေးရွာတွင် စက်တင်ဘာ ၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါဖွင့်ပွဲအခမ်းအနားကို မီဇိုရမ်ပြည်နယ်ဝန်ကြီးချုပ်နှင့် Public Health and Tourism ဝန်ကြီးတို့ တက်ရောက်အားပေးကာ ဝန်ကြီးချုပ် Pu Lal Thanhawla က ကျောက်တိုင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ယင်းအခမ်းအနားသို့ ပလက်ဝ-လာကီလမ်းဖြတ်သန်းမည့် မြန်မာကျေးရွာ ၁၁ ရွာမှ ပြည်သူ ၆၀၀ ကျော် တက်ရောက်ခဲ့ကြပြီး မြန်မာဂီတ်အမည်ဖြင့် ဂီတ်တစ်ခု ဆောက်လုပ်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ကို ကြိုဆိုခဲ့ကြကြောင်း သိရသည်။ "ကျွန်တော်တို့ အလွန်ပျော်ပါတယ်။ ကျွန်တော်တို့ရွာက ကားလမ်းမပြောနဲ့ ဆိုင်ကယ်လမ်းတောင်မရှိဘူး။ အခု အိန္ဒိယ-မြန်မာ ဟိုင်းဝေးလမ်းကြီးက ကျွန်တော်တို့ရွာ ဖြတ်လာမှာဆိုတော့ ရွာသူရွာသားတွေအကုန်လုံး ဝမ်းသာနေကြပါတယ်" ဟု ပါရာကျေးရွာသားတစ်ဦးက ပြောသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ယခုလမ်းသည် မြန်မာ-အိန္ဒိယတွင် နေထိုင်သူများအတွက် များစွာ အကျိုးရှိမည်ဖြစ်ကြောင်း၊ လမ်း ပြီးစီးပါက စိုင်ဟာမှ ပလက်ဝသို့ ကုန်သွယ်နိုင်တော့မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ လာကီ-ပလက်ဝလမ်းပိုင်းသည် အိန္ဒိယ-မြန်မာနှစ်နိုင်ငံ သဘောတူ လက်မှတ်ထိုးထားသည့် ကုလားတန် ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အိန္ဒိယဗဟိုအစိုးရဘက်မှ ဘတ်ဂျက်ချပေးမည်ဖြစ်ကာ Mizoram Public Work Department (MPWD)မှ တာဝန်ယူ ဖောက်လုပ်မည်ဖြစ်ကြောင်း၊ အကျယ် ၁၈ ပေ ဖောက်မည့် အဆိုပါလမ်းအတွက် အိန္ဒိယဗဟိုအစိုးရမှ ရူပီးငွေ ကုဋေ ၁၅၀၀၀ ကို ဧပြီလအတွင်းက ချထားပေးခဲ့ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

ကလေးမြို့ စိမ်းလန်းပျံ့ကျဈေးသည်များ လမ်းအနောက်သို့ ပေ ၅၀ နောက်ဆုတ်ရောင်းချ

ကလေး စက်တင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့စိမ်းလန်းပျံ့ကျဈေးတန်းများကို စက်တင်ဘာ ၁၇ ရက် နောက်ဆုံးထားရွှေ့ပြောင်းရန် ကလေးမြို့နယ်စည်ပင်သာယာရေးကော်မတီက ထုတ်ပြန်ထားရာ ယခုအခါ စိမ်းလန်းပျံ့ကျဈေးသည်များ ပေ ၅၀ လမ်း၏ နောက်သို့ဆုတ်၍ရွှေ့ပြောင်း ရောင်းချနေကြောင်း သိရသည်။ ကလေးမြို့ရှိ ဈေးသုံးဈေးဖြစ်သည့် မြို့မဈေး၊ တာဟန်းဈေးနှင့် ပင်လုံဈေးကိုသာ ကလေးမြို့ မြို့နယ်စည်ပင်သာယာပိုင်ဈေးများအဖြစ် သတ်မှတ်ထားပြီး

လက်ရှိ ဘုရင့်နောင်လမ်း(ကလေးဝလမ်း)ဝယ်ကောင်းနှင့် ရှမ်းစားသောက်ဆိုင်ကြား ပေ ၅၀ လမ်းနယ်နိမိတ်အတွင်း ရောင်းချနေသော စိမ်းလန်းပျံ့ကျဈေးတန်းမှာ ကျူးကျော်ဈေးသာဖြစ်ကြောင်း သိရသည်။ "လမ်းကကျဉ်းတယ်ဆိုတော့ မီးဘေး၊ ရေဘေး၊ လုံခြုံရေးအတွက် ရည်ရွယ်ချက်နဲ့ လမ်းရဲ့အနောက်ကိုဆုတ်ပြီး နေရာရွှေ့ပြောင်းဖို့ပြောထားတာပါ။ လုံးလုံးပြောင်းရွှေ့ခိုင်းတာတော့ မဟုတ်ပါဘူး။ စိမ်းလန်းဈေးက တရားဝင်ဈေး မဟုတ်တော့ ကျွန်တော်တို့က နေရာစနစ်တကျ သတ်မှတ်ပေးလို့မရပါဘူး။ အခု အိမ်ပိုင်ရှင်တွေနဲ့လည်း ညှိနှိုင်းပေးထားပါပြီ" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။ စိမ်းလန်းဈေးတန်းမှာ ၂၀၀၄ ခုနှစ်က စတင်ရောင်းချခဲ့ခြင်းဖြစ်ပြီး စိမ်းလန်းဈေး ပျံ့ကျဈေးသည်များသည် ယခင်မြို့မဈေး ဗလီလမ်းမှ တစ်ကြိမ်ပြောင်းရွှေ့ခံထားရသူများဖြစ်ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့်အခြေခံစားကုန်ဈေးနှုန်း

၂၁-၉-၂၀၁၃ ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၉၇၅၀၀-၆၅၆၅၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၉၇၃၀၀-၆၅၆၃၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀-၉၇၃	ကျပ်
ဥရောပ	တစ်ယူရို	၁၃၀၈-၁၃၂၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၄-၇၈၄	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၈-၃၁	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅. ၄၈	ကျပ်
တရုတ်	တစ်ယွမ်	၁၆၀-၁၆၅	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၇-၃၀၂	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၄၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၃၀၀-၃၅၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၂၀၀-၇၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၈၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၂၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၅၀၀-၂၀၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွေဆန်	တစ်အိတ်	၁၇၈၀၀
၂။ ပေါ်ကြွဲ	တစ်အိတ်	၂၁၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၈၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၀၈
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၃၀-၈၂၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၉၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၂၀၀-၁၂၂၅
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၃၃၀-၄၇၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၂၀၀-၂၃၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၀၀၀
၁၂။ သကြား	တစ်ပိဿာ	၉၇၀-၁၀၆၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

လူကုန်ကူးမှုတိုက်ဖျက်ရေး လူတိုင်းကိုယ်စီသတင်းပေး

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အောက်ဖော်ပြပါ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်များတွင် စာသင်ဆောင်များ တည်ဆောက်ခြင်းအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန်ဖိတ်ခေါ်ပါသည်-

ခြောက်ထပ်ဆောင်တည်ဆောက်ခြင်းလုပ်ငန်း	
၁	**ရန်ကုန်နည်းပညာတက္ကသိုလ်** သုတေသနဆောင် (၈၀'×၇၀'×၈၆') RCC သံကူကွန်ကရစ်ခြောက်ထပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်း ၃၃၆၀၀ စ/ပေ
သုံးထပ်ဆောင်တည်ဆောက်ခြင်းလုပ်ငန်း	
၁	**နည်းပညာတက္ကသိုလ် (မုံရွာ)** စာသင်ဆောင် (၅၁၂'×၄၈') သံကူကွန်ကရစ်သုံးထပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်း ၆၂၀၂၈ စ/ပေ
၂	**နည်းပညာတက္ကသိုလ် (တောင်ငူ)** စာသင်ဆောင် (၅၁၂'×၄၈') သံကူကွန်ကရစ်သုံးထပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်း ၆၂၀၂၈ စ/ပေ
၃	**နည်းပညာတက္ကသိုလ် (မကွေး)** စာသင်ဆောင် (၅၁၂'×၄၈') သံကူကွန်ကရစ်သုံးထပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်း ၆၂၀၂၈ စ/ပေ
၄	**အစိုးရနည်းပညာကောလိပ် (ရွှေဘို)** စာသင်ဆောင် (၄၅၂'×၄၈') သံကူကွန်ကရစ်သုံးထပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်း ၅၅၂၁၈ စ/ပေ
နှစ်ထပ်ဆောင်တည်ဆောက်ခြင်းလုပ်ငန်း	
၁	**ဇီဝနည်းပညာသုတေသန ဦးစီးဌာန** (က) စာသင်ဆောင် (၁၈၈'×၄၈'×၂၄') သံကူကွန်ကရစ်နှစ်ထပ်နှစ်လုံး RC ဆောက်လုပ်ခြင်း (ရုံးချုပ်) (ခ) စာသင်ဆောင် (၁၈၈'×၄၈'×၂၄') သံကူကွန်ကရစ်နှစ်ထပ်နှစ်လုံး RC ဆောက်လုပ်ခြင်း (စွန်ရဲအင်း)
၂	**အစိုးရနည်းပညာကောလိပ် (မြင်းခြံ)** စာသင်ဆောင် (၄၅၂'×၄၈') သံကူကွန်ကရစ်နှစ်ထပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်း ၃၆၈၁၂ စ/ပေ
၃	**အစိုးရစက်မှုလက်မှုသိပ္ပံ (သရက်)** စာသင်ဆောင် (၂၀၀'×၄၀'×၂၆') သံကူကွန်ကရစ်နှစ်ထပ် တည်ဆောက်ခြင်းလုပ်ငန်း
၄	**ရန်ကုန်ကွန်ပျူတာတက္ကသိုလ်** စာသင်ဆောင် (၁၈၀'×၄၀'×၂၆')နှစ်ထပ် သံကူကွန်ကရစ်တစ်လုံး ဆောက်လုပ်ခြင်းလုပ်ငန်း ၁၄၄၀၀ စ/ပေ

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၃-၉-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂၁)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၂-၁၀-၂၀၁၃ ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၁၈၁ နှင့် ၀၆၇-၄၀၄၀၀၇ တို့တွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနရှိ ဆေးတက္ကသိုလ်၊ တောင်ကြီးတွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန၏ ဆောင်ရွက်ရန်လုပ်ငန်းများ			
စဉ်	တည်နေရာ/တက္ကသိုလ်အမည်		ဆောင်ရွက်မည့်လုပ်ငန်းများ
၁။	ရှမ်းပြည်နယ်	ဆေးတက္ကသိုလ်၊ တောင်ကြီး	(၁)ပင်မဆောင်တည်ဆောက်ခြင်းလုပ်ငန်း (၂)သင်ကြားရေးဆောင်(၁)တည်ဆောက်ရေးလုပ်ငန်း (၃)သင်ကြားရေးဆောင်(၂)တည်ဆောက်ရေးလုပ်ငန်း (၄)Lecture Theatre တည်ဆောက်ခြင်းလုပ်ငန်း (၅)ပါမောက္ခချုပ်အိမ်ရာတည်ဆောက်ခြင်းလုပ်ငန်း (၆)အရာထမ်းအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်း (၇)အရာထမ်းအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်း ၈၀၀ စတုရန်းပေ (၈)အမှုထမ်းအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်း ၆၀၀ စတုရန်းပေ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၄-၉-၂၀၁၃ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၇-၁၀-၂၀၁၃ ရက် ၁၆း၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက်သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပိုမို၍ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအလိုက် သတ်မှတ်ထားသည့်တင်ဒါအာမခံကြေးတစ်ခုချင်းပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တစ်ခုချင်း တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
ရုံးအမှတ် ၄၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ နေပြည်တော်။

၅။ အသေးစိတ်သိရှိလိုသော အချက်များကို ဦးစီးဌာနတွင်လည်းကောင်း၊ ဖုန်း- ၀၆၇-၄၁၁၂၃၃၊ ၀၆၇-၄၁၁၁၄၈၊ ၀၆၇-၄၁၁၁၄၉တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးစကြိုင်သန်း၏သမီး မချိုချိုသက် ၁၂/မဂတ(နိုင်)၀၉၁၈၂၇နှင့် မနန်းချိုချိုသက်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့ အထက(၂) နဝမတန်း(D)မှ မဆွေဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးထိန်ဝင်း ၉/တကန(နိုင်)၁၁၇၁၆၈ ဖြစ်ပါကြောင်း။

ဦးထိန်ဝင်း

အမည်ပြောင်း

မလှိုင်မြို့နယ် မိသားစုကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မမေသုတသိမ်း(အဖ ဦးဇော်မင်းသိန်း-အမိ ဒေါ်မို့မို့ဟန်) အား မသုတနန္ဒာအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မသုတနန္ဒာအောင်

ရက်ပေါင်း ၇၉ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာမြားပစ်အဖွဲ့၏ လက်ရည်စစ်ပြိုင်ပွဲတွင် ဆီးဂိမ်းစံချိန်သစ် သုံးခုတင်

သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-ကိုကိုစိုးညွန့်

ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်နေသည့် မြန်မာမြားပစ်အဖွဲ့၏ စက်တင်ဘာလအတွက် လက်ရည်စစ်မြားပစ်ပြိုင်ပွဲ နောက်ဆုံးနေ့နှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် ညနေပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် Recurve အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၌ ပထမ-ဇာခြည်ဝင်း၊ ဒုတိယ-သင်းသင်းခိုင်၊ တတိယ-စန်းယုထွေး၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပထမ-ဇော်ဝင်းထိုက်၊ ဒုတိယ-အောင်မျိုးသူ၊ တတိယ-နေမျိုးအောင်၊ Compound အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပထမ-အောင်ငိုမ်း၊ ဒုတိယ-ယောစိမ်းယ၊ တတိယ-လှလှစံ၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပထမ-ရှိန်းထက်ကျော်၊ ဒုတိယ-လင်းနိုင်၊ တတိယ-အောင်ခြိမ့်ဘော်၊ Recurve အသင်းလိုက် ရှုံး/ထွက်ပြိုင်ပွဲတွင် ပထမ-အမျိုးသား(က)အသင်း၊ ဒုတိယ-အမျိုးသမီး(က)အသင်း၊ တတိယ-အမျိုးသား(ခ) အသင်း၊ Compound အသင်းလိုက် ရှုံး/ထွက်ပြိုင်ပွဲတွင် ပထမ-အမျိုးသမီး(က) အသင်း၊ ဒုတိယ-အမျိုးသား(က) အသင်းနှင့် တတိယ-အမျိုးသား(ခ) အသင်းတို့က ရရှိကြသည်။ Recurve Mix Team ပြိုင်ပွဲတွင် ပထမ-ဇော်ဝင်းထိုက်နှင့် သင်းသင်းခိုင်၊ ဒုတိယ-အောင်မျိုးသနင် ဇာခြည်ဝင်း၊ တတိ

ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေစဉ်။

ယ-နေမျိုးအောင်နှင့် သဇင်အောင်၊ Compound Mix Team ပြိုင်ပွဲတွင် ပထမ-လင်းနိုင်နှင့် အောင်ငိုမ်း၊ ဒုတိယ-ရှိန်းထက်ကျော်နှင့် ယောစိမ်းယ၊ တတိယ-အောင်ခြိမ့်ဘော်နှင့် အေးအေးသင်းတို့အတွဲက ရရှိကြသည်။

ယခုပြိုင်ပွဲတွင် ဆီးဂိမ်းစံချိန်သစ်များ တင်နိုင်ခဲ့ပြီး Recurve Mix Team ပြိုင်ပွဲတွင် ဆီးဂိမ်းစံချိန် ၁၃၇ မှတ်ကို ပထမဆုရ ဇော်ဝင်းထိုက်နှင့် သင်းသင်းခိုင်အတွဲက ၁၄၆ မှတ်၊ ဒုတိယဆုရ အောင်မျိုးသူနှင့် ဇာခြည်ဝင်းအတွဲက ၁၃၉ မှတ်တို့ဖြင့်လည်းကောင်း၊ အမျိုးသမီး Compound တစ်ဦးချင်းပြိုင်ပွဲတွင် ဆီးဂိမ်းစံချိန် ၁၃၉ မှတ်ကို အောင်ငိုမ်းက ၁၄၅ မှတ်ဖြင့်လည်းကောင်း စံချိန်သစ်တင်နိုင်ခဲ့သည်။

ဆုများကို အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ အားကစားဝန်ကြီးဌာန ဒုတိယရုံးအဖွဲ့မှူး ဦးကျော်ဦးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

မြန်မာနပန်း ရွှေဆုမှန်း လေ့ကျင့်ပြင်ဆင်ပြုလုပ်နေ

ရန်ကုန် စက်တင်ဘာ ၂၁

နှစ်ပေါင်း ၄၄ နှစ်အကြာ မြန်မာ့မြေပေါ်၌ကျင်းပမည့်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုများ ရရှိရေးအတွက် မြန်မာနပန်း အားကစားသမားများ ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိရာ နပန်းအဖွဲ့သည် ကစားသမား ၃၄ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ နပန်းလက်ရွေးစင်များတွင် အမျိုးသား ၂၅ ဦး၊ အမျိုးသမီး ကိုးဦးတို့ အပြီးသတ်ရွေးချယ်ထားပြီးဖြစ်သည်။ "ကမ္ဘာ့အဆင့် တူရကီနည်းပြသုံးဦးတို့က လေ့ကျင့်ပေးလျက်ရှိပါတယ်"ဟု မြန်မာနိုင်ငံနပန်းအဖွဲ့ချုပ်အတွင်းရေးမှူး ဒေါက်တာအောင်ကျော်ဆန်းက ရှင်းပြသည်။

"နပန်းကစားနည်းပြိုင်ပွဲအတွက် ရွှေ ၂၁ ခုပေးမှာ ဖြစ်ပါတယ်။ နပန်းအားကစားသမားတွေအနေနဲ့ ရွှေတံဆိပ်သုံးခု ဆွတ်ခူးရနိုင်မယ်လို့ မျှော်မှန်းထားပါတယ်။ ဆီးဂိမ်းမှာ ပြိုင်ပွဲအမျိုးအစားသုံးမျိုး ပါဝင်မှာဖြစ်ပါတယ်။ မြန်မာနပန်းအားကစားသမားတွေကို အမျိုးသား ၅၅၊ ၆၀၊ ၆၆၊ ၇၄၊ ၈၄၊ ၉၆ ၊ ၁၂၀ ကီလိုတန်းနဲ့ အမျိုးသမီး ၄၄ ၊ ၄၈၊ ၅၁၊ ၅၅၊ ၅၉၊ ၆၃၊ ၆၇ ကီလို

တန်းတို့ ယှဉ်ပြိုင်မှာဖြစ်ပါတယ်"ဟု ဒေါက်တာအောင်ကျော်ဆန်းက ဆက်လက်ရှင်းပြသည်။

"ကျွန်တော်တို့ နပန်းအားကစားသမားမောင်မယ်တွေအနေနဲ့ အဓိကယှဉ်ပြိုင်ရမှာ ဗီယက်နမ်၊ ထိုင်း၊ ဖိလစ်ပိုင်တို့ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် အင်ဒိုနီးရှားဆီးဂိမ်းမှာ ကြေးတံဆိပ် လေးခု ရခဲ့ပါတယ်။ အဲဒီဆီးဂိမ်းမှာ အားကစားသမားငါးဦးဖြင့် သွားရောက်ယှဉ်ပြိုင်ခဲ့ပြီးလေ့ကျင့်ချိန် သုံးလလောက်ပဲ ရပါတယ်။ ယခု ၂၀၁၃ ဆီးဂိမ်းမှာတော့ နိုင်ငံတကာအတွေ့အကြုံများ ရရှိနေပြီး ရွှေတံဆိပ်မျှော်မှန်းထားပါတယ်။ ဒီလမှာ နပန်းအားကစားသမား

သတင်း-မောင်မောင်စိုး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မောင်မယ်တွေကို ကမ္ဘောဒီးယားမှာ ပူးတွဲလေ့ကျင့်မှုပြုလုပ်မှာပါ"ဟု ဆက်လက်ပြောကြားသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား နပန်းပြိုင်ပွဲတွင် မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ လာအိုတို့ဖြစ်ပြီး ပြိုင်ပွဲကို ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားရုံ(၁)သုဝဏ္ဏ၌ ဒီဇင်ဘာ ၉၊ ၁၀၊ ၁၂၊ ၁၃ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

ပိန်းဇလုပ်၌ ငါးမျိုးစိုက်ထည့်

ပိန်းဇလုပ် စက်တင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက စတုတ္ထအကြိမ် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို စက်တင်ဘာ ၁၃ ရက် နံနက်က ဒိုက်ဦးမြို့နယ် ပေါက်တပင်ကျေးရွာရှိ ကတုတ်ချောင်း၌ ငါးမြစ်ချင်းငါးသားပေါက် ကောင်ရေ ၁၀၀၀၀၀ ကို စိုက်ထည့်ပေးကြသည်။

တက်ရောက်

ငါးမျိုးစိုက်ထည့်ပွဲသို့ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်း၊ ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်သောင်း၊ ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်၊ ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးသိန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ဒေသခံများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(ပိန်းဇလုပ်-သိန်းညွန့်)

အားကစားမြှင့်တင်

စိတ်လန်းရွှင်

ဆန့်ကျင်မူးယစ်ဆေး

အားကစားအချပ်ပို ကြော်ငြာထည့်နိုင်

အားကစားဝတ်စုံ၊ အားကစားပစ္စည်း၊ ဆုတံဆိပ်၊ ဆေးဝါးစသည့် ကြော်ငြာများကို အပတ်စဉ်သောကြာနေ့တိုင်းထုတ်ဝေသည့် မြန်မာ့အလင်း အားကစားအချပ်ပိုတွင် ထည့်သွင်းခြင်းဖြင့် အောင်မြင်မှုရယူပါ။

ဇီးဖြူပင် အထက ကျောင်းသား/သူဟောင်းများ၏ အာစရိယပူဇော်ပွဲ

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဇီးဖြူပင်ကျေးရွာ အထက ကျောင်း၌ ၂၄-၁၀-၂၀၁၃ရက်တွင် အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ ဆက်သွယ်လှူဒါန်းခြင်းနှင့် ကိုယ်တိုင်တက်ရောက်ပူဇော်ကန်တော့ပါရန် နှိုးဆော်အပ်ပါသည်။

အရှင်သီလာစာရ ဖုန်း-၀၉-၃၁၀၈၂၈၈၁ **ကိုမင်းဇော် ဖုန်း-၀၉-၉၁၀၅၀၇၁၆**
ဦးမြင့်ဇော်ဦး ဖုန်း-၀၉-၈၆၃၃၅၁၄ **မခင်စန်းဦး ဖုန်း-၀၉-၉၁၀၂၀၅၁၈**
မသန္တာဝင်း ဖုန်း-၀၉-၅၁၀၈၈၄၃
ကိုအောင်လင်းသိန်း ဖုန်း-၀၉-၇၃၀၈၃၇၃၆ **ကိုမင်းနိုင် ဖုန်း-၀၉-၄၀၁၆၅၈၁၀၃**
ကိုဟန်မင်းစံ ဖုန်း-၀၉-၄၃၁၁၄၅၃၁ **ကိုမင်းကျော် ဖုန်း-၀၉-၄၃၁၃၉၇၅၈**
ကိုဇော်ပိုင် ဖုန်း-၀၉-၄၃၁၈၀၄၄၉ **ကိုနေဝါစိုး ဖုန်း-၀၉-၄၀၁၅၄၅၀၀၄**

ဖခင်အမည်မှန်

အထက(၄)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) တက္ကသိုလ်ဝင်တန်း (B) မှ မောင်စည်သူကိုကိုဆင့်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့်ခိုင်ဟု ပြောင်းလဲပြင်ဆင်ခွင့်ပြုပါရန်။

ဦးမျိုးမြင့်ခိုင်

အမည်မှန်

တောင်ကြီးမြို့၊ အထက(၄)၊ တက္ကသိုလ်ဝင်တန်း(C) မှ မောင်မင်းသွေးနိုင်၏ အမည်မှန်မှာ စိုင်းမင်းသွေးနိုင် ဖြစ်ပါကြောင်း။

စိုင်းမင်းသွေးနိုင်
၁၃/တကန(နိုင်)၂၈၈၂၈၆

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကမာဆဲ အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ခိုင်စိုး၏ ဖခင်အမည်မှန်မှာ ဦးမြအောင် ၇/သနပ(နိုင်)၀၁၉၂၉၀ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ကြောင်း

ပဲခူးမြို့နေ ဦးဝင်းနိုင် ၇/ပခန(နိုင်) ၁၁၂၇၆၂ ၏သား မြတ်နိုးနိုင်(ခ)ဘိုဘိုနိုင် ၇/ပခန(နိုင်)၃၀၉၄၂၆သည် တစ်ဦးတည်းဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အမည်ပြောင်း

ဦးအောင်ဆန်းထွန်း၏သား စဠ့်ကိုင်(အထက) တက္ကသိုလ်ဝင်တန်း (F) မှ မောင်ပြည့်စုံဆန်းထွန်းအား မောင်ပြည့်စုံဟု ပြောင်းလဲခေါ်ပါရန်။

မောင်ပြည့်စုံ

ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်မင်းသိန်း(ဘ)ဆွာဘီ အာမက် ၁၂/လမန(နိုင်)၀၀၂၉၄၅ ၏ ပတ်စပို့နံပါတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါကြောင်း။

ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၀၁၆၉၅၃

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းမှ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)အတွက် လျှပ်စစ်ပစ္စည်းများကို စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်သိလိုပါက စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း (ရုံးချုပ်)၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၄၁၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၉၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ တင်ဒါပိတ်ရက်မှာ ၃၀-၉-၂၀၁၃ရက် ညနေ ၄ နာရီ ဖြစ်ပါသည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခုပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တောင်ကြီးခရိုင်တရားရုံး

၂၀၁၃ ခုနှစ် တရားမကြီးအမှုအမှတ်-၁၃၈

၁။ ဒေါ်အားလီ(ခ)မရှင်းချင့် **နှင့်** စန္ဒာ(ခ)စန္ဒာမြင့်(ခ)ဝမ်မြန်ဖိန်
၂။ ဒေါ်လီခိုက်ဖုံ

တရားလိုများ **တရားပြိုင်**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၂၅/၇နေ မစန္ဒာ(ခ)စန္ဒာမြင့်(ခ)ဝမ်မြန်ဖိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ငွေကျပ် ၁၈၉၀၂၂၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် စက်တင်ဘာလ ၂၇ရက်(၁၃၇၅ခုနှစ်တော်သလင်းလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေအမီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် စက်တင်ဘာ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှသောင်းရီ)
ဒုတိယခရိုင်တရားသူကြီး(၁)
တောင်ကြီးခရိုင်တရားရုံး

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဒြပ်ပစ္စည်းသိပ္ပံနှင့်ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာနအတွက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဒြပ်ပစ္စည်းသိပ္ပံနှင့်ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာနအတွက် အောက်ဖော်ပြပါ သုတေသနလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(၁)	X-Ray Fluorescence (XRF) with Accessories	1 set
(၂)	D8- Advance Powder X-Ray Diffratometer (XRD) with Accessories	1 set

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂၁)နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၁-၁၀-၂၀၁၃ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင် ၃လမ်း၊ အမှတ် ၂၉ဟုခေါ်တွင်သော အကျယ်အဝန်း (၂၅'×၅၀')ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမြင့်သန်း ၁၂/လမန(နိုင်)၀၃၃၈၄၃ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ အချို့တစ်ဝက်ကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်မျိုးအောင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၈၂)
အမှတ် ၁၁၊ ဦးဘကျော်လမ်း၊ တာမွေလေးရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့

နိုင်ငံတကာအားကစားသတင်း

ဥရောပထိပ်တန်းလိဂ်များ၏ ဘောလုံးပွဲစဉ်များ

သီဟ

ပရီမီယာလိဂ် ပွဲစဉ်(၅)

အာဆင်နယ်	- စတုတ်စီးတီး	ည	၇း၀၀	စက်တင်ဘာ ၂၂
ခရစ္စတယ်ပဲလေ့စ်	- **ဆွမ်ဆီး**	ည	၇း၀၀	စက်တင်ဘာ ၂၂
ကာဒစ်ဖ်	- စပါး	ည	၉း၃၀	စက်တင်ဘာ ၂၂
မန်စီးတီး	- **မန်ယူ**	ည	၉း၃၀	စက်တင်ဘာ ၂၂

အီတလီစီးရီးအေ ပွဲစဉ်(၄)

ဆက်ဆူအိုလို	- **အင်တာမီလန်**	ညနေ	၅း၀၀	စက်တင်ဘာ ၂၂
အတ္တလန်တာ	- **ဖီအိုရင်တီးနား**	ည	၇း၃၀	စက်တင်ဘာ ၂၂
ဘိုလော့ဂ်နာ	- **တိုရီနို**	ည	၇း၃၀	စက်တင်ဘာ ၂၂
ကာတာနီးယား	- **ပါးမား**	ည	၇း၃၀	စက်တင်ဘာ ၂၂
ဂျူဗင်တပ်	- ဗီရိုနာ	ည	၇း၃၀	စက်တင်ဘာ ၂၂
ရိုးမား	- လာဇီယို	ည	၇း၃၀	စက်တင်ဘာ ၂၂
အေစီမီလန်	- **နာပိုလီ**	နံနက်	၁း၁၅	စက်တင်ဘာ ၂၃

စပိန်လာလီဂါ ပွဲစဉ်(၅)

ဘက်တစ်	- ဂရန်နာဒါ	ညနေ	၄း၃၀	စက်တင်ဘာ ၂၂
ဆဲလ်တာဗီဂို	- **ဗီလာရီးရဲလ်**	ည	၉း၃၀	စက်တင်ဘာ ၂၂
ရီးရဲလ်မက်ဒရစ်	- ဂီတာဖေး	ည	၁၁း၃၀	စက်တင်ဘာ ၂၂
ဗလင်စီယာ	- ဆီဗီလာ	နံနက်	၁း၃၀	စက်တင်ဘာ ၂၃

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၆)

ဖရိုင်းဘတ်	- **ဟာသာဘာလင်**	ည	၈း၀၀	စက်တင်ဘာ ၂၂
စတုဂတ်	- **ဖရန့်ဖတ်**	ည	၁၀း၀၀	စက်တင်ဘာ ၂၂

အနိုင်ရရှိနိုင်သော အကြိုက်တွေ့သည့် အသင်းများ စာလုံးအမည်းဖြင့် ဖော်ပြထားပါသည်။

စက်တင်ဘာ ၂၁ ရက် စနေနေ့ည ဘောလုံးပွဲရလဒ်များ

ပရီမီယာလိဂ် ပွဲစဉ်(၅)ရလဒ်

နော်ဝစ်ချ်	(၀-၁)	အက်စတွန်ဗီလာ
လီဗာပူး	(၀-၁)	ဆောက်သမ်တန်
နယူးကာဆယ်	(၂-၃)	ဟားလ်စီးတီး
ဝက်စ်ဘရွန်း	(၃-၀)	ဆန်းဒါးလန်း
ဝက်စ်ဟမ်း	(၂-၃)	အဲဗာတန်

ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၆)ရလဒ်

ဟန်နိုဗာ	(၂-၁)	အော့စ်ဘတ်
ဝုဖ်ဘတ်	(၂-၁)	ဟော့ဖန်ဟိမ်း
နူရင်ဘတ်	(၁-၁)	ဒေါ့မွန်
မိန့်ဇ်	(၁-၄)	လေဗာကူဆင်
ဟမ်းဘတ်	(၀-၂)	ဝါဒါဘရီမင်

မန်ချက်စတာမြို့ခံ ပြိုင်ဘက်နှစ်သင်းရဲ့ ပေါက်ကွဲမှုသံစဉ်

မိုးမြင့်လင်းလက်

ပရီမီယာလိဂ်ပွဲစဉ်(၅)ကို စက်တင်ဘာ ၂၂ ရက်မှာ ဆက်လက်ယှဉ်ပြိုင်တဲ့အခါ ပရိသတ်တွေရဲ့စိတ်နှလုံးကို ဆွဲကိုင်လှုပ်ယမ်းစေမှာကတော့ မန်စီးတီးနဲ့ မန်ယူတို့ပွဲပါပဲ။ မန်ချက်စတာမြို့ခံနှစ်သင်းရဲ့ ဒီနှစ်ဘောလုံးရာသီ ထိပ်တိုက်တွေ့ဆုံမှုက နည်းပြသစ်နှစ်ဦးရဲ့ စီးချင်းထိုးပွဲအဖြစ်လည်း ခံစားအကဲခတ်ရဖို့ရှိနေပါတယ်။

မန်စီးတီးနှင့် မန်ယူ

ဒီနှစ်ပရီမီယာလိဂ်မှာ ရည်မှန်းချက်ကြီးမားနေတဲ့ အသင်းနှစ်သင်းဖြစ်ပြီး နည်းပြသစ်တွေရဲ့ စွမ်းဆောင်မှုအရည်အသွေးတွေကို ထုတ်ဖော်ပြသရမယ့်ပွဲလည်းဖြစ်ပါတယ်။ မန်စီးတီးရဲ့ နည်းပြပယ်လီဂရီနီဟာ ပွဲစဉ်အလိုက် ဗျူဟာခင်းကျင်းမှုအပိုင်းမှာ အကောင်းဆုံးပုံစံမရသေးသလို မန်ယူနည်းပြသစ် မိုယက်စ်ကလည်း မန်ယူ ရလဒ်ကောင်းအောင်ကြိုးစားနေရဆဲဖြစ်ပါတယ်။ မန်စီးတီးနဲ့မန်ယူတွေ့ဆုံသမျှတော့ မန်ယူတို့နိုင်ပွဲများခဲ့ပေမယ့် ခက်ခက်ခဲခဲကျော်ဖြတ်ခဲ့ရတာချည်းပါပဲ။ အိမ်ကွင်းမှာ မန်စီးတီးရဲ့ တုံ့ပြန်အားက ခက်ထန်တာမို့ ဒဏ်ရာရနေတဲ့ ရာဖေးလ်နဲ့ ဖလက်ချာတို့ မပါဝင်နိုင်တဲ့ မန်ယူဟာ ရွန်းနေ၊ ဗန်ပါစီတို့ရဲ့ ပြင်းထန်စူးရှတဲ့ တိုက်စစ်စွမ်းရည်ကြောင့် အမှတ်ရသွားနိုင်ပါတယ်။ မန်စီးတီးမှာ ကလစ်ချီ၊ ဆေးဗားလ်၊ ဒီမစ်ချယ်လီနဲ့ ရစ်ချတ်တို့ ဒဏ်ရာရရှိနေပါတယ်။ လက်ရှိခြေစွမ်းပိုင်းအရ နှစ်သင်းစလုံးကစားအားတူညီနေတာမို့ သရေဆိုရင်လည်း ကျေနပ်စရာရလဒ်အဖြစ် မန်ယူတို့လက်ခံရမှာ ဖြစ်ပါတယ်။

အာဆင်နယ်နှင့် စတုတ်

အာဆင်နယ်ဟာ စတုတ်နဲ့ဆုံတိုင်း ခဲရာခဲဆစ် ကစားခဲ့ရတာချည်းပါပဲ။ စတုတ်ဟာ အာဆင်နယ်ရဲ့ ကစားကွက်အနေအထားကို သိရှိနေတာမို့ ဘယ်လိုတုံ့ပြန်ရမလဲဆိုတာလည်း ကောင်းကောင်းသဘောပေါက်နေပါတယ်။ အာဆင်နယ်မှာတော့ ကာဇိုလာ၊ ဆာနိုဂို၊ ပိုဒေါစကီး၊ အာတီတာ၊ ချိန်ဘာလိန်းနဲ့ ဒီယာဘီတို့ ဒဏ်ရာတွေ ရရှိနေပါတယ်။ စတုတ်မှာလည်း ဂျီမီနက်စ်၊ ဂိုလန်တို့ ဒဏ်ရာတွေရရှိနေတာမို့ ကြံ့ခိုင်မှုမပြည့်ဝကြပါဘူး။ အာဆင်နယ်မှာ အိုဇေးလ်၊ ရမ်ဆေးတို့က အားထည့်ကစားနိုင်သူတွေဖြစ်တာမို့ စတုတ်တို့အကျပ်တွေ့စေမယ့်ပွဲပါပဲ။

ကာဒစ်နှင့် စပါး

တန်းတက်ထဲမှာတော့ ခြေစွာနေတဲ့ ကာဒစ်ဟာ ရလဒ်ကောင်းအောင်ကစားနိုင်နေတာမို့ စပါးတို့ သတိထားရပါလိမ့်မယ်။ မန်စီးတီးနဲ့ အဲဗာတန်အသင်းတွေကို အနိုင်နဲ့ သရေကစားထားတဲ့ ကာဒစ်ရဲ့ခြေစွမ်းကို စပါးတို့ ပေါ့ပေါ့ဆဆကစားရင် စပါးပရိသတ်တွေ နာကျင်တဲ့ဝေဒနာ ခံစားရပါလိမ့်မယ်။ အရင်က စပါးတို့ဟာ ကာဒစ်နဲ့ဆုံတိုင်းနိုင်ပွဲရအောင်ကစားနိုင်ခဲ့ပေမယ့် အခု ကာဒစ်က အသွင်ပြောင်းနေပြီ ဖြစ်ပါတယ်။ ဒါ့ကြောင့် စပါးတို့အတွက် ကာဒစ်ဟာ တွက်ရခက်တဲ့ပုစ္ဆာလို ကြုံတွေ့ရမှာ ဖြစ်တာမို့ တစ်မှတ်ဆိုရင်လည်း ကျေနပ်ရမှာဖြစ်ပါတယ်။

ခရစ္စတယ်ပဲလေ့စ်နှင့် ဆွမ်ဆီး

နှစ်သင်းစလုံး ခြေစွမ်းပိုင်းတူညီနေကြလို့ ဒီပွဲဟာ အမှားအယွင်းမဖြစ်အောင် ထိန်းကစားကြပါလိမ့်မယ်။ ဒါပေမယ့် ခရစ္စတယ်ပဲလေ့စ်ဟာ အိမ်ကွင်းမာကျောမှုရှိတာမို့ ဒီပွဲဟာ ညီမျှခြင်းကျနိုင်တဲ့ အနေအထားဖြစ်ပါတယ်။

တော့တီကို အသက် ၄၀ အထိစာချုပ်

ရိုးမားအသင်းခေါင်းဆောင် ဖရန်ဆက်ကိုတော့တီအား ၄င်း၏ အသက် ၄၀ ပြည့် မွေးနေ့မကျင်းပမီ ရိုးမားက စာချုပ်သစ်နှစ်နှစ်ထပ်မံချုပ်ဆိုလိုက်သည်။ တိုက်စစ်မှူးတော့တီသည် လာမည့်သီတင်းပတ်တွင် အသက် ၃၇နှစ် ပြည့်မည်ဖြစ်သည်။ နှစ်နှစ်ထပ်မံစာချုပ်လိုက်၍ အသက် ၄၀နီးပါး ရိုးမားအသင်းတွင် ကစားရမည်ဖြစ်သည်။ ၄င်းသည် ဆယ်ကျော်သက်အရွယ်မှစပြီး ရိုးမားအတွက် ပွဲပေါင်း ၅၀၀ ကျော် ပါဝင်ကစားခဲ့သည်။

ချယ်လ်ဆီးကစားပုံ မော်ရင်ညိုအပြစ်ဆို

ချယ်လ်ဆီးအသင်း၏ ကစားပုံသည် ပိုမိုကောင်းမွန်စေရန် ကစားကွက်ပြောင်းကစားခြင်းကြောင့် ဂိုးမသွင်းနိုင်ခြင်းကို နည်းပြမော်ရင်ညိုက အပြစ်ဆိုလိုက်သည်။

ချယ်လ်ဆီးသည် လွန်ခဲ့သော နှစ်ပွဲဖြစ်သည့် ဘေဆယ်နှင့်အဲဗာတန်တို့ကို ရှုံးနိမ့်ခဲ့သည်။ ယင်းမှာ ၁၀ နှစ်အတွင်း အဆိုးရွားဆုံးအခြေအနေဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

ဦးမိုးမြင့်လွင်(သတင်းထောက်) စောင့်ကြည့်သတင်းဂျာနယ်တိုက် (NEWS WATCH WEEKLY) ၊ အမက(၆)အနီး၊ ပန်းဆိုးတန်းလမ်း အလယ်ဘလောက်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ မင်းရွာ၊ ကုက္ကိုတန်းနေ ဦးကြည်ဝင်း (တံတားတည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ)၊ ဦးတင်န (တံတားတည်ဆောက်ရေးကော်မတီ အတွင်းရေးမှူး)၊ ဦးအေးမောင် (တံတားတည်ဆောက်ရေးကော်မတီ ဘဏ္ဍာရေးမှူး) အပါအဝင် စုစုပေါင်း ၃၁ဦးနှင့် အများခပ်သိမ်း သိရှိစေရန်ကြေညာချက်

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ မြို့ ရှောင်လမ်းနေ ဦးဖိုးဇော်(ဘ)ဦးထွန်းရှိန် ၇/သနပ(နိုင်)၀၀၆၃၅၆၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(ပဲခူးတိုင်းဒေသကြီး)၊ (အတွင်းရေးမှူး) သနပ်ပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီနှင့် ပဲခူးတိုင်းဒေသကြီး၊ မင်းရွာ၊ ကန္တားပိုင်းနေ ဦးကိုကို(ဘ)ဦးဝင်းကျော် ၇/သနပ(နိုင်) ၀၀၃၇၃၄ (ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)၊ (တွဲဖက်အတွင်းရေးမှူး) သနပ်ပင်မြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့ နှစ်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်းတို့အား အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၁၅-၉-၂၀၁၃ရက်ထုတ် အတွဲ ၈၊ နံပါတ် ၄၀၊ 24/7 News Journal Supplent တွင်လည်းကောင်း၊ ၁၇-၉-၂၀၁၃ရက်စွဲပါ စောင့်ကြည့်သတင်းဂျာနယ် (News Watch Weekly)၊ အတွဲ(၈)၊ အမှတ် ၁၅တွင်လည်းကောင်း၊ လူကြီးမင်းတို့က အောက်ပါအတိုင်း မမှန်သတင်းများဖြင့် အကျယ်တဝင့်ဖော်ပြကာ ပြည်သူများအကြား ထုတ်ဝေဖြန့်ချိထားပါသည်။

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ဦးဖိုးဇော်နှင့် ဦးကိုကိုတို့က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးမှ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်စွဲဖြင့် သနပ်ပင်မြို့နယ် စည်ပင်သာယာရေးသို့ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ် သဘာဝဘေးအန္တရာယ်နှင့် ကယ်ဆယ်ထောက်ပံ့ရေးရန်ပုံငွေမှ ငွေကျပ် သိန်း ၁၈၀ကို မင်းရွာ၊ ကုက္ကိုတန်း ချောင်းကူးတံတားဆောက်လုပ်ရန် ခွင့်ပြုခဲ့ကြောင်း၊ ခွင့်ပြုချက်အရ တံတားတည်ဆောက်ရေးမှ အရစ်ကျငွေထုတ်ယူရာတွင် ပထမအရစ် ကျပ် ၇၂ သိန်း ထုတ်ပေးရာတွင် မြို့နယ်ပြည်ခိုင်ဖြိုးပါတီမှ ကျပ်သိန်း ၆၀ သာ ထုတ်ပေးခဲ့ကြောင်း၊ ဒုတိယအရစ်တွင် သနပ်ပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တံတားတည်ဆောက်ရေးအဖွဲ့သို့ ကျပ် ၇၂သိန်းနှင့် ကျပ် ၃၆သိန်းကို ထုတ်ပေးခဲ့ကြောင်း၊ ၂-၄-၂၀၁၃ရက်က ပထမအရစ်ထုတ်ပေးငွေမှ လက်ကျန်ငွေကျပ်၁၂သိန်းကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသို့ သွားရောက်တောင်းခံရာ ပြည်ခိုင်ဖြိုးပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖိုးဇော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုတို့က မင်းရွာ၊ ကုက္ကိုတန်းတံတားနှင့်ပတ်သက်၍ **ဘာမှမသိချင်ကြောင်း၊ သိရန်လည်းမလိုကြောင်း** ကော်မတီဝင်များအား ပြောဆိုကာ ပြန်လွှတ်ခဲ့ပါသည်။

ဒုတိယအကြိမ် ၃၀-၈-၂၀၁၃ရက်တွင် သွားတောင်းသည်ကို **တံတားပြီးသွားပြီဖြစ်၍ ၄င်းငွေကျပ် ၁၂သိန်းကို မပေးနိုင်တော့ကြောင်း ပြောဆိုခဲ့ကြောင်း**

သို့ပါ၍ အာဏာအရှိန်အဝါကို အလွဲသုံးစားပြုသည့် ၄င်းအမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တို့အား အရေးယူဆောင်ရွက်ပေးပါရန်ဟူ၍ နိုင်ငံတော်သမ္မတထံ လိပ်မူ၍ အသိသက်သေ ၂၇ဦးတို့က လက်မှတ်ရေးထိုးသည့်တိုင်စာတွင် ဖော်ပြထားပါသည်ဟု ဖော်ပြပါရှိပါသည်။

လူကြီးမင်းတို့က အုပ်စုဖွဲ့၍ မမှန်မကန်လုပ်ကြံစွပ်စွဲပြီး နိုင်ငံတော်သမ္မတထံ တိုင်ကြားခဲ့သည့် တိုင်ကြားစာအရ နိုင်ငံတော်မှ ကျွန်ုပ်၏အမှုသည်များအပေါ် ပုဂ္ဂိုလ်ရေး အမြင်မကြည်လင်စေရန် ဖန်တီးထားသည့်အပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတစ်ရပ်လုံးအပေါ် ပြည်သူတို့က ယုံကြည်မှုကင်းမဲ့၍ အကြည်ညိုပျက်စေရန် ဖန်တီးလှုံ့ဆော်မှုပြုထားသကဲ့သို့ ကျွန်ုပ်၏အမှုသည်များနှင့် ပြည်သူတစ်ရပ်လုံးတို့အကြား အကြည်အညိုပျက်စေသည်အထိ ဖြစ်စေရန်လည်း ရည်ညွှန်းဖော်ဆောင်ကာ မမှန်သတင်းထုတ်ဝေဖြန့်ချိထားခြင်းဖြစ်ပါသည်။

ထို့ပြင် လူကြီးမင်းတို့၏ ယခုကဲ့သို့ လုပ်ကြံစွပ်စွဲထားသည့် မမှန်သတင်းကြောင့် ကျွန်ုပ်၏အမှုသည်များ၏ ပုဂ္ဂိုလ်ရေးအဆင့်အခြေအနေအရ ဂုဏ်သိက္ခာများ၊ များစွာထိခိုက်နစ်နာရကာ ကိုယ်ရောစိတ်ပါ နှစ်ပါးလုံး ကျဆင်းရပါ၍ လူမှုရေးအရလည်း များစွာနစ်နာစေပါသည်။

သို့ပါ၍ လူကြီးမင်းတို့၏ မမှန်သတင်းအပေါ် ၂၇-၉-၂၀၁၃ရက်ကို နောက်ဆုံးထား၍ နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံ၊ မြန်မာ့အလင်းနှင့် မြဝတီတို့တွင်လည်းကောင်း၊ မည်သည့်ဂျာနယ် စုစုပေါင်း(၅)စောင်တွင်မဆို တစ်ပတ်တိတိ **အလေးအနက်ထား၍ တောင်းပန်ပါသည်**ဟုဆိုသော စကားရပ်ပါရှိသည့် တောင်းပန်စာကို နေ့စဉ်ထည့်သွင်း ကြော်ငြာဖြန့်ချိပေးပါရန်နှင့် လူကြီးမင်းတို့မှ ပျက်ကွက်မှုရှိခဲ့ပါက တည်ဆဲတည်မြဲဥပဒေများအရ လူကြီးမင်းတို့အပေါ် အရေးယူခြင်းကို ခံယူရမည်ဖြစ်ပါကြောင်း ဤနို့တစ်စာကိုချအပ်၍ လူကြီးမင်းတို့အား အသိပေးအပ်ပါသည်။

ဤကဲ့သို့ နို့တစ်စာချအပ်ထားခြင်းအပေါ် နိုင်ငံပိုင်သတင်းစာမှလည်း အတိအလင်းကြေညာထားပြီးဖြစ်ပါလျက် ဤကြေညာချက်ကို မသိရှိပါဟူသော အကြောင်းပြချက်ဖြင့် ဥပဒေ၏အကာအကွယ်ကို ရလိမ့်မည်မဟုတ်ပါကြောင်း အများသူခပ်သိမ်းသို့ ကြားသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူများ

ဦးဖိုးဇော်
(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)
ပဲခူးတိုင်းဒေသကြီး

ဦးကိုကို
(ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်)
ပဲခူးတိုင်းဒေသကြီး

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်ကြွယ်(ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ
(လိုင်စင်အမှတ်-၅၉၉၉)
အမှတ် ၃၆၂/၈၊ ဘုရင့်နောင်လမ်း၊
ဥသျှောင်မြို့သစ်၊
ပဲခူးမြို့၊
ဖုန်း-၀၉-၇၃၆၁၃၅၄၅၊
၀၅၂-၃၀၄၇၁

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး
တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လက်ရှိတံတားအသုံးပြုခကောက်ခံနေသော သန်လျင်တံတား(မြန်မာ့မီးရထား)၏ (၁-၁၀-၂၀၁၃ရက်မှ ၃၀-၉-၂၀၁၄ ရက် အထိ) တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း(၁)နှစ်၊ လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါ (Open Tender) စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်တံတား**
သန်လျင်တံတား

(ခ) **လေလံယှဉ်ပြိုင်ခွင့်ပုံစံနှင့် စည်းကမ်းချက်များ ဝယ်ယူနိုင်သောနေရာ**
မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ် (၇) ရန်ကုန်ဘူတာကြီး(ပထမ)ထပ်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံး၊ သန်လျင်မြို့နယ်

(ဂ) **အိတ်ဖွင့်တင်ဒါတင်သွင်း/ဖွင့်လှစ်မည့်ရက်နှင့်အချိန်**
၂၇-၉-၂၀၁၃ရက် နံနက် ၁၁ နာရီတိတိ

(ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်း/ဖွင့်လှစ်မည့်နေရာ**
မြန်မာ့မီးရထား၊ တိုင်းအမှတ်(၇)၊ ရန်ကုန်ဘူတာကြီး၊ စခန်းသာဧည့်ခန်းမဆောင်

မှတ်ချက်။ (၁) အထက်အပိုဒ်(ခ)ပါ နေရာများတွင် အိတ်ဖွင့်တင်ဒါ၊ လေလံယှဉ်ပြိုင်ခွင့်ပုံစံနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ကျပ်၁၀၀၀၀နှုန်းဖြင့် ၂၃-၉-၂၀၁၃ ရက်မှစ၍ နေ့စဉ် နံနက် ၉ နာရီမှစ၍ ၁၆း၀၀ နာရီအထိ (ရုံးပိတ်ရက်အပါအဝင်) ၂၇-၉-၂၀၁၃ရက် နံနက် ၉နာရီအချိန်အထိ ဝယ်ယူနိုင်ပါသည်။

(၂) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မန်နေဂျာ(စီးပွားရေး/တိုင်း) အမှတ် (၇)၊ ရန်ကုန်ဘူတာကြီး(ပထမ)ထပ်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၀၁-၃၉၃၄၂၈၊ ၀၁-၇၀၄၇၉၁၊ ၀၉-၄၉၂၁၃၁၃၀ သို့ ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံကြီးကြပ်မှုကော်မတီ
ရန်ကုန်တိုင်းဒေသကြီး

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော အိမ်ရာရှိတိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှ တစ်ဆင့်ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် တင်ပြလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးအောင်ကျော်မိုး ၁၂/အလန(နိုင်)၀၃၃၆၃၅ (မှ)	ဦးဟန်ဝင်း ၁၂/လမတ(နိုင်)၀၂၁၄၂၈	တိုက် (B)၊ အခန်းအမှတ် B-061၊ စမ်းချောင်းအဆင့်မြင့်အိမ်ရာ၊ စမ်းချောင်း
၂။	ဒေါ်ခိုင်ခိုင်ဆွေ ၁၂/ကတန(နိုင်)၀၀၀၀၉၄ (မှ)	ဦးသောင်းဝင်း ၉/မရတ(နိုင်)၁၀၇၉၉၆	တိုက် (A)၊ အခန်းအမှတ် (A-PH2) စမ်းချောင်းအဆင့်မြင့်အိမ်ရာ၊ စမ်းချောင်း

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)

ကျေးဇူးဆပ်ပါမည်

ဆရာတော်ဦးနန္ဒဝံသ ၉/မခန(သ) ၀၀၁၈၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၃၁၀၇၃၃၈၁

ကျေးဇူးဆပ်ပါမည်

ကျွန်မ လိုက်စွမ်းကော် (ဘ)ဦးလိုက်ဆိုင် ၁၃/လရန(နိုင်)၀၇၁၃၈၇၏ မြန်မာနိုင်ငံကူးလက်မှတ် ခရီးသွားရင်း ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၁၄၂၈၆၃**

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ လှည်းတန်းလမ်း၊ တိုက်နံပါတ် ၇၄၊ ခုနစ်လွှာအေ၊ ဧရိယာအကျယ် ၁၂½ ပေ× ပေ၅၀ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ရှင်များဖြစ်ကြသော (၁)ဦးမြင့်သူ ၁၂/တမန(နိုင်)၀၀၈၁၀၄၊ (၂) ဒေါ်မြင့်မြင့်ဦး ၁၄/ကခန(နိုင်)၀၃၅၄၄၇၊ (၃) ကိုရဲကျော်ထွန်း ၁၂/သဃက(နိုင်)၁၇၁၅၄၉တို့ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူ မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြကြည် B.A, R.L
တရားလွှတ်တော်ရှေ့နေ (၃၉၃၇)
အမှတ်-၁၂၇၊၁၄ လမ်း၊ ၆ ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၀၁၅၂၅၈၃၀

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

အနာဂတ်အနှစ်သာရအတွက် အသွင်ကူးပြောင်းမှုအင်အားတစ်ရပ် လိုအပ်နေသည့် ရေကြောင်းကုန်စည်ပို့ဆောင်ရေး

ပို့ဆောင်ရေးနယ်ပယ်ကဏ္ဍအသီးသီးတွင် ရေကြောင်းပို့ဆောင်ရေးကဏ္ဍသည် ကုန်ကျစရိတ်သက်သာစွာဖြင့် ကုန်ပစ္စည်းများကို တစုတစည်းတည်း သယ်ယူပို့ဆောင်ပေးနိုင်ခြင်းကြောင့် ကမ္ဘာ့ကုန်သွယ်မှုကဏ္ဍတွင် "ကုန်သွယ်ရေကြောင်းပို့ဆောင်ရေး"သည် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေပေသည်။ မြစ်တွင်းကမ်းရိုးတန်းမှသည် သမုဒ္ဒရာကြီးများကို ဖြတ်ကျော်ပြီး ကမ္ဘာ့တိုက်ကြီးများ၏ စီးပွားရေးကို ထိရောက်စွာ ပံ့ပိုးလျက်ရှိသည်။

မြန်မာနိုင်ငံရှိ မြစ်ကြီးများနှင့် ရခိုင်ကမ်းရိုးတန်းဒေသတို့တွင် ခရီးသည်နှင့်ကုန်စည်များကို နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအဖြစ် ပို့ဆောင်ပေးနေသည်မှာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနဖြစ်သည်။ ယခင်က မြစ်ဝကျွန်းပေါ်ဒေသကြီးမှ ဆန်စပါးများအား ရေယာဉ်/တွဲယာဉ်ကြီးငယ်တို့ဖြင့် သယ်ယူပို့ဆောင်ပေးခဲ့သည်။ ဧရာဝတီ၊ ချင်းတွင်းမြစ်များတစ်လျှောက် ဒေသထွက်ကုန်နှင့်ဒေသလိုအပ်ချက် ကုန်ပစ္စည်းအမျိုးမျိုးနှင့် သစ်တောထွက်ပစ္စည်းများအား ရန်ကုန်သို့တိုင် ထက်/အောက်၊ စုန်/ဆန် သယ်ယူပို့ဆောင်ပေးခဲ့သည်။ နိုင်ငံနှင့်အဝန်း ကုန်စည်သယ်ဆောင်သည့် ပမာဏတိုးတက်မြင့်မားလာသည်နှင့်အမျှ ကုန်သီးသန့်သယ်ယူပို့ဆောင်ပေးနိုင်ရန်အတွက် ၂၀၁၃ ခုနှစ်တွင် "ကုန်စည်ပို့ဆောင်ရေးဌာန"အဖြစ် သီးခြားဖွဲ့စည်းတည်ထောင်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

ထိုစဉ်က ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်သည့် အဦးအစကာလဖြစ်သည့် အားလျော်စွာ ဌာနရှိ ရေယာဉ်/တွဲယာဉ်ပေါင်း ၂၀၀ကျော်ဖြင့်ဝန်ဆောင်မှုပေးခဲ့သည်။ယင်းကာလမှစ၍ပုဂ္ဂလိကရေကြောင်းကုန်စည်သယ်ပို့သည့်လုပ်ငန်းများ ပိုမိုတိုးတက်များပြားလာခဲ့သည်။ ပုဂ္ဂလိကမှ အပြိုင်အဆိုင် ပေါ်ပေါက်လာသော လုပ်ငန်းများကြောင့် ဌာန၏ ရေယာဉ်/တွဲယာဉ်များ တွင်ကျယ်စွာလုပ်ဆောင်နိုင်မှု မရှိတော့သည်အထိ ကျယ်ပြန့်လာခဲ့သည်။ ထိုထိုသော ဝန်ဆောင်မှုများအပြင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တစ်လျှောက်ရှိ ဒေသအချို့ ရေဘေးနှင့်ကြုံတွေ့သည့်အခါများတွင် ကုန်စည်ပို့ဆောင်ရေးမှ ရေယာဉ်/တွဲယာဉ်များဖြင့် ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ပေးခြင်းများ ဆောင်ရွက်ခဲ့သည်ကို တွေ့ခဲ့ရသည်။

၂၀၀၈ ခုနှစ်တွင် ကြုံတွေ့ရသည့် နာဂစ်မုန်တိုင်းကြီးကြောင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ အန္တရာယ်ကြုံတွေ့ရသူများကို သယ်ယူပို့ဆောင်ရွှေ့ပြောင်းပေးခြင်း၊ မုန်တိုင်းသင့်ဒေသကြီးများ ပြန်လည်ထူထောင်ရေးအတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ ယာဉ်ယန္တရားကြီးများ၊ တည်ဆောက်ရေးပစ္စည်းများအား အဓိကသယ်ယူပို့ဆောင်ပေးခဲ့သည်ကို တွေ့ရှိခဲ့ရသည်။

၂၀၁၀ ခုနှစ်မှစတင်ကာ အစိုးရသစ်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကြောင့် ပုဂ္ဂလိကအခန်းကဏ္ဍ ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်ခွင့်ရလာသည်တွင် ပုဂ္ဂလိကပိုင် ရေယာဉ်/တွဲယာဉ်ကြီးများ ဆောက်လုပ်လာကြသည်။ ရေကြောင်းကုန်စည်ပို့ဆောင်ရေး ပိုမိုမြင့်မားကျယ်ပြန့်လာသည်နှင့်အညီ တန်ချိန်များစွာ တင်ဆောင်နိုင်သည့် ကုန်တင်ရေယာဉ်ကြီးများ ပိုမိုတည်ဆောက်လာကြသည်။

တန် ၁၀၀၀ နှင့်အထက် ကုန်တင်တွဲယာဉ်၊ ရေယာဉ်ကြီးများ တည်ဆောက်၍ ဆောက်လုပ်ရေးကုန်ပစ္စည်းများ၊လောင်စာဆီ၊ သယ်ယူပို့ဆောင်မှုအခန်းကဏ္ဍ ပိုမိုကျယ်ပြန့်လာခဲ့သည်။ လက်ရှိအခြေအနေတွင် ကုန်စည်ပို့ဆောင်ရေးဌာနတွင် ကုန်တန်ချိန်များစွာ တင်ဆောင်နိုင်သည့် တွဲများအနေနှင့် ကုန်တန် ၁၀၀၀ တင်ဆောင်နိုင်သည့် တွဲယာဉ်နှစ်စီးနှင့်တန် ၁၅၀၀ တင်ဆောင်နိုင်သည့် တွဲယာဉ်တစ်စီးသာရှိနေချိန်တွင် ပုဂ္ဂလိကအခန်းကဏ္ဍ၌ တန် ၈၀၀ မှ တန် ၁၀၀၀ အထိ တင်ဆောင်နိုင်သည့် တွဲယာဉ်အစီးရေ ၁၀၀ ခန့်၊ ကုန်တန် ၁၀၀၀ နှင့်အထက် တင်ဆောင်နိုင်သည့် တွဲယာဉ်စီးရေ ၁၅၀ ခန့်အထိ တိုးတက်ကျယ်ပြန့်လာခဲ့သည်ကို စာရင်းဇယားအရ သိရသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်ကာ Corporation အသွင်ဖြင့် ရှေးဦးပြင်ဆင်ပြောင်းလဲမှုများ စတင်ခဲ့ပြီဖြစ်သည်။ နိုင်ငံတော်ဘဏ္ဍာငွေပြင်ပတွင် ရပ်တည်ကာ ပုဂ္ဂလိကအခန်းကဏ္ဍအသွင်သို့ စတင်ကူးပြောင်းနိုင်ရေး ပြုလုပ်လျက်ရှိနေပြီဖြစ်သည်။ ပြောင်းလဲလာသည့် စီးပွားရေးစနစ်အရ ပုဂ္ဂလိကနှင့်ယှဉ်ပြိုင်ရပ်တည်ရမည်ဖြစ်ရာ ဌာန၏ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းကဏ္ဍ၏ အသွင်သဏ္ဌာန်နှင့် စွမ်းဆောင်နိုင်မှုအင်အားများ ပြောင်းလဲတိုးချဲ့ရမည့်အခြေအနေကို မျက်ဝါးထင်ထင် မြင်တွေ့နေရပြီဖြစ်သည်။

ဝန်ထမ်းများ၏ အရပ်ရပ်သောစရိတ်များအပြင်၊ စက်သုံးဆီစရိတ်နှင့် ရေယာဉ်ပြုပြင် တည်ဆောက်ခြင်းစရိတ် ကုန်ကျမှုများအတွက်သာမက အကျိုးအမြတ်ဖြစ်ထွန်းရန်မှာ ဒေသအလိုက် ရာသီမရွေး သွားလာသယ်ယူပို့ဆောင်နိုင်မည့် ရေယာဉ်သစ်များဖြင့် ထပ်မံဖြည့်ဆည်းရဦးမည်ဖြစ်သည်။ ကိုယ်ပိုင်ဝင်ငွေဖြင့် ရပ်တည်နိုင်သည့် အနေအထား၊ နိုင်ငံတော်အား ဝန်ထုပ်ဝန်ပိုးမဖြစ်စေရမည့် အနေအထားမှသည် နိုင်ငံသားများ၊ ဝန်ထမ်းများကိုပါ အစုရှယ်ယာများရောင်းချ၍ အများပိုင်အစိုးရအဖွဲ့အစည်းအသွင်ရောက်သည်အထိ ကြိုးစားဆောင်ရွက်သွားရမည့်တာဝန်မှာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ရှုမြင်နိုင်မည်ဖြစ်သည်။

အသွင်ကူးပြောင်းရေး ထူထောင်ရပ်တည်ရာတွင် ကျွမ်းကျင်သည့် ဝန်ထမ်းများဖြင့် ကျစ်လျစ်စွာစုဖွဲ့ရမည်ဖြစ်သလိုဝန်ဆောင်မှုအလေးပေးရမည့် ရေယာဉ်/တွဲယာဉ်များသည် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းအသွင်ကဲ့သို့ ပြောင်းလဲထူထောင်ရာတွင် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများနှင့်အပြိုင် သယ်ယူပို့ဆောင်နိုင်ရမည်ဖြစ်ရာခေတ်နှင့်ဆီလျော်မှုမရှိတော့သော ရေယာဉ်ဟောင်းများနေရာတွင် ဒေသအလိုက် ရာသီမရွေး သယ်ယူပို့ဆောင်ပေးနိုင်သည့် ရေယာဉ်သစ်စုဖွဲ့မှုနှင့် ခေတ်စနစ်နှင့်အညီ ကွန်တိန်နာသယ်ယူပို့ဆောင်နိုင်သည့် ရေယာဉ်/တွဲယာဉ်များအထိ မြှင့်တင်တည်ဆောက်သွားရန် မရှိမဖြစ် လိုအပ်နေပြီဖြစ်ကြောင်း အကြံပြုရေးသားတင်ပြအပ်ပါသည်။

(ပြည်တွင်းရေကြောင်း)

စက်တင်ဘာ ၁၅ ရက်က စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားရင်ပြင်တော်ပေါ်၌ ဘုရားကြီး၏ အရိပ်တော်အောက်ရှိ နဝဂုဏဗုဒ္ဓမာမက သာသနာပြုပါရမီရှင်များအသင်းက ဇီဝိတဒါနသံဃဆေးရုံသို့ ဂေါပကအဖွဲ့နာယက ဦးသန်း၊ အသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်ဦးနှင့်အဖွဲ့က ဇီဝိတအလှူတော်ငွေအဖြစ် ငွေကျပ် ၅၇၅၂၆၀ ပေးအပ်လှူဒါန်းရာ ဆေးရုံမှ တာဝန်ရှိသူတစ်ဦးက လက်ခံစဉ်။

(၀၄၂)

သန်းခေါင်စာရင်းအကြောင်း အသိပညာပေး ဟောပြော

မိုးညှင်း စက်တင်ဘာ ၂၂

ကချင်ပြည်နယ် မိုးညှင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးပြီး ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသိကောင်းစရာများနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက မိုးညှင်းမြို့နယ် ညောင်ကိုင်းကျေးရွာအုပ်စု ညောင်ကိုင်းကျေးရွာ ရွာလယ်မဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းသိန်းက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများကို အကျယ်တဝင့် ဟောပြောသည်။ ဆက်လက်ပြီး မိုးညှင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နွယ်နွယ်အေးက ညောင်ကိုင်းကျေးရွာနှင့် သာယာကုန်းကျေးရွာစာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ် ၁၀၀ နှင့် ဂျာနယ်မျိုးစုံ ၁၀၀ စီကို ပေးအပ်လှူဒါန်းခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ပန်းတောင်းရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်း

ပန်းတောင်း စက်တင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်တွင် စက်တင်ဘာ ၁၈ရက်ညနေ၅နာရီက ပန်းတောင်းမြို့ မြို့ပေါ်ငါးရပ်ကွက်ရှိ ရေဘေးသင့်ပြည်သူများကို ပြည်မြို့ ကရုဏာမြန်မာလူမှုရေးလုပ်ငန်းအဖွဲ့မှ အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်ပြည်နှင့် ခေါက်ဆွဲ၊ သောက်ရေသန့်များ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယာယီပြောင်းရွှေ့

ပန်းတောင်းမြို့နယ်တွင် မြို့ပေါ် ရပ်ကွက် ငါးရပ်ကွက်နှင့် ရွှေဘုံသာ၊ သူရဲတန်း၊ ထုံးဘို၊ ဆင်တဲ၊ မကြီးထုံး၊ တောင်ဘွေ၊ ပဲကြီးအင်း၊ ရေလယ်ကျွန်း ကျေးရွာတို့မှ ရေဘေးသင့်အိမ်ခြေ ၅၀၀ခန့်နှင့်ရေဘေးသင့်ပြည်သူ ၁၃၅၀ တို့ကို တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ရေဘေးကင်းလွတ်သည့် ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားတန်ဆောင်းများနှင့် လမ်းဘေးဝဲယာတစ်လျှောက် ယာယီပြောင်းရွှေ့နေရာချထားပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လူကုန်ကူးမှု ပပျောက်ဖို့ အားလုံးကာကွယ် တိုက်ဖျက်စို့

ရှမ်းပြည်နယ်(မြောက်ပိုင်း) Mobile Complaint Centre ဖွင့်လှစ်ထားရှိခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း မိုဘိုင်းတယ်လီဖုန်းနှင့်ပတ်သက်သည့် အခက်အခဲ လိုအပ်ချက်များအား အများပြည်သူလူထုမှ လာရောက်ပြောကြားခြင်း၊ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် Mobile Complaint Centre အား လားရှိုးမြို့၊ ပြည်နယ်မန်နေဂျာရုံး ဖုန်း-၀၈၂-၃၀၀၀၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)

ပဲခူးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကယာဉ်များစနစ်တကျပြေးဆွဲနိုင်ရေးအတွက် ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေး နည်းဥပဒေပုဒ်မ (၃)၊ ပုဒ်မ ၄(ခ)နှင့် ပုဒ်မ (၅)တို့အရ ပဲခူးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီအား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က)	ဦးသိန်းလွင်	ပဲခူးမြို့နယ်	ဥက္ကဋ္ဌ
(ခ)	ဦးဝင်းနိုင်	တောင်ငူမြို့နယ်	ဒု-ဥက္ကဋ္ဌ
(ဂ)	ဦးဟန်အောင်	ပဲခူးမြို့နယ်	ဘဏ္ဍာရေးမှူး
(ဃ)	ဦးငွေအောင်	ပြည်မြို့နယ်	အတွင်းစာရင်းစစ်
(င)	ဦးကျော်ဝင်း	တောင်ငူမြို့နယ်	အတွင်းစာရင်းစစ်
(စ)	ဦးတိုင်းကျော်	ပြည်မြို့နယ်	အဖွဲ့ဝင်
(ဆ)	ဦးမြင့်သောင်း	သာယာဝတီမြို့နယ်	အဖွဲ့ဝင်
(ဇ)	ဦးထွန်းဇော်	နတ္တလင်းမြို့နယ်	အဖွဲ့ဝင်
(ဈ)	ဦးစန်းဝေ	ပဲခူးမြို့နယ်	အတွင်းရေးမှူး

၂။ ပဲခူးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီအဖွဲ့သည် လုပ်ငန်းတာဝန်များအား ပုဂ္ဂလိကယာဉ်များစနစ်တကျပြေးဆွဲရေးနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လုပ်ဆောင်သွားရန် ဖြစ်သည်။

(ဉာဏ်ဝင်း)
ဝန်ကြီးချုပ်

အိတ်ဖွင့်တင်ဒါပိတ်ရက် ပြင်ဆင်သတ်မှတ်ခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနသည် ဆေးရုံသုံးစက်ကိရိယာပစ္စည်းများ ဝယ်ယူရန်အတွက် သတင်းစာကြော်ငြာပါ တင်ဒါပိတ်ရက်အား ၂၃-၉-၂၀၁၃ ရက်အစား ၂၃-၁၀-၂၀၁၃ ရက်ဟု ပြင်ဆင်သတ်မှတ်ပါကြောင်း အသိပေးအပ်ပါသည်။

ဗဟိုဆေးသိုလှောင်ရေးဌာန

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သီရိရတနာမြို့မဈေးရှိ ရုံအမှတ် (ဂ-၁)၊ ဆိုင်းခန်းအမှတ် (၈)အား လယ်ဝေးမြို့၊ အမှတ်(၄)ရပ်ကွက်၊ ခန်းမလမ်းနေ ဒေါ်ကျော့ကျော့ခိုင် ၉/ပဘန(နိုင်) ၁၁၆၄၈၉အမည်ပေါက်ပိုင်ဆိုင်ပြီး ပျဉ်းမနားမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အိမ်အမှတ် (၂/၁၀) နေ ဦးသူရဇော်ဇော် ၉/ပမန(နိုင်)၁၂၆၅၈၆သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

ဈေးများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ် အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလက်အောက်ရှိ ကျိုင်းတုံမြို့နယ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် လမ်းတံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ခွဲကျောက်အား အိတ်ဖွင့်တင်ဒါ(Open Tender)စနစ်ဖြင့် ပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကျိုင်းတုံမြို့နယ်

(က) ၂"-၃" ခွဲကျောက် - ၅၂၃ ကျင်း

၂။ **လျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၂၄-၉-၂၀၁၃ရက်
အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက် - ၃၀-၉-၂၀၁၃ ရက် ၁၄:၀၀ နာရီ
အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ - မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး၊ ကျိုင်းတုံမြို့။

၃။ သတ်မှတ်ချိန်ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကျိုင်းတုံမြို့နှင့် ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ် ရေးလုပ်ငန်း၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၁၀၃၅၊ ၀၈၄-၂၁၀၃၁ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ကျိုင်းတုံမြို့

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှ၊ အထက၊ တက္ကသိုလ်ဝင်တန်း(G)မှ မစုမွန်အောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ခိုင်ဝင်း ၅/ကလန(နိုင်)၀၄၁၅၀၅ ဖြစ်ပါကြောင်း။

ဦးကျော်ခိုင်ဝင်း

ဖခင်အမည်မှန်

သဲတောမြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်ရှိန်းသီဟ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဝင်း ၉/ဝတန(နိုင်)၀၇၄၆၆၁ ဖြစ်ပါကြောင်း။

ဦးခင်မောင်ဝင်း

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ညောင်ဦးရှိ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

ညောင်ဦး စက်တင်ဘာ ၂၁

ညောင်ဦးတွင် ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရေဘေးသင့်ပြည်သူများ အိမ်ထောင်စု ၄၉၇ စု၊ လူဦးရေ ၂၀၄၅ ဦးခန့်ကို ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိခဲ့ရာ အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ဆန်အိတ် ၂၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းစုံ ဂျပ်ဖာပုံး ၁၉၆ ပုံးကို ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁၈ ရက်က ညောင်ဦးမြို့နယ် တောင်ဘီကျေးရွာရှိ ကမ္ဘာ့ဘုန်းတော်ကြီးကျောင်း ယာယီ ကယ်ဆယ်ရေးစခန်း၌ ကျင်းပသည်။ **(အပေါ်ပုံ)** အဆိုပါ အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ကယ်ဆယ်ရေးပစ္စည်း ဂျပ်ဖာပုံးတွင် ဆီ၊ ဆပ်ပြာမှုန့်၊ ကုလားပဲ၊ ဆား၊ သကြား၊ နို့ဆီ၊ လက်ဖက်ခြောက်၊ ဆပ်ပြာ၊ ခေါက်ဆွဲခြောက်ထုပ်များ ပါဝင်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပြည်သူ့ဆန္ဒရယူ၍ကလေးမြို့တွင် ၂၄နာရီ လျှပ်စစ်မီးရရှိရေးဆောင်ရွက်မည်

ကလေး စက်တင်ဘာ ၂၁

ပြည်သူ့ဆန္ဒသဘောထားရယူ၍ ကလေးမြို့နယ် ၂၄ နာရီလျှပ်စစ်မီး ရရှိရေး တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက ကလေးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန နေရဥ္စရာ ခန်းမ၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ် အထောက်အကူပြု ကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖဒေသခံပြည်သူများ နှင့် ထွန်းသွင်သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်တို့တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

လက်ရှိမိုးရာသီတွင် ကလေးမြို့ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းအနေဖြင့် ဇီချောင်းရေအားတာဘိုင်စက် ၆၃၀ ကီလိုဝပ် နှစ်လုံး၊ ဌာနပိုင် 500 KVA Inmesol စက်တစ်လုံး၊ 300 KVA Cummin စက်တစ်လုံးတို့ဖြင့် မြို့ပေါ်ရပ်ကွက်များအား အုပ်စုသုံးစုခွဲ၍ တစ်စုလျှင် တစ်နေ့အနည်းဆုံး ၈ နာရီ လျှပ်စစ်မီးရရှိသုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး နွေရာသီတွင် လျှပ်စစ်မီးအလှည့်ကျခွဲတမ်းရရှိရန်ခက်ခဲနိုင်ကြောင်း သိရသည်။

ယခုအခါ ထွန်းသွင်သတ္တုတူးဖော်ရေး ကုမ္ပဏီအနေဖြင့် ကလေးမြို့ မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းနှင့်ပူးပေါင်း၍ စက်တစ်လုံးလျှင် ၀ ဒသမ ၅ မဂ္ဂါဝပ် caterpiller မီးစက်ကြီးငါးလုံးဖြင့် ကလေးမြို့ ပတ်ဝန်းကျင်များအား ၂၄ နာရီ လျှပ်စစ်မီးရရှိရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ လျှပ်စစ်မီးစက်ကြီး ငါးလုံးဖြင့် ၂၄ နာရီလျှပ်စစ်မီး ရရှိရေး ဆောင်ရွက်ခြင်းကို ကလေးမြို့တွင်ရရှိမည့် မဟာဓာတ်အားလိုင်း စီမံကိန်းနှင့် ထွန်းသွင်သတ္တုတူးဖော်ရေးကုမ္ပဏီမှ တည်ဆောက်အကောင်အထည်ဖော်မည့်ကလေးဝ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားစက်ရုံ စီမံကိန်း တည်ဆောက်ပြီးစီးသည်အထိ ကုမ္ပဏီဓာတ်အားခကောက်ခံမှု တစ်ယူနစ်လျှင် ငွေကျပ် ၄၉၀ နှုန်း၊ ကလေးမြို့မြန်မာ့လျှပ်စစ် ဓာတ်အားလုပ်ငန်းမှ ဓာတ်အားခကောက်ခံမှု တစ်ယူနစ်လျှင် ၃၅ ကျပ်နှုန်းတို့ဖြင့် ထုတ်လုပ်သုံးစွဲသည့် ယူနစ်များအလိုက် အချိုးကျကောက်ခံသွားနိုင်ရေး ပြည်သူတို့၏ သဘောထားဆန္ဒများကို တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကုမ္ပဏီက ကျွန်တော်တို့ ဓာတ်အားလုပ်ငန်းနဲ့ ပူးပေါင်းပြီး ဓာတ်အား ဖြန့်ဖြူးနိုင်ဖို့ဒေသခံပြည်သူတွေနဲ့ တွေ့ဆုံဆွေးနွေးတိုင်ပင်ကြတာပါ။ ရှင်းရှင်းပြောရရင်ပြည်သူတွေရဲ့ ဆန္ဒသဘောထားတွေကိုရယူတောင်းခံတာပါ။ ကျွန်တော့်အနေနဲ့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရာမှာ လိုအပ်တဲ့ အချက်အလက်တွေ ထောက်ခံချက်တွေကို နိုင်ငံတော်အစိုးရ၊ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ မူဝါဒသဘောထားတွေကို တင်ပြရှင်းလင်းပေးတာပါ၊ ကုမ္ပဏီက ဌာနပိုင်မီတာတွေ၊ ဓာတ်အားလိုင်းတွေနဲ့မြို့ကို ၂၄ နာရီလျှပ်စစ်မီးပေးနိုင်ဖို့ အဆိုပြုလာတာပါ။ ပြည်သူက ထောက်ခံတယ် လိုလားတယ်ဆိုရင် ပြည်သူတွေရဲ့ ဆန္ဒသဘောထားအတိုင်း ဆက်လက်တင်ပြနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ"ဟု ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးယုမော်က ရှင်းပြသည်။

၂၄ နာရီ လျှပ်စစ်မီးပေးရင် မီတာဘောက်ရှိပြီးသားတွေအပြင် မီတာဘောက်မရှိသေးတဲ့ နေအိမ်မိသားစုတွေကိုလည်း ထည့်သွင်းစဉ်းစားပေးစေချင်ပါတယ်။ ၂၄ နာရီ လျှပ်စစ်မီးရတဲ့အတွက် မှုခင်းတွေ မဖြစ်ပွားနိုင်တော့ဘူးပေါ့။ အသေးစား စက်မှုလုပ်ငန်းတွေလုပ်ကိုင်နိုင်လာတာနဲ့အမျှ ဒေသခံတွေအလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာမယ်။ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်လာမယ်။ ဒါကြောင့် ပြည်သူထဲက ပြည်သူတစ်ဦးအနေနဲ့ ကြိုဆိုထောက်ခံတယ်။ အများဆန္ဒကလည်း ထောက်ခံကြိုဆိုနေကြတာကိုး"ဟု အောင်သစ္စာရပ်ကွက်အုပ်ချုပ်ရေးမှူးက ဆိုသည်။

"ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ပြည်သူတွေကို လေးလေးစားစားနဲ့ ပြည်သူ့ဆန္ဒသဘောထားရယူတောင်းခံတာပါ။ ကလေးဝမှာ တည်ဆောက်မယ့် ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေး စက်ရုံတည်ဆောက်ပြီးသည်အထိ ဒီကလေးမြို့မှာ ၂၄ နာရီလျှပ်စစ်ဓာတ်အားပေးနိုင်ဖို့ ဖြစ်နိုင်တဲ့ လိုအပ်ချက်တွေကို တွေ့ဆုံဆွေးနွေးတာဗျ။ ကျွန်တော်တို့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမယ့် မီးစက်ကြီးငါးလုံးက တစ်နေ့ကို ဒီဇယ်ဂါလန် ၂၆၄၀ ကုန်မှာဖြစ်ပါတယ်"ဟု ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ရှင်းပြခဲ့သည်။

မောင်ဖိုးဇော်

စိတ်လူမှုဆိုင်ရာပံ့ပိုးမှုဆွေးနွေးပွဲ တွံတေးမြို့နယ်၌ ကျင်းပ

တွံတေး စက်တင်ဘာ ၂၁

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်တွင် ပြည်သူကို ဗဟိုပြုပြည်သူ့အကျိုးပြုလုပ်ငန်းများကိုအစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသော လူသရမ်ဝေါလ်ဖက်ဒရေးရှင်း (မြန်မာ) က စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက သဲကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**

ထို့နောက် မြို့နယ်တာဝန်ခံ ဦးဇော်ဇော်ထိုက်က အမှာစကားပြောကြားပြီး စိတ်လူမှုဆိုင်ရာပံ့ပိုးမှု ဆွေးနွေးပွဲကျင်းပရာ ဒေါက်တာအေးမြတ်လွင်က မိမိတို့ ရပ်ရွာများတွင် စာသင်ကြားနေသော ကျောင်းသားလူငယ်များကို စိတ်လူမှုဆိုင်ရာ ထောက်ပံ့မှုပေးတတ်စေရန်၊ ကလေးသူငယ်များတွင် ဖြစ်တတ်တွေ့ကြုံတတ်သောစိတ်ပိုင်းဆိုင်ရာ၊ လူမှုဆိုင်ရာအခက်အခဲ၊ အကျပ်အတည်းများကို ဝိုင်းဝန်းအဖြေရှာ ဖြေရှင်းတတ်ရန်၊ ကလေးသူငယ်တို့ဘဝ အဘက်ဘက်မှ တိုးတက်စေရန် ဆွေးနွေးခြင်း၊ တက်ရောက်လာကြသူများနှင့် အပြန်အလှန်ဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့သည်။

စိတ်လူမှုဆိုင်ရာပံ့ပိုးမှု ဆွေးနွေးပွဲသို့ လူသရမ်ဝေါလ် ဖက်ဒရေးရှင်း (မြန်မာ)မှ ပံ့ပိုးကူညီသောကျေးရွာ ၁၀ ရွာမှ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ စုစုပေါင်းအင်အား ၅၁ ဦးတက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

ရောင်ခြည်သစ်စာကြည့်တိုက်သို့ စာအုပ်စာစောင်နှင့် အလှူငွေများပေးအပ်

ပွင့်ဖြူ စက်တင်ဘာ ၂၁

ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စု ယောစုကျေးရွာ ရွာလယ်လမ်းမကြီးဘေး၌ ရောင်ခြည်သစ်စာကြည့်တိုက် အဆောက်အအုံသစ်နှင့် စာအုပ်စာစောင် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဦးကိုဦး၊ စာကြည့်တိုက်ကော်မတီ ဦးမောင်မောင်နှင့်မြို့နယ်ဦးစီးမှူး ဒေါ်မေသန္တာအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြား၍ မြို့နယ်ဦးစီးမှူးက စာဖတ်စွမ်းရည်မြင့်မားရေးနှင့်ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ဆွေးနွေးခဲ့သည်။ ဆက်လက်၍ ကျေးရွာပြည်သူများက လှူဒါန်းငွေကျပ်တစ်သိန်းနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက လှူဒါန်းသော စာအုပ်စာစောင်မျိုးစုံ အုပ် ၄၀ ကို ဦးစီးမှူးက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားအထူးအဖွဲ့(၁၅)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကင်းချောင်း တံတား တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်	အမှတ်(၂) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်
၁။ နံ့သဲ	၁၁၂၀ ကျင်း
၂။ ကောသစ်	၂၃ တန်

၃။ တင်ဒါတင်သွင်းရမည့်ရက် — ၂၃-၉-၂၀၁၃ ရက်မှ ၇-၁၀-၂၀၁၃ ရက်အထိ
၄။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့်အချိန် — ၈-၁၀-၂၀၁၃ ရက် နံနက် ၀၉း၀၀ နာရီ
၅။ တင်ဒါတင်သွင်းရမည့်နေရာ — မြို့နယ်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မိုးမိတ်မြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)
၆။ အသေးစိတ်အချက်အလက်များနှင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံကို မြို့နယ်အင်ဂျင်နီယာရုံး မိုးမိတ်မြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၈၆-၄၅၀၂၇၊ ၀၉-၄၈၂၉၅၈၃၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနလက်အောက်ရှိ စီမံကိန်းလုပ်ငန်းသုံး ယာဉ်ယန္တရားများအတွက် လိုအပ်သော တာယာ၊ ချောဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၉-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁၈-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ e-government လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော Database Server, Webserver နှင့် Network infrastructure တည်ဆောက်ခြင်းလုပ်ငန်းများအား (Turnkey Tender) မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၀-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၁-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

သမဝါယမဝန်ကြီးဌာန
မြို့နယ်သမဝါယမဦးစီးဌာန၊ နတ်တလင်းမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်၊ နတ်တလင်းမြို့ သမဝါယမဦးစီးဌာန(၆၀'×၃၄'×၁၂') အုတ်ညှပ်နံကပ်တစ်ထပ်ရုံးသစ် ဆောက်လုပ်ခြင်းနှင့် လျှပ်စစ်မီးတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။
၂။ အဆိုပါလုပ်ငန်းအတွက် ပြည်တွင်းနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် အဆိုပြုလွှာများကို ၁၈-၉-၂၀၁၃ရက်မှ ၁၇-၁၀-၂၀၁၃ရက်၊ ၁၆း၃၀နာရီအမီ ပေးပို့သွားရန် တင်ဒါခေါ်ယူအပ်ပါသည်။
၃။ တင်ဒါစည်းကမ်းများနှင့် အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို မြို့နယ်သမဝါယမဦးစီးဌာန (နတ်တလင်းမြို့)တွင် ဝယ်ယူရမည်ဖြစ်ပြီး တင်ဒါစည်းကမ်းများနှင့်အညီ အဆိုပြုလွှာတင်သွင်းရန်ဖြစ်ပါသည်။
အသေးစိတ်သိလိုပါက ဖုန်း-၀၅၃-၃၆၀၁၇သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့

ဖခင်အမည်မှန်

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထက (၁၄) တက္ကသိုလ်ဝင်တန်း(A)မှ မောင်နန္ဒကျော်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းအောင် ၉/ပမန(နိုင်)၂၁၅၀၃၅ ဖြစ်ပါကြောင်း။

အမည်ပြောင်း

တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်၊ နယ်မြေ ၁၂၊ ခ/၄၇၀ နေ မောင်ဘင်ကူးမား ၁၃/တကန(နိုင်)၁၃၉၅၆၄ အား ယနေ့မှစ၍ မောင်စိုးမိုးအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်စိုးမိုးအောင်

မိဘအမည်မှန်

အထကဗထူး၊ တက္ကသိုလ်ဝင်တန်း (က)မှ မပန်းအိဖြူ၏ မိဘအမည်မှန်မှာ ဦးကျော်ခင် ၇/ညလပ(နိုင်) ၁၈၈၇၆၁ နှင့် ဒေါ်လှလှသန်း ၇/ညလပ(နိုင်) ၀၅၁၆၄၈ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပင်းတယမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(C)မှ စန်းသီတာနှင့် နည်းပညာတက္ကသိုလ်၊ အေးသာယာမှ မခိုင်ဝါတို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းဆောင် ဖြစ်ပါကြောင်း။

ဦးထွန်းဆောင်

ရန်ကုန်တိုင်းဒေသကြီးအတွင်း သမပံ့ပိုးထုတ်ချေးငွေကျပ်သိန်းပေါင်း၁၁ရ၄၈သိန်းကျော်ရှိလာ

လက်လုပ်လက်စားများ ငွေကျပ်သုံးသောင်းခွဲနှုန်း စတင်ထုတ်ချေး

ရန်ကုန် စက်တင်ဘာ ၂၁

လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် လိုအပ်ချက်များ အဆက်မပြတ်ဖြည့်ဆည်းပေးလျက်ရှိရာ ကျန်ရှိနေသည့် လ၃၀အတွင်း ပြည်သူများအလုပ်အကိုင် အခွင့်အလမ်းသစ်များ တိုးပွားရရှိစေရန်ဆိုသည့်အချက်သည်လည်းတစ်ခု အပါအဝင်ဖြစ်သည်။

ယခုအခါ အခြေခံလူတန်းစားများလုပ်ငန်းကိုင်ငန်း ငွေကြေးအရင်းအနှီးအဆင်ပြေစေရန် သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနက ပံ့ပိုးချေးငွေများ ထုတ်ချေးလျက်ရှိသည်။ ဝင်ငွေနည်းပြည်သူများကို ပံ့ပိုးချေးငွေများထုတ်ချေးနေမှုနှင့်စပ်လျဉ်း၍ ပြည်သူအများသိရှိစေနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ညီညီခိုင်နှင့်သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ ယခုချေးပေးနေတဲ့ ပံ့ပိုးချေးငွေများကို ဘယ်အချိန်ကစပြီး ချေးပေးပါသလဲ၊ မည်သည့်အသင်းအဖွဲ့အစည်းတွေကို ချေးပါသလဲခင်ဗျာ။

ဖြေ။ ကျွန်မတို့သမဝါယမဝန်ကြီးဌာနအနေဖြင့် ယခု ပံ့ပိုးချေးငွေ မတိုင်မီက ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှာလည်း ထုတ်ချေး ပေးခဲ့ပါတယ်။ ယခုချေးငွေကတော့ ဇွန် ၂ ရက်မှာ ဆင်းရဲမှုလျှော့ချရေးအတွက် ချေးငွေများ ထုတ်ချေးရေး အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပါတယ်။ ဇွန် ၅မှာ စတင်ထုတ်ချေးခဲ့ပါတယ်။ ထုတ်ချေးတဲ့အသင်းအဖွဲ့တွေကတော့ စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်း၊ မွေးမြူရေးနှင့်အထွေထွေ လုပ်ငန်းသမဝါယမအသင်း၊လက်လုပ်လက်စားငွေစုငွေချေးသမဝါယမအသင်း၊ စက်ရုံအလုပ်ရုံ အလုပ်သမားများ ငွေစုငွေချေးအသင်းဆိုပြီး အသင်းအမျိုးအစားလေးမျိုးခွဲခြားပြီး ထုတ်ချေးပါတယ်။

မေး။ ထုတ်ချေးငွေပမာဏနဲ့ ပြန်ဆပ်ရမယ့် ကာလအပိုင်းအခြားလေး သိပါရစေ။

ဖြေ။ စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းအနေနဲ့ တောင်သူတစ်ဦးကို တစ်ဧကငွေကျပ် ၂၀၀၀၀နှုန်းနဲ့ငါးဧကအထိ ချေးပေးပါတယ်။ အဲဒါက အတိုးအရင်း ခြောက်လပြန်ဆပ်ရပါတယ်။ မွေးမြူရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်း အနေနဲ့တစ်ဦးလျှင်ငွေကျပ် ၅၀၀၀၀ နှုန်း ခြောက်လအတွင်း အတိုးအရင်းပြန်ဆပ်ရပါတယ်။ လက်လုပ်လက်စားငွေစုငွေချေး သမဝါယမအသင်းအနေနဲ့တစ်အိမ်ထောင်တစ်ဦးငွေကျပ် ၃၀၀၀၀ ထုတ်ချေးပြီးသုံးလအတွင်း အတိုးအရင်းပြန်ဆပ်ရပါတယ်။ စက်ရုံအလုပ်ရုံ အလုပ်သမားများကိုငွေစုငွေချေးသမဝါယမအသင်းအနေဖြင့် တစ်ဦး ငွေကျပ်၅၀၀၀၀နှုန်း လေးလအတွင်း အတိုးအရင်း ပြန်ဆပ်ရပါတယ်၊ အဲဒီလို ပြန်ဆပ်ပြီးရင် ပြန်ထုတ်ချေးပေးပါတယ်။ အခုလက် လုပ်လက်စား ငွေစုငွေချေး သမဝါယမအသင်းအနေဖြင့် သုံးလပြည့်သွားပြီဖြစ်တဲ့အတွက် စက်တင်ဘာ ၅ ရက်ကစပြီး တစ်ဦးငွေကျပ် ၃၅၀၀၀နှုန်းနဲ့ လက်လုပ်လက်စား အသင်းပေါင်း ၁၆၅ သင်းကို ထုတ်ချေး ထားပါတယ်။ အတိုးနှုန်းကတော့ နှစ်ကျပ်ခွဲနှုန်းပဲဖြစ်ပါတယ်။

မေး။ ယခုလို ထောက်ပံ့ချေးငွေတွေ ထုတ်ချေးနိုင်ဖို့ ဘာတွေလို အပ်ပါသလဲခင်ဗျာ။

ဖြေ။ အသင်းသားဖြစ်ဖို့လိုပါတယ်။ အသင်းသားတစ်ဦးအနေနဲ့ အစုဝင်ကြေး ငွေကျပ် ၅၀၀၀ ထည့်ဝင်ရပါတယ်။ အသင်းမှာ ဝိုင်းကြီးချုပ်အဖွဲ့တွေရှိပါတယ်။ ဝိုင်းကြီးချုပ်အဖွဲ့ဝင်များ လိုက်နာရမယ့် အချက်သုံးချက်ဆိုတာရှိပါတယ်။ အဲဒါတွေ ကတော့ (၁)အဖွဲ့ဝင်များက ချေးငွေများကို အလွဲသုံးစားမပြုဖို့ အချင်းချင်း ထိန်းကျောင်းပေးခြင်း၊ (၂)ချေးယူရရှိသောငွေကို မိမိတို့၏ စီးပွားရေးလုပ်ငန်းများ၌ အမှန်တကယ်ထိရောက်စွာ အသုံးပြုစေရေးအဖွဲ့ဝင် အချင်းချင်း ထိန်းကျောင်းပေးခြင်း၊ (၃)သတ်မှတ်ကာလအတွင်း ချေးငွေနှင့်ဝန်ဆောင်မှုစရိတ်(အတိုး)ကိုပြန်လည်ပေးဆပ်ရန် အချင်းချင်း ထိန်းကျောင်းပေးခြင်း၊ အဖွဲ့ဝင်တစ်ဦးက ပေးဆပ်ရန်ပျက်ကွက်ပါက ကျန်အဖွဲ့ဝင်များမှတာဝန်ယူပေးဆပ်ပေးခြင်းဆိုတဲ့အချက်သုံးချက်ရှိပါတယ်။

မေး။ ယခု ခြောက်လပိုင်းနောက် ထုတ်ချေးထားတဲ့ ငွေစုငွေချေးအသင်းပေါင်း ဘယ်လောက်ရှိပါသလဲခင်ဗျာ။

ဖြေ။ ယခုနှစ် ခြောက်လပိုင်းနောက်ပိုင်း ထုတ်ချေးခဲ့တဲ့ ငွေစု ငွေချေးအသင်းပေါင်း ၃၁၃ သင်းရှိပါတယ်။ လူဦးရေနဲ့ဆိုရင် ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံး ၂၃၁၁၃ ဦးရှိပြီး စုစုပေါင်း ပံ့ပိုးချေးငွေမှာ ငွေကျပ်သိန်းပေါင်း ၁၁၇၄၈ ဒသမ ၆၆ ရှိပါတယ်။ ဒီမတိုင်မီ ၂၀၁၂ ခုနှစ် ၁၂ လပိုင်းကတော့ အသင်းပေါင်း ၂၆၄သင်းကို ထုတ်ချေးပေးခဲ့ပါတယ်။လူဦးရေအနေနဲ့ကတော့ ၁၆၄၉၆ ဦးရှိပြီး ပံ့ပိုးထုတ်ချေးငွေ ပမာဏမှာ ငွေကျပ်သိန်းပေါင်း ၉၃၂၄ ဒသမ ၁၂၂၅ ရှိပါ တယ်။ ယခုကဲ့သို့ အသေးစား ငွေစုငွေချေးလုပ်ငန်းမှ သမဝါယမ အသင်းသူ အသင်းသားများရရှိနိုင်မည့် အကျိုးကျေးဇူးမှာ အတိုးနှုန်း သက်သာစွာဖြင့် အရင်းအနှီးချေးငွေရရှိခြင်း၊ မိမိပိုင်စုဆောင်းငွေများ တဖြည်းဖြည်းများပြားလာခြင်း၊ နောင်မိမိလုပ်ငန်းအတွက် ပြန်လည်ထုတ်ယူခွင့်ရှိခြင်းနှင့်မိမိကိုယ်ပိုင်စုဆောင်းငွေအပေါ်တွင်အတိုးရရှိလာခြင်း စသော အကျိုးကျေးဇူးများရှိလာမည် ဖြစ်ပါသည်။

အင်တာဗျူး-မြင့်မောင်စိုး

သတင်းဆောင်းပါးနှင့်နယ်သတင်း

သံဃာတော်များ ကျန်းမာမှု စောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်း

ပြည် စက်တင်ဘာ ၂၁

ပြည်မြို့ ဇောတိကာရုံ ပါဠိ တက္ကသိုလ် ကျောင်းတိုက်တွင် သာသနာ့တာဝန်ကိုဆောင်ရွက်တော်မူကြသော စာချ၊စာသင်၊ သံဃာတော်များအား ကျန်းမာစွာဖြင့် သာသနာ့တာဝန်ကိုဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ကျန်းမာမှုစောင့်ရှောက်ရေးအဖွဲ့ဖွဲ့စည်းခြင်းကို စက်တင်ဘာ၁၇ ရက် မွန်းလွဲ ၂ နာရီက မဟာသုခဇောတိက ကျောင်းတော်၌ ကျင်းပသည်။

နိုင်ငံတော်ဩဝါဒါစရိယ ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက ဆရာတော်ဖြစ်တော်မူသော အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ မဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလ ဇောတိမဟာထေရ် မြတ်က ဩဝါဒကထာ မိန့်ကြားတော်မူသည်။

ဆက်လက်၍ သံဃာတော်များ ကျန်းမာမှု စောင့်ရှောက်ရေးအဖွဲ့ ဖြစ်ပေါ်လာရခြင်းနှင့် ပတ်သက်၍ ဦးသိန်းတန် (ကရဝိက်သင်္ဘောက်န်းတိုက်) က ရှင်းလင်းတင်ပြပြီး အမှုဆောင်ကော်မတီအဖွဲ့အား အတည်ပြုဖွဲ့စည်းကာ ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

ယင်းအခမ်းအနားတွင်ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ ကြိတ္တလမ်းနေ ဦးမြမောင်-ဒေါ်ကြန်(ကျားပုံဆေးစည်းလုပ်ငန်း)မိသားစုက အလှူတော်ငွေကျပ်သိန်း ၂၀ မတည် လှူဒါန်းခဲ့ကြောင်း သိရသည်။

မောင်ရွှေဝင်း(ပြည်)

ရွှေတိဂုံစေတီတော်တောင်ဘက် ဓာတ်လှေကားနှင့် ညှော်ခန်းဆောင်အသစ် တည်ဆောက်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၁

ပြည်တွင်း ပြည်ပမှ ဘုရားဖူးများရောက်ရှိမှုများပြားလာခြင်းကြောင့် ရွှေတိဂုံစေတီတော်ကြီး၏ တောင်ဘက် ဓာတ်လှေကားအသစ်တည်ဆောက်မှုပြုလုပ်လျက်ရှိခြင်းမှာမကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။ ညှော်ခန်းဆောင် တည်ဆောက်မှုလည်း ပြုလုပ်လျက်ရှိကြောင်း သိရသည်။ ထို့အပြင် ပြတိုက်နှင့်ပိဋကတ်တိုက်များပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေတိဂုံစေတီတော်သို့ နိုင်ငံခြားသားခရီးသည်များမှ ဘုရားဖူးလာရောက်မှုမှာ ယမန်နှစ်ကထက် ၂၉ ရာခိုင်နှုန်းတိုးလာကြောင်းသိရသည်။ ၂၀၁၃ ဇန်နဝါရီမှ စက်တင်ဘာ ၁၅ ရက်အထိ နိုင်ငံခြားသားခရီးသည်များ လာရောက်သည့်အရေအတွက်မှာ ၂၆၉၈၅၁ ဦးအထိရှိကြောင်း၊ အများဆုံးလာရောက်သည့်နိုင်ငံမှာ ထိုင်းနိုင်ငံမှ ဖြစ်သည်။ အာဖရိကနိုင်ငံများကပါ လာရောက်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဩဂုတ်လအတွင်း အာဖရိကနိုင်ငံသား ၂၁၈ ဦးလာရောက်ခဲ့ကြောင်း သိရသည်။

ရွှေတိဂုံစေတီတော်ရွှေသင်္ကန်းကပ်လှူခြင်းကို ၂၀၁၄ ခုနှစ် ၁၀ လပိုင်းမှစတင်၍ ၂၀၁၅ ခုနှစ်အတွင်းကပ်လှူရန် ရည်ရွယ်ထားကြောင်း ဂေါပကအဖွဲ့သတင်းဖော်ပြချက်အရ သိရသည်။ ရွှေသင်္ကန်းကပ်လှူရာတွင် ရွှေမည်မျှကပ်လှူမည်ဟု သတ်မှတ်မထားပါ။ ယခင်ကပ်လှူသည့် ၅၀ ရာခိုင်နှုန်းအထက်ပျက်စီးသောရွှေစင်ပြားများကို အစားထိုးလဲလှယ်ခြင်း၊ အလှူရရှိထားသော ရွှေစင်ပြားများပေါ်မူတည်၍ ယခင်ကပ်ထားသည့် မျက်ပါးရွှေသင်္ကန်းများနေရာတွင် Gold Coating ရွှေစင်ပြားများအစား ထိုးကပ်လှူခြင်းပြုလုပ်ကြောင်း သိရသည်။ ယခင် ၂၀၀၉ ခုနှစ် ရွှေသင်္ကန်းကပ်လှူစဉ်က ရွှေပြား ၁၀၆၃၆ ချပ်၊ ရွှေအလေးချိန် ၁၇၇၃၁ ကျပ်သားကပ်လှူပူဇော်ခဲ့ကြောင်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သတင်းဖော်ပြချက်အရ သိရသည်။

မြတ်စန္ဒီသင်းဇော်

ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာ ၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာစာမျက်နှာ ၁၅ ပါ မြန်မာ-ဂျပန် ချစ်ကြည်ရေး ရေဆေးပန်းချီပြပွဲ ကျင်းပမည် သတင်းဆောင်းပါး၏ ကော်လံ ဒုတိယစာပိုဒ်စာကြောင်းရေ၁၀တွင် မြန်မာနိုင်ငံပန်းချီ၊ ပန်းပုအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ နီပိုဦးအစား အတွင်းရေးမှူးနီပိုဦးဟု ပြင်ဆင်ဖတ်ရှုပေးပါရန် တောင်းပန်အပ်ပါသည်။

(စာတည်းအဖွဲ့)

လားရှိုး စက်တင်ဘာ ၂၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရပ်ကွက်(၁၂)၌စက်တင်ဘာ ၁၈ ရက် ည ၇ နာရီ ၁၅ မိနစ်က ငါးရှဉ့်တိုက်ရာမှ ဓာတ်လိုက်သေဆုံးခဲ့သည်ဟု ယူဆရသည့် လူသေအလောင်းတစ်လောင်း လားရှိုးပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာကြောင်း သိရသဖြင့် နယ်မြေရဲစခန်း၊ စခန်းမှူး ရဲအုပ်ဝင်းနိုင်၊ ရဲကင်းမှူး ဒုရဲအုပ်ဇော်သန်းနှင့်အဖွဲ့ သက်သေဦးမြသောင်း၊ ဦးထွန်းကျော်တို့နှင့်အတူ လားရှိုးပြည်သူ့ဆေးရုံကြီးသို့ သွားရောက်စစ်ဆေးခဲ့သည်။

၂ကေဗွီမီးစက်အသုံးပြု၍ ငါးရှဉ့်တိုက်စဉ် ဓာတ်လိုက်သေဆုံး

ဖြစ်စဉ်မှာ စက်တင်ဘာ၁၈ ရက် ည ၇ နာရီ ၁၅ မိနစ်ခန့်က သေဆုံးသူမောင်ယိုကျင်းရှင်း(၁၇နှစ်)တရုတ်၊ ဗုဒ္ဓ၊ တရုတ်ကျောင်း (၇) တန်း ရှမ်းခိုလောင်းလမ်းနယ်မြေ(၁၆)ရပ်ကွက် (၁၂)လားရှိုးမြို့နေသူသည် အစ်ကို ဝမ်းကွဲတော်စပ်သူ ယိုကျင်းကွယ် (၂၀ နှစ်) တို့နှစ်ဦးသည် ရပ်ကွက် (၁၂) နယ်မြေ (၁၆)ရှိ ရေအနက် နှစ်ပေခန့်ရှိသော နမ့်လောင်ချောင်းတွင် ၂ ကေဗွီတရုတ်ဟွန်ဒါမီးစက်တစ်လုံး၊ ခြောက်ပေအရှည်ရှိ ဝါးလုံးနှစ်လုံးထိပ်၌ သဲဆန်ခါနှင့်ဝိုင်ယာကြိုးတပ်ဆင်ထားသော ငါးရှဉ့်တိုက်တံနှစ်ချောင်းတို့ကို အသုံးပြု၍ ယိုကျင်းကွယ်မှာကမ်းပေါ်တွင်နေကာ ယိုကျင်းရှင်းမှာ ရေထဲဆင်းငါးရှဉ့်တိုက်စဉ် ပြင်ပဒဏ်ရာမရှိဘဲ အဝတ်အစားနှင့်ခန္ဓာကိုယ်ရေစို၍ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

ဗိုလ်ဗိုလ်

ဖခင်အမည်မှန်

မိုင်းဖြတ်မြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(က)မှ မဆိုင်းခေါန်၏ ဖခင်အမည်မှန်မှာ ဦးကြံအောင် ၁၃/မဖန(နိုင်)၀၁၇၈၆၄ ဖြစ်ပါကြောင်း။

ဦးကြံအောင်

ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်
နှစ်ပတ်လည်အထွေထွေအစည်းအဝေး
ဖိတ်ကြားလွှာ

ရွှေနိုင်ငံအရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေးလီမိတက်၏သတ္တမအကြိမ်မြောက် ၂၀၁၂-၂၀၁၃ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် အစုရှယ်ယာရှင်များ အားလုံး တက်ရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်နေ့ရက် - ၂၈-၉-၂၀၁၃ ရက် (စနေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီ
ကျင်းပမည့်နေရာ - မင်္ဂလာခန်းမ
UMFCCI Office Tower (ပထမထပ်)၊
အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

အစုရှယ်ယာလွှဲပြောင်းရန် မှတ်ပုံတင်ခြင်းကိစ္စများကို ၁၄-၉-၂၀၁၃ ရက်မှစ၍ ၂၈-၉-၂၀၁၃ ရက်အထိ ခေတ္တပိတ်သိမ်းထားပါသည်။

အစုရှယ်ယာရှင်တစ်ဦးချင်းထံသို့လည်း ဖိတ်စာများပေးပို့မည်ဖြစ်ပါသည်။ အစည်းအဝေးနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည်များရှိပါက ဖုန်း-၀၁-၂၁၇၀၉၁၊ ၀၁-၂၁၇၀၉၃၊ ၀၁-၂၁၇၀၉၄နှင့် ၀၁-၂၁၇၀၉၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဒါရိုက်တာအဖွဲ့
ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်းမှ ဆေးဝါးစက်ရုံများအတွက်ဆေးဝါးကုန်ကြမ်း ၆၁ မျိုးအား နိုင်ငံခြားငွေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
စတင်ရောင်းချမည့်ရက် - ၂၃-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၄-၁၀-၂၀၁၃ ရက် ညနေ ၁၆:၀၀ နာရီ

၃။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆၊ ၀၆၇-၄၀၈၁၉၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ လူနေရပ်ကွက်မြေကွက်အမှတ် ၆၇၅၊ ဧရိယာ ၀ဒသမ၀၅၆ဧက၊ နှစ် ၆၀ဂရန်မြေအမျိုးအစားမြေပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၆ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ် ၆၇၅ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးမြတ်ဇော် ၁၂/အစန (နိုင်)၀၀၃၉၀၁အမည်ပေါက်လျက်ရှိပြီး အရပ်ကတိစာချုပ်အဆက်ဆက်အရ ဦးသန်းတိုးအောင် ၈/ဆပဝ(နိုင်)၀၀၀၀၅၄မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး	**ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၂၃၃၅)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖခင်အမည်မှန်

အထက (၄)၊ မြောက်ဒဂုံ၊ တက္ကသိုလ်ဝင်တန်း (C)တွင် ပညာသင်ကြားနေသော မအဋ္ဌလီစိုးမိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးမိုး ၁၂/ဥကတ(နိုင်) ၁၃၇၈၆၃ ဖြစ်ပါသည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ဥက္ကလာပမြို့နယ်၊ မြို့နယ်တရားသူကြီးရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၃၅

ဒေါ်တင်ပြုံး (၎င်း၏အခွင့်ရ ကိုယ်စားလှယ်-ဦးဝင်းကိုကို)	**နှင့်**	၁။ ဒေါ်ဥမ္မာသူ ၂။ ဦးထွန်းမြင့်
တရားလို		**တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာ ၁၉ လမ်း(က)၊ အမှတ် ၉၁၀/ကနေ ဒေါ်ဥမ္မာသူနှင့် ဦးထွန်းမြင့်(ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

တရားလို ဒေါ်တင်ပြုံး (၎င်း၏အခွင့်ရကိုယ်စားလှယ်-ဦးဝင်းကိုကို)က ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် စက်တင်ဘာ ၂၇ရက် (၁၃၇၅ခုနှစ် တော်သလင်းလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် စက်တင်ဘာ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ချစ်ကိုကို)
မြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်တရားရုံး

မှုခင်းသတင်းနှင့်ကြော်ငြာ

မူလတန်းကျောင်းသားတစ်ဦးရေနစ်သေဆုံး

ညောင်လေးပင် စက်တင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၄)ရပ်ကွက် စွယ်တော်လမ်း၌ စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က အသက် ရှစ်နှစ်အရွယ် ကျောင်းသားတစ်ဦး ရေကန်အတွင်း ရေဆင်းဆော့ကစားရာမှ ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ (၄)ရပ်ကွက် စွယ်တော်လမ်းနေ အထက(၂)ညောင်လေးပင်မြို့မှ တတိယတန်းကျောင်းသား မောင်ထက်လွင်ဦး (ရှစ်နှစ်)သည် စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီ ၁၅ မိနစ်ခန့်က ၎င်းနေထိုင်ရာ နေအိမ်ဘေးရှိမျက်နှာချင်းဆိုင်နေ ဦးသက်လွင်ဦး၏ ခြံအတွင်းနေအိမ်ဘေးရှိ အလျားပေ ၅၀၊ အနံ ပေ၂၀၊ အနက် ၁၀ပေရှိသော ရေကန်အတွင်း ရေဆင်းဆော့ကစားရာမှ ရေနစ်သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ညောင်လေးပင်ရဲစခန်းမှ သေမှုသေခင်းဖွင့်ကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

ငါးဖိုးတောင်းရာမှ ဓားခုတ်မှုဖြစ်

တိုက်ကြီး စက်တင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ချင်းကုန်းကျေးရွာအုပ်စု ရေအေးစမ်းကျေးရွာတွင် စက်တင်ဘာ ၁၇ ရက် ညနေ ၃ နာရီခန့်က ငါးဖိုးတောင်းရာမှ စကားများပြီး ဖခင်ဦးအောင်လွင်မှာ ဓားခုတ်ခံရသဖြင့် သမီးဖြစ်သူ မအိအိခိုင်က တိုက်ကြီးမြို့မရဲစခန်းသို့ တိုင်ကြားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးဝေဇင်က တစ်ရွာတည်းနေ ဦးအောင်လွင်-ဒေါ်ခင်စန်းအေးအိမ်သို့ ကိုင်းခုတ်သွားရင်းငါးဖိုးတောင်းရာမှ တစ်ဦးနှင့်တစ်ဦး စကားများရန်ဖြစ်ပြီး ဦးအောင်လွင်က ဦးဝေဇင်ကို လက်သီးဖြင့် မျက်နှာကိုထိုးခဲ့သဖြင့် ဦးဝေဇင်က ကိုင်းခုတ်ရန်အသင့်ပါလာသော အရိုးအသွား ၂၃ လက်မခန့် ထိပ်ဦးတုံးဓားဖြင့် ခုတ်ခဲ့ရာ ဦးအောင်လွင်တွင် ဒဏ်ရာများရရှိသွားသဖြင့် တိုက်ကြီးဆေးရုံ၌အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ ဓားဖြင့် အချက်များစွာခုတ်သော ဦးဝေဇင်ကိုတိုက်ကြီးမြို့မစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

ဆော့ကစားရာမှ ကြိုးလည်ပင်းရစ်သေဆုံး

တာချီလိတ် စက်တင်ဘာ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် နယ်မြေ(၁၅) ဝမ်မိုင်ကျေးရွာနေ မောင်ကောင်းမြင့်မြတ် (၁၂ နှစ်)သည် နေအိမ်ခြံဝင်းအတွင်း သစ်ပင်ပေါ် ဆော့ကစားရာမှ ကြိုးဖြင့်ငြိပြီး လည်ပင်းအစ်သေဆုံးကြောင်းသိရသည်။

စစ်ဆေးဆောင်ရွက်

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၆ ရက် ညနေ ၃ နာရီက မောင်ကောင်းမြင့်မြတ်သည်အိမ်ခြံဝင်းအတွင်း အားကစားကြိုးခုန်ရာတွင် အသုံးပြုသည့် ပိုက်ကြိုးပျော့ဖြင့် အနီးရှိ သရက်ပင်ပေါ်သို့ တက်ဆော့ကစားရာသရက်ပင်တွင် ပိုက်ကြိုးအပျော့ တစ်စချည်ပြီး ကျန်အစတစ်ဖက်သည် လည်ပင်းတွင် ပတ်လျက်ငြိပြီး ပြုတ်ကျကာ မြေပြင်တွင် ဒူးထောက်အနေအထားဖြင့် ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမရှိဘဲ သေဆုံးနေသည်။ဖြစ်စဉ်နှင့် ပတ်သက်၍ တာချီလိတ်မြို့မရဲစခန်းက ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လ/၀၁၅

တရားဝင်အကျိုးဆောင်လိုင်စင်မရှိ ပြည်ပအလုပ်အကိုင်ရှာဖွေပေးသူ ဖမ်းဆီးရမိ

တာချီလိတ် စက်တင်ဘာ ၂၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ စက်တင်ဘာ ၁၆ ရက် ညနေ ၃ နာရီခွဲက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ကံငွေး (၃၀ နှစ်)နှင့် သိန်းထိုက်မျိုး (၂၃နှစ်)၊ လင်းလင်း(၂၉နှစ်)တို့ကို တရားဝင်အကျိုးဆောင်လိုင်စင်မရှိဘဲ ပြည်ပ ထိုင်းနိုင်ငံ၌ အလုပ်အကိုင်ရှာဖွေပေးရန်အတွက် အခကြေးငွေရယူ ခေါ်ဆောင်ခဲ့သူ လှမျိုးထွန်း(ခ)ထွန်းထွန်း (၃၁နှစ်)ကို ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ တာချီလိတ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ နယ်မြေသတင်းစုံစမ်းနေစဉ် ပါလှို့(၂) ရပ်ကွက်အတွင်း တစ်ဖက်ထိုင်းနိုင်ငံသို့ သွားရောက်မည့်သူများ ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် မသင်္ကာသူလေးဦးကို တွေ့ရှိရသဖြင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ရုံးသို့ ခေါ်ဆောင်စစ်ဆေးခဲ့ရာ လှမျိုးထွန်း(ခ) ထွန်းထွန်း ဆိုသူသည် တာချီလိတ်မြို့တွင် နေထိုင်ပြီး တပ်ကုန်းမြို့ လယ်သူမကျေးရွာရှိ ကံငွေး၊ လင်းလင်း၊ သိန်းထိုက်မျိုးတို့ကို သွားရောက်စုဆောင်းပြီး တစ်ဦးလျှင် ငွေကျပ်ခြောက်သိန်းဖြင့် ထိုင်းနိုင်ငံတွင် အလုပ်အကိုင်တစ်ခုကို ရှာဖွေပေးမည်ဟု ပြောဆိုမှုအပေါ် သဘောတူညီချက်ဖြင့် ခေါ်ဆောင်လာခြင်းဖြစ်ကြောင်း၊ တရားဝင်အကျိုးဆောင်လိုင်စင်မရှိဘဲ ပြည်ပ ထိုင်းနိုင်ငံ၌ အလုပ်အကိုင် ရှာဖွေပေးရန်အတွက် အခကြေးငွေရယူ ခေါ်ဆောင်လာကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် လှမျိုးထွန်း(ခ) ထွန်းထွန်းကို တာချီလိတ်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ခန္တီးမြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ခန္တီး စက်တင်ဘာ ၂၁

ခန္တီးမြို့ မူးယစ်ဆေးဝါးနှိမ်နှင်းရေးအဖွဲ့နှင့် ရဲအုပ်ထွန်းမြင့်ဦး၊ ဟုမ္မလင်းမြို့ မူးယစ်(အထူး)အဖွဲ့ ခန္တီးရဲစခန်းမှ ဒုတပ်ကြပ်ဇင်မင်းလတ်တို့ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ခန္တီးမြို့နယ် ရွှေပြည်သာကျေးရွာနေ ယမင်းစိုးနှင့်ရီရီမြင့်(ခ)အဝင်းတို့နေအိမ်သို့ စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၁၂နာရီခွဲက ဝင်ရောက်ရှာဖွေရာ အဖြူရောင်ပလတ်စတစ်ဘူးအတွင်းမှ ဘိန်းဖြူဟုယူဆရသောအဖြူရောင်အမှုန့်အလေးချိန် ဝဒသမ ၈၈၅ ဂရမ်နှင့် ပလတ်စတစ်အကြည်အိတ်ဖြင့် ထုပ်ထားသည့် ၁ ဒသမ ၈၈ စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၂၄ ပြားနှင့် မူးယစ်ဆေးဝါး ရောင်းရငွေကျပ် ၂၂၀၀၀၀ကို သိမ်းဆည်းရမိသည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ လှသာကျေးရွာနေကျော်လှထံမှ ၎င်းဝတ်ဆင်ထားသော အင်္ကျီယာဘက်အိတ်အတွင်း ဘိန်းဖြူဟုယူဆရသော အလေးချိန် ၂ ဒသမ ၉၈၈ ဂရမ်နှင့် ရောင်းရငွေကျပ် ၂၂၀၀၀ကျပ်အားကို သိမ်းဆည်းရမိသည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ယမင်းစိုး(၂၆နှစ်)၊ ရီရီမြင့်(ခ)အဝင်း(၄၂ နှစ်)၊ ကျော်လှ(၂၆နှစ်) ခန္တီးမြို့နယ်နေသူတို့ကို ရဲအုပ်ထွန်းမြင့်ဦးက တရားလိုပြုလုပ်၍ ခန္တီးမြို့ရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ချန်လော(Pr)

မြောင်းမြ စက်တင်ဘာ ၂၁

မြောင်းမြ-ရန်ကုန် ခရီးသည်တင် မော်တော်ယာဉ်တိမ်းမှောက်၊ ထိခိုက်ဒဏ်ရာရ

မြောင်းမြမြို့မှရန်ကုန်မြို့သို့ ထွက်ခွာလာသည့် စံတော်ဝင် ခရီးသည်တင် မော်တော်ယာဉ်သည် စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီ ၁၅ မိနစ်ခန့်ကခရီးသည်များတင်ဆောင်လျက် မြောင်းမြမြို့နယ် ကံချောင်းကျေးရွာအုပ်စု ကံသာယာကျေးရွာအနီး မြောင်းမြ-ပုသိမ်ကားလမ်း မိုင်တိုင်(၂၆/၂)နှင့်(၂၆/၃)အကြားတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း၊ ယာဉ်တိမ်းမှောက်မှု ကြောင့် ယာဉ်ပေါ်ပါ ခရီးသည် ၁၀ ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများကို မြောင်းမြဆေးရုံသို့ ပို့ဆောင် ကုသမှုခံယူစေရာ ၎င်းကုသမှုခံယူသူထဲမှ ဒေါ်ရင်ရွှေ (၈၀နှစ်) တာဝတိံသာ(၁)လမ်း မြောင်းမြမြို့နေသူမှာ စက်တင်ဘာ ၁၇ တွင် ဆေးရုံလွှဲပြောင်းစာဖြင့် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေရာမှ စက်တင်ဘာ ၁၈ ရက် နံနက် ၁ နာရီခန့်က သေဆုံးသွားခဲ့ကြောင်း သိရသည်။

ယင်း ခရီးသည်တင်ယာဉ်မှာ မြောင်းမြ-ပုသိမ် ကားလမ်း လမ်းမကြီးပေါ်တွင် မောင်းနှင်စဉ်နွားများကို တိမ်းရှောင်ရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်းသိရသည်။ **ညီညီ(မြောင်းမြ)**

ပန်းမော် မံရွှတ်ကျေးရွာတွင် မူးယစ်ဆေးဝါးဖမ်းဆီးရမိ

ဗန်းမော် စက်တင်ဘာ ၂၁

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မူးယစ်(အထူး)တပ်ဖွဲ့မှ ရဲအုပ်အောင်စိုးဆွေ ဦးစီး၍ တပ်ကြပ်ပြီး စိုးဝင်းလှိုင်၊ ဒုတပ်ကြပ် ထွန်းမင်း၊ မံရွှတ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရီကျော်၊ ရပ်မိရပ်ဖ ဦးဉာဏ်ဝင်းတို့သည် စက်တင်ဘာ ၁၉ ရက် ညနေ ၅ နာရီခန့်က မူးယစ်ဆေးဝါးသတင်းအရ သွားရောက်ခဲ့ရာ မံရွှတ်ကျေးရွာအရှေ့ဘက် လေးဖာလုံအကွာ ရေချောအနီး ဆိုင်ကယ်တစ်စီးနှင့်အတူ ဝင်းမင်းဦး၊ ခေါင်လွမ်းတို့ကို တွေ့ရှိသဖြင့် ရှာဖွေစစ်ဆေးရာ ဝင်းမင်းဦး၏ ဝဲဘက်လက်အတွင်းမှ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် အလေးချိန် ဝ ဒသမ ၄ ဂရမ်ခန့်ပါ ကော်ဘူးတစ်ဘူး၊ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် ဝ ဒသမ ဝဝ၁ ဂရမ်ခန့်ပါ သတ္တုဘူးသေးတစ်ဘူး စုစုပေါင်းအလေးချိန် ဝ ဒသမ ၄ဝ၁ ဂရမ်နှင့် ခေါင်လွမ်း၏ ဝဲဘက်လက်မောင်းတွင် ထိုးသွင်းလျက်ရှိသော ဆေးထိုးအပ်တပ်လျက် 3 ML ဆေးထိုးပိုက်တစ်ချောင်းတို့ကို ရှာဖွေတွေ့ရှိသဖြင့် ဝင်းမင်းဦး (၂၆ နှစ်) ဟန်ထက်ကျေးရွာ မန်စီမြို့နယ်နှင့် ခေါင်လွမ်း (၁၈ နှစ်) မိုင်းခေါင်ကျေးရွာ မန်စီမြို့နယ်နေသူတို့ကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဆီမီးခုံ-နန်းရီ**

သံတောင်ကြီး၌ အမျိုးသမီးတစ်ဦး ကြိုးဆွဲချသေဆုံး

အင်းတော် စက်တင်ဘာ ၂၁

ကရင်ပြည်နယ်သံတောင်ကြီးမြို့နယ် သံတောင်ကြီး အမှတ်(၁)ရပ်ကွက်တွင် အမျိုးသမီးတစ်ဦးကြိုးဆွဲချသေဆုံးကြောင်းသိရသည်။ ဖြစ်စဉ်မှာ စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ခန့်တွင် စခန်းမှူးဒုရဲမှူးလှုနိုင်သည် တာဝန်ထမ်းဆောင်စဉ် သံတောင်ကြီးမြို့ အမှတ် (၁) ရပ်ကွက်နေဒေါ်နော်ဟူးဟူး (စျေးရောင်း)ကဖုန်းဖြင့်အကြောင်းကြားချက်အရ အမှတ် (၁)ရပ်ကွက်နေ ဒေါ်နော်မာသာ (၃၀နှစ်)သည် အိမ်အနောက်ဘက် ကိုက် ၁၅၀ ခန့်အကွာလျှိုမြောင်ရှိ နောက်တိုးပင် လုံးပတ် တစ်ပေခန့်ရှိအပင်၌ နိုင်လွန်ကြိုးဖြင့် မိမိကိုယ်မိမိလည်ပင်းတွင်ချည်၍ ကြိုးတန်းလန်းဖြင့်သေဆုံးနေကြောင်းတွေ့ရှိရသဖြင့် အလောင်းအားစစ်ဆေးရာ ညာဘက်လည်ပင်းစောင်းလျက် လည်ပင်းကြိုးဒဏ်ရာဖြင့် မြေကြီးနှင့်ခြေထောက် တစ်ပေခန့်အကွာ ဘယ်/ညာ လက်နှစ်ဖက်ဆုပ်လျက် သေဆုံးနေကြောင်းတွေ့ရှိရသဖြင့် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် /မဟုတ် စုံစမ်းစစ်ဆေးနိုင်ရန် သေမှုသေခင်း ဖွင့်လှစ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **ကိုတီ(သံတောင်)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၁၇၅

မြန်မာ့စီးပွားရေးဘဏ်	**နှင့်**	၁။ ဒေါ်လှရင်
ကမာရွတ်ဘဏ်ခွဲ		၂။ ဒေါ်မြစန္ဒာ
၎င်း၏မန်နေဂျာ		
တရားနိုင်		**တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီးတရားရုံး၊ တရားမကြီးမှုအမှတ် ၁၁၂၉/၂၀၀၅အမှုတွင် ရရှိခဲ့သော အနိုင်ဒီကရီအရ တရားရှုံးပိုင် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို(မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်) ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာနေရာတွင် လေလံတင်ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်သူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့တရားဝင်လွှဲအပ်ထားသောကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အနောက်ပုလဲဂေဟာလမ်း၊ အလျား $\frac{၄၀}{၄၂}$ ပေ၊ အနံ $\frac{၁၄\cdot၆}{၁၅\cdot၆}$ ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၂/ခ) ဟုခေါ်တွင်သော (၃၅×၁၂)ပေရှိ သုံးထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်များ။

ကြမ်းခင်းဈေး ကျပ်သိန်း ၄၅၀တိတိ
(ကျပ်သိန်း လေးရာ့ငါးဆယ်တိတိ)

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့တွင် အကျေပေးသွင်းရမည်။ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်ရက်တွင် အပြေအကျေ ပေးသွင်းရမည်။

၆။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးသွင်းရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၃ခုနှစ် စက်တင်ဘာ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်နှင်းဦး)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြောက်မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဦးမင်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ မြေကွက်အမှတ် ၁၁၃၄၊ မြေဧရိယာ ဝဒသမဝ၅၅ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်သည် မြို့မြေစာရင်းတွင် ဒေါ်မြသန်း TDU-၀၇၀၈၈၂ အမည်ပေါက်တည်ရှိပါသည်။ ၎င်းထံမှ အရပ်ကတိစာချုပ်ဖြင့်ပိုင်ဆိုင်ထားသူ ဒေါ်ဇင်နီဝင်း ၈/သရန(နိုင်)၀၆၀၂၄၃ ထံမှ ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသာလှိုင်
အထက်တန်းရှေ့နေ
အမှတ် ၃၉၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၉၇၆၃၊ ၀၉-၄၄၈၀၀၉၃၃၅

အများသိစေရန်

ကျွန်တော်ဦးနိုင်ထွန်းထွန်းလတ် ၁၂/ဥကမ(နိုင်)၁၆၄၇၃၅သည် ဇနီးဒေါ်နီလာအုန်း ၁၂/ဥကမ(နိုင်)၁၂၆၀၂၈နှင့် ၁၄-၉-၂၀၁၃ ရက်တွင် နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲခြင်းစာချုပ်ကို အသိသက်သေများရှေ့မှောက်၌ချုပ်ဆို၍ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပါသည်။ ထိုသို့ကွာရှင်းပြတ်စဲရာ၌ ကွာရှင်းစာချုပ်ပါ စည်းကမ်းချက်များအတိုင်း လင်မယားနှစ်ဦးပိုင်ပစ္စည်းများကို ခွဲဝေခြင်း၊ သားသမီးအုပ်ထိန်းခြင်းစသည့်ကိစ္စရပ်များကို လုပ်ဆောင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးနိုင်ထွန်းထွန်းလတ် ၁၂/ဥကမ(နိုင်)၁၆၄၇၃၅**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ခ)၊ မြေကွက်အမှတ်၂၉၃၊ မြေဧရိယာ ပေ(၄၀×၆၀)ရှိ အမှတ် ၂၉၃၊ တုသိတာလမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဒေါ်အဘေဒါဘာနူး N/OKA-၀၀၁၈၀၂ ၏ အမည်ဖြင့် နှစ် ၆၀ ဂရန်အမည်ပေါက်လျက်ရှိပါသည်။

ဒေါ်အဘေဒါဘာနူးနှင့် ခင်ပွန်းဖြစ်သူ ဦးမောင်စိန်တို့မှာ ကွယ်လွန်ပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါမြေကွက်ကို အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ သား၊သမီးများဖြစ်ကြသော (၁) ဦးမောင်မောင်သန်း၊ (၂) ဒေါ်ရရှီဒါဘာနူ၊ (၃) ဒေါ်စန်းမြင့်၊ (၄)ဒေါ်သန်းမြင့်၊ (၅) ဒေါ်ခင်မြင့်၊ (၆) ဒေါ်လှစိန်တို့၏ကိုယ်စား ဦးမောင်မောင်သန်းထံမှ အရပ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်လဲ့လဲ့စိုး ၁၂/ဥကမ(နိုင်)၁၇၃၈၇၂ နှင့် ဖခင်ဖြစ်သူ ဦးအေးသောင်း ၃/ကကရ(နိုင်) ၀၀၉၄၁၂ တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတစ်စိတ် တစ်ဒေသ(ကြိုတင်ပေး)ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူမည်သူမဆို ဖော်ပြပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူတို့၏လွှဲအပ်ချက်အရ-

ဦးထင်ကျော် B.Sc., H.G.P.,R.L	**ဒေါ်သက်လေးချို LL.B,D.B.L**
တရားလွှတ်တော်ရှေ့နေ(၅၃၁၅)	**အထက်တန်းရှေ့နေ(၃၁၄၂၄)**

၁၃၈/ပထမထပ်၊ ၃၂ လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၆၀၂၁

22-9 (18).pmd 1 9/21/2013, 11:33 AM

နမ့်ခမ်းမြို့၌ ကျောင်းသား ကျောင်းသူများစာပေသင်ယူမှုများပြားနေဟုဆို

လားရှိုး စက်တင်ဘာ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့တွင်ရှိသော အခြေခံကျောင်းသားကျောင်းသူများအနေဖြင့် သင်ယူနေရမှုများပြားနေသည်ဟု သိရသည်။

"နမ့်ခမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဥက္ကဋ္ဌဦးစိုင်းချစ်ဆွေက ကျွန်တော်တို့ နမ့်ခမ်းမြို့မှာရှိတဲ့ အခြေခံပညာ ကျောင်းသူ ကျောင်းသားတွေဟာ ကျောင်းချိန်ပြင်ပမှာ မိမိတို့တိုင်းရင်းသားမျိုးနွယ်အလိုက် ရှမ်းစာပေ ယဉ်ကျေးမှု၊ ပလောင်တိုင်းရင်းသားတို့ကလည်းပလောင်စာပေယဉ်ကျေးမှုကို သင်ကြားပေးနေတယ်။ သို့ပေမယ့် တိုင်းရင်းသားဘာသာစကား၊ စာပေယဉ်ကျေးမှုတွေ သင်နေတဲ့ ကျောင်းသားကျောင်းသူတွေအခက်အခဲရှိနေတယ်။ အဲဒါက ကျောင်းချိန်ပြင်ပမှာ ဘာသာပြဆရာတွေရဲ့ ကျူရှင်တက်ရတာပဲဖြစ်တယ်။ ကျောင်းသားကျောင်းသူတွေဟာ တရုတ်ကျောင်းတက် ကြရတယ်။ နမ့်ခမ်းမြို့ရဲ့ ရွှေလီမြစ်တစ်ဖက်ကမ်းဟာ တစ်ဖက်နိုင်ငံဖြစ်တဲ့အတွက်တရုတ်စာ၊တရုတ်စကား တတ်ကျွမ်းဖို့လိုတယ်ဆိုပြီး သင်နေကြတယ်။ ကျွန်တော်တို့ ရပ်ရွာလူကြီးတွေအနေနဲ့ ကျောင်းချိန်ပြင်ပမှာဘာသာပြဆရာရဲ့ကျူရှင်တက်ရတာကို မလိုလားပါဘူး။ တိုင်းရင်းသားဘာသာစကားယဉ်ကျေးမှုကို ပိုတက်စေချင်တာပါ"ဟုပြောဆိုပါသည်။

နမ့်ခမ်းမြို့မှ လာသော ကျောင်းသားမိဘတစ်ဦးဖြစ်သူ ကိုစိုင်းနောင့် ပြောပြတာက"ကလေးတွေမှာသင်ယူရတာတွေများတယ်၊ နံနက် ၅နာရီမှာ တရုတ်ကျောင်းတက်ရတယ်၊ တရုတ်စာကလည်း သင်ဖို့လိုတယ်လေ။ ပြီးတော့အစိုးရကျောင်းတက်ရတယ်။ ကျောင်းဆင်းတော့ ဘာသာပြဆရာမဆီမှာ ကျူရှင်တက်ရတယ်၊မတက်လို့ မရဘူး၊ ဒါ့အပြင် ကျောင်းဆင်းချိန်မှာ ကျွန်တော်တို့ ရှမ်းစာပေယဉ်ကျေးမှု တက်ရတယ်၊ ဒီအခါမှာ အချိန်တူနေတော့ ကလေးကကျူရှင်ပြေးတက်လိုက်တယ်၊ ယဉ်ကျေးမှုကို မတက်နိုင်တော့ဘူး၊ ကျူရှင်က ပြန်လာရင် ကလေးက ပင်ပန်းနေပြီလေ" ဟု ပြောပြသည်။

ဦးစိုင်းလောဝ်ဆိုင် ပြောပြတာက "ကလေးတွေကို ကိုယ့်တိုင်းရင်းသားဘာသာယဉ်ကျေးမှု သင်ပေးရမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ အိမ်နီးချင်းနိုင်ငံတွေရဲ့ ယဉ်ကျေးမှုတွေက ဒလဟောစီးဝင်းနေတာ ကြာရင် ကလေးတွေက ကိုယ့်တိုင်းရင်းသားတို့ရဲ့ ရိုးရာယဉ်ကျေးမှုတွေ ဘာသာစကားစာပေတွေ မသိတော့မှာစိုးရတယ်၊ ဒါကြောင့် ကျောင်းချိန်ပြင်ပမှာ တိုင်းရင်းသားဘာသာစာပေ ယဉ်ကျေးမှုတွေသင်ပေးတာ"ဟုပြောကြားသည်။

မမ(လားရှိုး)

ကလေးမြို့ မဟာသန္တာရုံကျောင်းတွင် ဓမ္မစကူးလ်သင်တန်းဖွင့်

ကလေး စက်တင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မဟာသန္တာရုံကျောင်းတွင် လူငယ်မောင်မယ်များ ဗုဒ္ဓဘာသာတရားနှင့် အမျိုးဂုဏ်၊ဇာတိဂုဏ်ကိုတန်ဖိုးထားစေရေးရည်ရွယ်၍ ဓမ္မစကူးလ်သင်တန်းဖွင့်ပွဲကို စက်တင်ဘာ၁၅ရက် နံနက်ပိုင်းကကျင်းပရာ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်ဆရာတော် ဘဒ္ဒန္တပုညသေဠ နေသာပညာဒါနကျောင်းဆရာတော်နှင့် ရတနာမဥ္ဇူကျောင်းဆရာတော်တို့ တက်ရောက်၍ ဩဝါဒစကား မြွက်ကြားပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါဓမ္မစကူးလ်သင်တန်းများကို ကလေးမြို့၏အမျိုးဘာသာ သာသနာအဖွဲ့များနှင့် ပူးပေါင်း၍ ဖွင့်လှစ်ပေးခဲ့ရာစ၄ဦးကိုဆရာဖြစ် မွေးထုတ်ပေးနိုင်ခဲ့ပြီး နေရာ၄၁န ၂၉၄၁နတွင် ကျောင်းသားပေါင်း ၃၅၀၀ကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဓမ္မစကူးလ်သင်တန်းကိုကလေးမြို့ တစ်နယ်လုံးအတိုင်းအတာဖြင့်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီးဓမ္မစကူးလ်မတက်ဖူးသောလူငယ် မရှိရလေအောင် စီမံချက်ဖြင့် ဆောင်ရွက်သွား မည်ဖြစ်ကြောင်းသင်တန်းဆရာ တစ်ဦးက ရှင်းပြသည်။

ဓမ္မစကူးလ်သင်တန်းကို ၁၀လ သင်တန်းအဖြစ်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး အပတ်စဉ် (တနင်္ဂနွေနေ့) တိုင်း ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(သျှင်နေမင်း)

နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်ဓာတ်ပုံပွဲနှင့် အသိပညာပေး ဟောပြောပွဲ ဆိပ်ဖြူ၌ကျင်းပ

ဆိပ်ဖြူ စက်တင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ပူးပေါင်းဆောင်ရွက်သော နယ်လှည့်စာကြည့်တိုက်နှင့် နံရံကပ်ဓာတ်ပုံပြပွဲ၊အသိပညာပေးဟောပြောပွဲအခမ်းအနားကိုစက်တင်ဘာ၁၅ရက် နံနက်၉ခွဲနာရီကမြင်ကဝ ကျေးရွာအုပ်စုအောက်ဆိပ်ကျေးရွာ အထက ကျောင်း(ခွဲ)၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းစာကြည့်တိုက်မှူး ဆရာဦးဝမ်းက အဖွင့်အမှာစကားပြောကြားသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယမြို့နယ်မှူး ဒုရဲမှူးခင်ထွေးက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေး ဟောပြောသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်အောင်က လူမှောင်ခိုကူး တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုရဲအုပ်သန်းလွင်နှင့် တပ်ကြပ်ကြီးဌေးတင့်တို့က ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းအသိပညာပေးဟောပြောသည်။ ကျောင်းစာကြည့်တိုက်သို့ သုတ၊ ရသ စာအုပ် ၃၀ကိုမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးမှ ကျောင်းစာကြည့်တိုက်မှူး ဦးဝမ်းသို့ ပေးအပ်လှူဒါန်းပြီးမူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၅၀၀ခန့် တက်ရောက်ခဲ့ကြသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

စက်မှုလုပ်ငန်းများပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးဆွေးနွေး

တောင်ကြီး စက်တင်ဘာ ၂၁

မြန်မာနိုင်ငံတွင် တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ရေး စက်မှုလုပ်ငန်းများပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (MEITI)လုပ်ငန်းစဉ်ဆိုင်ရာ ဆွေးနွေးပွဲနှင့် မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ၏ အုပ်ချုပ်မှုလုပ်ငန်းစဉ်များ၊ သုတေသနတွေ့ရှိချက်များ ပြန်လည်မျှဝေခြင်း အလုပ်ရုံဆွေးနွေးပွဲကို တောင်ကြီးမြို့ သစ်တောရပ်ကွက် ဆရာဝန်အသင်းတိုက်၌ စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီကကျင်းပရာ ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်သတ္တုနှင့်သစ်တောဝန်ကြီးဦးစိုင်းအိုက်ပေါင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ MEITI ညှိနှိုင်းရေးအတွင်းဝန်ရုံး၊ စီးပွားရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ ဒေါ်ကေသီမှMEITIအားမိတ်ဆက်ခြင်းနှင့် သဘာဝသယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ရေး ပွင့်လင်းမြင်သာမှုလုပ်ငန်းစဉ်များနှင့်အကျိုးသက်ရောက်မှုများအားလည်းကောင်း၊ MEITI Option Studyမှ တွေ့ရှိချက်များကို နိုင်ငံတကာကျွမ်းကျင်သူပညာရှင် Dr. Jereny weate တို့ တင်ပြပြီး တက်ရောက်လာသူများနှင့် သတင်းမီဒီယာများ သိလိုသည်များအား မေးမြန်းကြရာ ဒေါ်ကေသီနှင့် Dr.Jereny weate တို့က ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ MEITI အကောင်အထည်ဖော်ရာတွင် တွေ့ရှိရမည့် အဟန့်အတားများ၊ MSG ဖွဲ့စည်းရေးအတွက် အကြံပြုလိုသောအချက်များအား အဖွဲ့လိုက်ဆွေးနွေးတင်ပြကြခြင်းနှင့် တွဲဖက်သုတေသီဒေါ်ကြည်ပြာချစ်စောက မြန်မာနိုင်ငံတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏အုပ်ချုပ်မှုလမ်းစဉ်များ၊သုတေသနတွေ့ရှိချက်များကို တင်ပြပြီး မေးခွန်းများ မေးမြန်းခြင်း၊ ပြန်လည်ဖြေကြားခြင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

နိုင်ထွန်း(TGI)

ဥတုရာသီ
တောကိုမှီ၏

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက် ၅၃၂/ဘီ၁၊ လူနေရပ်ကွက်-ပေါင်းငူညာဏ၊ ချယ်ရီလမ်း၊ မြေကွက်အမှတ် ၄၁၊ အကျယ်ပေ ၁၅၆/၁၅၂ ×၁၃၄ရှိ နှစ်၆၀ဂရန်ထွက်ရှိထားသည့်မြေကွက်အားအမည်ပေါက်ပိုင်ရှင် ဒေါ်ငွေသန်း ၁၂/ဒဂန(နိုင်)၀၁၇၃၇၀ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို မြေကွက်ပိုင်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထားမူရင်းများ ယူဆောင်၍ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မာလွင် LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၇၃၀၆၂၀၈၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၃၃၁၊ ဧရိယာ ပေ(၄၀×၆၀)ရှိ အမှတ် ၃၃၁၊ မိဂသီ ၁၈ လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဦးအောင်ကြည် BSNE-၀၉၁၃၀၄နှင့် ဒေါ်စန်းရီ CJ-၀၃၈၀၀၈ အမွေဆက်ခံမည့်သူများထံမှ ကျွန်ုပ်ဦးထိန်လင်းက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ဦးထိန်လင်း
၁၂/အစန(နိုင်)၁၁၇၂၂၁
အမှတ် ၃၃၀၊ ရတနာလမ်း၊ ၁၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၀၊ အာသာဝတီလမ်း၊ မြေကွက်အမှတ်၁၆၆ဟု ခေါ်တွင်သော အလျား၄၅ပေ×အနံပေ၆၀ရှိ မြေကွက်ကြီး အနက်မှ (မြေရင်းဘက်) အလျားပေ ၂၀×အနံပေ ၆၀ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆင့်ဆင့်ဝယ်ယူလက်ရောက်ရရှိပိုင်ဆိုင်သူ ဒေါ်ယုယုမြင့်အောင် ၁၂/ဒဂမ(နိုင်)၀၁၃၃၁၅ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် အိမ်၊ မြေတန်ဖိုးတစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။ ယင်းအိမ်၊ မြေနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံတွင် ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အထက်ပါအိမ်၊ မြေအရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ညွှန့်ညွှန့်သန်း တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၉)
အမှတ် ၃၂၀၊ ရာဇာဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၀၁၅၂၆၈၈၀

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ဂ)ရပ်ကွက်၊ အင်ကြင်းလမ်းသွယ်၊ အမှတ် ၄၆၉/ကနေ ဦးတင်ဖေ ၁၂/အစန(နိုင်)၀၃၄၀၂၄နှင့် ဒေါ်ကျင်ရွှေ ၁၂/အစန(နိုင်)၀၃၄၀၂၅ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးတင်ဖေနှင့် ဒေါ်ကျင်ရွှေတို့၏ တတိယမြောက်သား ကိုကြည်လွင် ၁၂/အစန(နိုင်)၁၆၁၄၈၁သည် မိဘညီအစ်ကိုမောင်နှမများနှင့် ဇနီးမိသားစုတို့အား အကြိမ်ကြိမ်အမျိုးမျိုး စိတ်ဆင်းရဲ၊ အရှက်ရအောင်ပြုလုပ်ခဲ့ပါသဖြင့် မိဘညီအစ်ကိုမောင်နှမများနှင့် ဇနီးမိသားစုတို့က ၎င်းနှင့်ပတ်သက်လိုသည့်ဆန္ဒမရှိတော့သောကြောင့် မိဘများဖြစ်ကြသော ဦးတင်ဖေ၊ ဒေါ်ကျင်ရွှေတို့က ကိုကြည်လွင်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးတင်ဖေ၊ ဒေါ်ကျင်ရွှေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သက်သက်ဝါ LL.B, D.B.L, D.S.W
အထက်တန်းရှေ့နေ ၂၅၈၅၃
၁၇/ခ၊ ရာကျော် ၁ လမ်း၊ မြို့သစ်(ဂ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊

ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်၃၆၊လူနေရပ်ကွက်၁၊ နိဗ္ဗိန္ဒလမ်း၊ မြေကွက်အမှတ် ၆၂၇၊ အကျယ်ပေ (၆၀×၆၀)ရှိ ဒေါက်တာ ဒေါ်မြင့်မြင့်ကြည်အမည်ပေါက် နှစ် ၆၀ဂရန်ထွက်ရှိထားသည့်မြေကွက်အား ဝယ်ယူ၍လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင် ဒေါ်သန္တာဝင်း ၁၂/အစန(နိုင်)၀၁၂၂၉၈ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းနေလင်း ၁၂/အစန(နိုင်)၁၁၇၈၃၂က စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို မြေကွက်ပိုင်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထားမူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဦးထွန်းနေလင်း
၁၂/အစန(နိုင်)၁၁၇၈၃၂
အမှတ် ၁၆၅၊ အေးသိဒ္ဓိ ၂ လမ်း၊
ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလွင် LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၂)
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၇၃၀၆၂၀၈၇

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/၃)၊ မြေကွက်အမှတ် (၄၆၃/ခ)၊ ဧရိယာ စတုရန်းပေ ၁၂၀၀ရှိ နှစ် ၆၀ဂရန်မြေကွက်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးမင်းထူးလွင် ၁၂/သဃက(နိုင်)၀၂၇၀၅၀အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးမင်းထူးလွင်ထံမှ ဒေါ်စောကျင်ရီ ၁၂/သဃက(နိုင်)၀၀၀၁၃၈က အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဖော်ပြပါအိမ်ရာ မြေကွက်အကျိုးခံစားခွင့်များကို ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်စောကျင်ရီထံမှ ဝယ်ယူရန် စရန်ငွေ ပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ရီ B.Sc, D.A, R.L (စဉ်-၃၀၃၆)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၃၇၄

22-9 (19).pmd 1 9/21/2013, 11:33 AM

ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၃/၂၀၁၃)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား တင်ဒါခေါ်ယူလိုပါသည်-

မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း

(က) **ကုန်ကြမ်းနှင့်ဓာတုဗေဒပစ္စည်းများ** - Low Density Polyethylene (LDPE) 150MT, Woven Polypropylene Bag (WPP-Bag) 300000 Bags, PP Yan Grade Plastic Resin 300 MT

(ခ) **စက်နှင့်စက်အရန်ပစ္စည်းများ-** VFD Motor Speed Control, UV Spectrophotometer, Air Conditioner များ၊ ရေယာဉ်များအတွက် SART EPIRB တို့၏ Battery နှင့် HRU များ၊ နိုးစုပ်ပန့်၊ Flexible Hose

(ဂ) ပြုပြင်ခြင်းလုပ်ငန်းများ-OB-91 ဆီတွဲအား လွန်းတင်ပြင်ဆင်ခြင်း၊ ကျော်စွာဓာတ်မြေသြဇာစက်ရုံရှိ ရေတင်ဘော (Pontoon) ဆယ်ယူခြင်းလုပ်ငန်း

နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း

(က) **ဓာတုဗေဒပစ္စည်းများ-** Water Treatment Chemicals, Argon & Helium Cylinder

(ခ) **စက်နှင့် စက်အရန်ပစ္စည်းများ-** Portable Calibrator, Digital Indicator, Tube Expender, Electrical & Instrument Spares for Salay Factory, Spare Parts for (Molten Urea Pump, Urea Solution Pump, MP Absorbent Return Pump, River Water Pump, Demineralized Water Pump , Screw Refrigerating Compressor), Starting Air Compressor With Motor, Electrical Spares for Nyaung Done Factory, Spare For Feed Gas Compressor

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်**

(က) ၂၃-၉-၂၀၁၃ ရက် (ရေတင်ဘောဆယ်ယူခြင်း)

(ခ) ၂၅-၉-၂၀၁၃ ရက် (ကျန်တင်ဒါများအတွက်ဖြစ်သည်)

တင်ဒါပိတ်မည့်ရက်/အချိန်

(က) ၂၇-၉-၂၀၁၃ ရက်၊ ၁၂:၃၀နာရီ (ရေတင်ဘောဆယ်ယူခြင်း)

(ခ) ၂၄-၁၀-၂၀၁၃ ရက်၊ ၁၂:၃၀နာရီ (ကျန်တင်ဒါများအတွက်ဖြစ်သည်)

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန
ရုံးအမှတ် ၄၄၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၀၇၊ ၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃

အမည်မှန်

ကော့ကရိတ်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(က)မှ ဦးစောသန်းဖေ၏ သမီး မနော်ကပေါ်ရှီး၏ အမည်မှန်မှာ နော်ဖောမူးကပေါ်ရှီး ဖြစ်ပါကြောင်း။ **နော်ဖောမူးကပေါ်ရှီး**

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဦးစီးဌာနလက်အောက်တွင် လစ်လပ်လျက်ရှိသော ဆေးဘက်ကျွမ်းကျင်(၂)(သွား)၊ လစာနှုန်း ၇၉၀၀၀-၁၀၀၀-၈၄၀၀၀ ကျွမ်းကျင်ဝန်ထမ်းများဖြည့်စွက်ခန့်ထားနိုင်ရန်
လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ကျန်းမာရေးဌာနများ၊ ဆေးရုံကြီးများတွင် ဆေးဘက်ကျွမ်းကျင်(၂)(သွား)၊ လစာနှုန်း ၇၉၀၀၀-၁၀၀၀-၈၄၀၀၀ ရာထူးနေရာများ လစ်လပ်လျက်ရှိပါသည်။

၂။ ယင်းလစ်လပ်နေရာများတွင် ခန့်ထားရန်အတွက် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)မှ သင်တန်းဆင်း (Dip in D.T)သွားတုကျွမ်းကျင်ဒီပလိုမာရရှိပြီး အောက်ဖော်ပြပါ သတ်မှတ် အရည်အချင်းများနှင့် ပြည့်စုံသောသူများ လျှောက်ထားနိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) သွားတုလုပ်ငန်းကျွမ်းကျင်မှုဒီပလိုမာ (Dip in D.T)ရရှိပြီးသူဖြစ်ရမည်။ (ဒီပလိုမာလက်မှတ်မိတ္တူနှင့် သိပ္ပံဘွဲ့ရမိတ္တူကိုတင်ပြရမည်)

(၃) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ။

(၄) တာဝန်ကျရာမည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

(၅) နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းတို့မှ ထောက်ခံချက်မူရင်း။

(၆) လွန်ခဲ့သည့် တစ်လအတွင်း ရိုက်ကူးထားသော ပတ်စပို့အရွယ်အစား ဓာတ်ပုံနှစ်ပုံ။

(၇) အမြဲတမ်းနေရပ်လိပ်စာ။

(၈) ကိုယ်ရေးမှတ်တမ်းပြည့်စုံစွာဖော်ပြပေးရပါမည်။

(၉) တာဝန်ချထားခြင်းခံရသူများသည် တာဝန်ချထားရာဆေးရုံ၊ ဌာနအသီးသီး၌ နိုင်ငံတာဝန်အား အနည်းဆုံး သုံးနှစ်တိတိတာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး၊ တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက သတ်မှတ်ထားသောလျော်ကြေးငွေကျပ်လေးသိန်းတိတိကို ပေးလျော်ရမည်။

၃။ လျှောက်လွှာများအား ၃၁-၁၀-၂၀၁၃ ရက် ၁၆ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန ရုံးအမှတ်(၄) နေပြည်တော်သို့လိပ်မူ၍ ပေးပို့ရမည်ဖြစ်ပါသည်။ (သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသောလျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ)

၄။ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားသူများကို ၂၆-၁၁-၂၀၁၃ ရက်များတွင် ကျန်းမာရေးဦးစီးဌာနရုံးချုပ်၊ နေပြည်တော်၌ နံနက် ၉ နာရီမှစ၍ လူတွေ့စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်း လာရောက်ဖြေဆိုသည့်အခါ ဒီပလိုမာလက်မှတ်မူရင်း (သို့မဟုတ်) ဒီပလိုမာလက်မှတ်ထောက်ခံချက်၊ သိပ္ပံဘွဲ့လက်မှတ်မူရင်း၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်း၊ သက်ဆိုင်ရာမြို့နယ်၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးမှ အလုပ်သမား မှတ်ပုံတင်ကတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းများကိုယူဆောင်လာရပါမည်။

၅။ ဖြေဆိုမည့်သူများသည် ၂၅-၁၁-၂၀၁၃ ရက်တွင် ကုသရေးဌာနစိတ်၊ ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄)နေပြည်တော်သို့ မပျက်မကွက် လူကိုယ်တိုင်လာရောက်သတင်းပို့ရပါမည်။

၆။ လျှောက်လွှာများကို သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံးတွင် ထုတ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါသည်များကို ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄) နေပြည်တော် ဖုန်း-၀၆၇-၄၁၁၁၄၂တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

၇။ လူတွေ့စစ်ဆေးမှုအတွက် သီးခြားအကြောင်းကြားစာပေးပို့မည်မဟုတ်ပါ။ သတ်မှတ်ချက်နှင့်မကိုက်ညီ မပြည့်စုံသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အသိပေးပါသည်။

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်
ရုံးအဆောက်အအုံများ ဆောက်လုပ်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ အောက်ဖော်ပြပါအဆောက်အအုံများကို ရေသန့်နှင့် လျှပ်စစ်လုပ်ငန်း၊ မြေပြုပြင်ခြင်းနှင့်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများအပါအဝင် ရေးဆွဲထားသည့် ဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်လိုပါသည်-

စဉ်	ရုံးအမည်	အဆောက်အအုံအတိုင်းအတာ	တည်နေရာ
(က)	သန်လျင်မြို့နယ်တရားရုံး	အလျား ၇၈ပေ×အနံပေ၆၀ RC နှစ်ထပ် အဆောက်အအုံ [အချုပ်ခန်း၊ သက်သေနားနေဆောင်၊ သန့်စင်ခန်းများ၊ (အတွင်း/အပြင်)ရေသန့်/လျှပ်စစ်လုပ်ငန်းပါဝင်သည်။]	သန်လျင်မြို့နယ်၊ မြို့သစ်ရပ်ကွက်၊ အောင်ဇေယျလမ်းနှင့်စည်ပင်ရုံးလမ်းထောင့်၊ အကွက်အမှတ် ၂၁၊ ဦးပိုင်အမှတ် ၃၃၊ ဧရိယာ ၀.၂၇၈ဧက
(ခ)	ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး	အလျား ၁၂၈ပေ×အနံ ၄၂ပေ အမြင့် ၁၂ပေ၊ RC တစ်ထပ် အဆောက်အအုံ [အချုပ်ခန်း၊ သက်သေနားနေဆောင်၊ သန့်စင်ခန်းများ(အတွင်း/အပြင်) ရေသန့်/လျှပ်စစ်လုပ်ငန်းပါဝင်သည်။]	ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အကွက်အမှတ် ၉၁၊ အမှတ် (၆/၆-၁)၊ ဧရိယာ ၀.၇၉၂ဧက

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၁၉-၉-၂၀၁၃ရက်မှ ၁၈-၁၀-၂၀၁၃ရက်အထိ နေ့စဉ် နံနက် ၉:၃၀ နာရီမှ ၁၆:၃၀နာရီအထိ ရုံးဖွင့်ရက်များအတွင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၁-၁၀-၂၀၁၃ရက်၊ နံနက် ၁၀:၀၀နာရီမှ မွန်းတည့် ၁၂:၀၀နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ဖုန်း-၀၁-၃၈၂၀၂၇သို့ ရုံးချိန်အတွင်း စုံစမ်းထုတ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့

ပထမကျော်-ဦးစံသင်းလှိုင်
ဘဝသံသရာ ၁၅၀၀-ကျပ်
ဗုဒ္ဓဘာသာဝင်နှင့်ဝိညာဉ် ၅၀၀-ကျပ်
ခမ္ဘီနယာစာပေ-၀၉/၄၃၁၂၈၈၀၉
မျိုးဆက်သစ်စာပေ-၀၉/၄၂၀၀၈၃၆၈၈

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၂၁၃၉ TS Light Truck P/U(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညိုညိုဝင်း ၁၂/ဥကမ(နိုင်)၀၆၀၃၆၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ခ/၈၂၀၄ ယာဉ်လက်ဝယ်ရှိသူ ဦးအေးကို ၅/ဘတလ(နိုင်)၀၄၃၆၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၃၄၄၂၆ Yinxiang 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမြင့်မောင် ၉/မနတ(နိုင်) ၀၀၂၅၄၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဂ/၇၂၉၂ Toyota Mark II LX 100 S/L(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးစောလွင် ၁၂/ဗတထ(နိုင်) ၀၀၀၈၁၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
အိတ်ဖွင့်အဆိုပြုလွှာခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် အောက်ဖော်ပြပါ စီမံကိန်း(၂)ခုအား ဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်အပ်ပါသည်-

(က) ကျောက်ဆည်ဒေသတွင် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးရန် Gas Engine Generator များ ငှားရမ်းခြင်း

(ခ) မြင်းခြံဒေသတွင် Combined Cycle Power Plant (CCPP) တည်ဆောက်ပြီး Independent Power Producer (IPP) စနစ်ဖြင့် ဓာတ်အားထုတ်လုပ်ပေးခြင်း

၂။ ဖော်ပြပါစီမံကိန်း(၂)ခုအတွက် လိုအပ်သောသဘာဝဓာတ်ငွေ့ကို **"ရွှေ"**ကမ်းလွန် သဘာဝဓာတ်ငွေ့ကို အသုံးပြုပါမည်။

၃။ Gas Engine Generator များ ငှားရမ်းခြင်းအတွက် အဆိုပြုလွှာနှင့် ဈေးနှုန်းများအား ၁၈-၁၀-၂၀၁၃ ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၄။ Combined Cycle Power Plant (CCPP) တည်ဆောက်ပြီး Independent Power Producer (IPP)စနစ်ဖြင့် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းအတွက် အဆိုပြုလွှာအား ၃၀-၁၁-၂၀၁၃ ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၅။ စီမံကိန်းများနှင့် သက်ဆိုင်သည့် စံချိန်စံညွှန်းများကိုလည်းကောင်း၊ အသေးစိတ်သိရှိလိုသည့် အချက်အလက်များကိုလည်းကောင်း ယခုကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း-

(က) Gas Engine Generator များ ငှားရမ်းခြင်းအတွက် ၃၀-၉-၂၀၁၃ ရက်အထိ လည်းကောင်း၊

(ခ) Combined Cycle Power Plant တည်ဆောက်ခြင်းအတွက် ၁၅-၁၀-၂၀၁၃ ရက် အထိလည်းကောင်း၊

အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းဆွေးနွေးနိုင်ပါသည်-

ဦးဆောင်ညွှန်ကြားရေးမှူးရုံး
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော် ဖုန်း- +၉၅၆၇၄၁၀၂၀၂၊ ဖက်စ် +၉၅၆၇၄၁၀၀၇၄

၆။ တင်ဒါစည်းကမ်းနှင့် စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များကို ယခုကြော်ငြာသည့်ရက်၏ နောက်တစ်နေ့မှစတင်၍ ပစ္စည်းစီမံရေးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာသင်တန်း (လှိုင်)
ICTTI Software Development, Network Development သင်တန်းများနှင့် Advanced Course သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း (လှိုင်)နှင့် ဂျပန်နိုင်ငံ (JICA) တို့ ပူးပေါင်းဖွင့်လှစ်သည့် ICTTI သင်တန်းဌာနတွင် အောက်ဖော်ပြပါသင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

စဉ်	သင်တန်းအမည်	သင်တန်းကာလ	ဖွင့်လှစ်မည့်နေ့
(၁)	Software Development Course	၂၂ ပတ်	၁၁-၁၁-၂၀၁၃ ရက်
(၂)	Network Development Course	၂၂ ပတ်	၁၁-၁၁-၂၀၁၃ ရက်
(၃)	Advanced Web Development Course (Web Design and PHP Web Development)	၅ ပတ်	၁၁-၁၁-၂၀၁၃ ရက်
(၄)	Cisco Learning Network Course (Routing & Switching and Voice)	၄ ပတ်	၁၁-၁၁-၂၀၁၃ ရက်
(၅)	Oracle Database 11 g Course (SQL, PL/SQL and DBA)	၃ ပတ်	၁၂-၁၁-၂၀၁၃ ရက်
(၆)	Mobile Phone System Development Course	၄ ပတ်	၁၆-၁၂-၂၀၁၃ ရက်
(၇)	Advanced Server Course (Virtualization and LDAP)	၇ ပတ်	၂၃-၁၂-၂၀၁၃ ရက်
(၈)	Project Management Course	၄ ပတ်	၂၀-၁-၂၀၁၄ ရက်
(၉)	Web and Cloud System Development Course	၄ ပတ်	၁၇-၂-၂၀၁၄ ရက်
(၁၀)	Java Framework-based Development Course (Spring 3)	၂ ပတ်	၁၈-၃-၂၀၁၄ ရက်
(၁၁)	Ruby on Rails Framework-based Development Course	၂ ပတ်	၂-၄-၂၀၁၄ ရက်

၂။ အမှတ်စဉ်(၁)နှင့် (၂) သင်တန်းများတွင် မိမိကြိုက်နှစ်သက်ရာသင်တန်းကို ရွေးချယ်လျှောက်ထားနိုင်ပါသည်။

၃။ အမှတ်စဉ်(၃) သင်တန်းအတွက် Programming အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၄။ အမှတ်စဉ်(၄) သင်တန်းအတွက် ICTTI Network Development သင်တန်းတက်ရောက်အောင်မြင်ပြီး Cisco Networking အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၅။ အမှတ်စဉ် (၅)သင်တန်းအတွက် Database အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၆။ အမှတ်စဉ် (၆)နှင့် (၉)သင်တန်းများအတွက် ICTTI သင်တန်းဌာနမှ Software Development သင်တန်းနှင့် IMCEITS သင်တန်းဌာနမှ Java Programming သင်တန်း တက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၇။ အမှတ်စဉ် (၇)သင်တန်းအတွက် ICTTI Network Development သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၈။ အမှတ်စဉ် (၈)သင်တန်းအတွက် IT Professional အဖြစ် အသက်မွေးဝမ်းကျောင်းမှု သက်တမ်းအနည်းဆုံး(၅)နှစ်နှင့်အထက်ရှိသူများ လျှောက်ထားနိုင်သည်။

၉။ အမှတ်စဉ် (၁၀)သင်တန်းအတွက် Programming နှင့် Framework အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၁၀။ အမှတ်စဉ် (၁၁)သင်တန်းအတွက် Java Programming နှင့် Framework အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၁၁။ သင်တန်းများသည် အစိုးရ ရုံးပိတ်ရက်မှအပ နံနက် ၉း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအထိ အချိန်ပြည့်သင်တန်းများဖြစ်သည်။

၁၂။ သင်တန်းအောင်မြင်ပြီးဆုံးပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း (လှိုင်) နှင့် ဂျပန်နိုင်ငံ (JICA) တို့မှ ပူးပေါင်း၍ နိုင်ငံတကာအဆင့်မီ အဆင့်မြင့်အောင်လက်မှတ်များ ပေးအပ်မည်ဖြစ်သည်။

၁၃။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်-

(က) B.C.Sc/ B.C.Tech/ B. Tech (IT)/ B.E (IT)/ B.Sc (Computer Science)/ M.C.Sc/ M.C. Tech/ M.I. Sc/ M.A.Sc/ M.E(IT)/ M.Sc (Computer Science) (သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ IT အထူးပြုဘွဲ့ (သို့မဟုတ်) Computer Science ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ Network Development သင်တန်းအတွက် အဆိုပါဘွဲ့များအပြင် B.Tech (EC), B.E (EC), M.E (EC) ဘွဲ့တစ်ခုခုရရှိပြီးသူ (သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ Computer Hardware ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။

(ခ) မိမိနှင့်တကွ မိဘနှစ်ပါးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများကို အောင်မြင်စွာ ဖြေဆိုနိုင်သူဖြစ်ရမည်။

(ဃ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက ဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသောကတိဝန်ခံချက်များကို လက်မှတ်ရေးထိုးနိုင်သူဖြစ်ရမည်။

(င) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ ခွင့်ပြုအမိန့်စာပါရှိရမည်။

(စ) သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲလျှောက်ထားရမည်။

၁၄။ သင်တန်းလျှောက်ထားသူများသည် အောက်ပါနေ့ရက်များတွင် Online ဝင်ခွင့်စာမေးပွဲများ ဖြေဆိုကြရမည်-

နေ့ရက်	စာမေးပွဲ	အချိန်	နေရာ
၁၁-၁၀-၂၀၁၃ နှင့် ၁၂-၁၀-၂၀၁၃	Online ဝင်ခွင့်စာမေးပွဲ	နံနက် ၉း၀၀နာရီ မှ ၁၁း၀၀ နာရီအထိ	ICTTI သင်တန်းဌာန၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာဆိုင်ရာသင်တန်း (လှိုင်)

၁၅။ လျှောက်လွှာများအား သတ်မှတ်ပုံစံဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)၊ ICTTI သင်တန်းဌာနတွင် ၉-၁၀-၂၀၁၃ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၁၆။ အခြားသိရှိလိုသည်များရှိပါက ICTTI သင်တန်းဌာန ဖုန်း-၀၁-၅၂၂၄၂၉၊ ၀၁-၆၆၁၇၁၄၊ ၀၁-၆၅၂၅၄၂တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ပန်းခြံ ၂လမ်းဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် ၁၃၂၊ အကျယ်အဝန်း (အလျားပေ ၆၀×အနံပေ၆၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသူ ဦးထွန်းမြင့်ကျော် ၁၂/အစန(နိုင်)၁၂၂၆၄၂ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ စရန်ငွေကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်အထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ထက်ကျော်လွန်ပါက ကျွန်ုပ်တို့မိတ်ဆွေအနေဖြင့် တရားဝင်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးသန့်(ခ)ဦးမောင်ကြီး
LL.B အထက်တန်းရှေ့နေ
(စဉ်-၃၂၃၄၃)

ဒေါ်တင်မိုးနိုင်
LL.B အထက်တန်းရှေ့နေ
(စဉ်-၄၂၁၆၉)

PIONEER LAW FIRM
အမှတ် ၁၃၂/အေ၊ ဒုတိယထပ်၊ ၃၃လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၉၂၄၈၃၄၀၊ ၀၉-၇၃၂၃၂၅၅၆၊ ၀၉-၃၁၁၃၂၁၄၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂-စီ၊ မြေကွက်အမှတ် ၁၁၆-စီ/၁-A-၂ ၊ ဧရိယာ ၀ ဒသမ ၁၇၈၈ဧကရှိ ဂရန်ရှိမြေပိုင်မြေကွက်၊ ယင်းမြေပေါ်ရှိ အကျယ်အဝန်း ပေ(၂၀×၄၅)ရှိ B/N တစ်ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့် မြေကွက်အမှတ် ၁၁၆-စီ/၁-A-၁ ၊ ဧရိယာ ၀ ဒသမ ၂၂၉၈ဧကအနက်မှ မခွဲမစိတ်ရသေးသော ခန့်မှန်း ဧရိယာ (၇၅×၂၅)ပေ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊ စုစုပေါင်း မြေဧရိယာ ၉၆၂၉စတုရန်းပေ(ခန့်မှန်း)အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ အမည်ပေါက် ဒေါ်တင်မေလွင် ၁၂/ဗဟန(နိုင်)၀၀၉၁၃၄စထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤနို့တစ်စာထုတ်သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစောစိုင်းဦး(စဉ်-၄၁၈၀၁) ဥပဒေဘွဲ့ LL.B
အထက်တန်းရှေ့နေ
အမှတ် G-1၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)
Advanced ICT Engineer Training သင်တန်းများနှင့် Wireless and Mobile Computing သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း (လှိုင်)ရှိ India-Myanmar Center for Enhancement of Information Technology Skills (IMCEITS) သင်တန်းဌာနတွင် အောက်ဖော်ပြပါသင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

စဉ်	သင်တန်းအမည်	သင်တန်းကာလ	ဖွင့်လှစ်မည့်ရက်
(၁)	Java Programming Course	၂၄ ပတ်	၁၁-၁၁-၂၀၁၃ ရက်
(၂)	MS.Net Programming Course	၂၄ ပတ်	၁၁-၁၁-၂၀၁၃ ရက်
(၃)	Wireless and Mobile Computing	၂၄ ပတ်	၁၁-၁၁-၂၀၁၃ ရက်
(၄)	Android Application Development	၈ ပတ်	၁၁-၁၁-၂၀၁၃ ရက်
(၅)	WinCE. Net Programming	၆ ပတ်	၂၇-၁-၂၀၁၄ ရက်

၂။ အမှတ်စဉ် (၁)၊ (၂) နှင့် (၃)သင်တန်းများသည် မိမိ၏ပရိုဂရမ်စွမ်းရည်ကိုအခြေခံ၍ ကြိုက်နှစ်သက်ရာသင်တန်းကို ရွေးချယ်လျှောက်ထားနိုင်ပါသည်။ အဆိုပါသင်တန်းများတွင် Software Program များကို မိမိကိုယ်တိုင်တာဝန်ယူ ရေးသားနိုင်ရန် သင်ကြားမည်ဖြစ်သည်။

၃။ အမှတ်စဉ် (၃)၊ (၄)နှင့် (၅)သင်တန်းများသည် Mobile Phone များပေါ်တွင် Mobile Application Program များကို ရေးသားနိုင်သည်အထိ စာတွေ့၊ လက်တွေ့ ပေါင်းစပ်သင်ကြားပို့ချပေးမည်ဖြစ်သည်။

၄။ အမှတ်စဉ်(၄)သင်တန်းအား IMCEITS သင်တန်းဌာနနှင့် ICTTI သင်တန်းဌာနတို့မှ Software Development (Java Programming) သင်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၅။ အမှတ်စဉ် (၅)သင်တန်းအား IMCEITS သင်တန်းဌာနမှ MS.Net Programming သင်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၆။ သင်တန်းများသည် အစိုးရရုံးပိတ်ရက်မှအပ နံနက် ၉း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအထိ အချိန်ပြည့်သင်တန်းများဖြစ်သည်။

၇။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်-

(က) B.C.Sc/ B.C. Tech/ B.Tech (IT)/B.E (IT)/ B.Sc (Computer Science) / M.C.Sc/ M.C.Tech/ M.I.Sc/ M.A.Sc/ M.E(IT)/ M.Sc(Computer Science) ဘွဲ့တစ်ခုခုရရှိပြီးသူ (သို့မဟုတ်)နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ IT အထူးပြုဘွဲ့ (သို့မဟုတ်) Computer Science ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။

(ခ) မိမိနှင့်တကွ မိဘနှစ်ပါးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများကို အောင်မြင်စွာဖြေဆိုနိုင်သူ ဖြစ်ရမည်။

(ဃ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက ဝန်ကြီးဌာနမှသတ်မှတ်ပေးထားသော ကတိခံဝန်ချက်များကို လက်မှတ်ရေးထိုးနိုင်သူဖြစ်ရမည်။

(င) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုအမိန့်စာ ပါရှိရမည်။

(စ) သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲလျှောက်ထားရမည်။

၈။ သင်တန်းလျှောက်ထားသူများသည် အောက်ပါရက်များတွင် Online ဝင်ခွင့်စာမေးပွဲများ ဖြေဆိုကြရမည်-

နေ့ရက်	စာမေးပွဲ	အချိန်	နေရာ
၁၁-၁၀-၂၀၁၃	Online ဝင်ခွင့် စာမေးပွဲ	နံနက် ၉း၀၀ နာရီမှ ၁၁း၀၀ နာရီထိ	IMCEITS သင်တန်းဌာန၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာဆိုင်ရာသင်တန်း (လှိုင်)

၉။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)၊ IMCEITS သင်တန်းဌာနတွင် ၉-၁၀-၂၀၁၃ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၁၀။ အခြားသိရှိလိုသည်များရှိပါက သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)၊ IMCEITS သင်တန်းဌာန၊ ဖုန်း-၀၁-၆၅၂၅၄၂၊ ၀၁-၆၅၂၅၂၉၊ ၀၁-၆၆၂၃၂၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄/မြောက်၊ လူနေရပ်ကွက်အမှတ် ၄၊ မြို့မ ၁၆ လမ်း၊ မြေကွက်အမှတ်၁၈/ကဟုခေါ်တွင်သော အကျယ်အဝန်းပေ(၂၀×၆၀)ရှိ ဒေါ်အေးအေးကြိုင် TKA-၀၈၅၇၉၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဝယ်ယူလက်ရောက်ရရှိ ပိုင်ဆိုင်ထားသူ ဒေါ်အေးအေးသိန်း ၁၂/သကတ(နိုင်)၁၀၈၅၄၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ယင်းအိမ်၊ မြေတန်ဖိုးတစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကိုပေးချေထားပြီး ဖြစ်ပါသည်။ ယင်းအိမ်၊ မြေနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူမည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံတွင် ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အထက်ပါ အိမ်၊မြေ အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ညွှန့်ညွှန့်သန်း တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၉)
အမှတ် ၃၂၀၊ ရာဇာဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၀၁၅၂၆၈၈၀

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၇၀၇၂၉ Honda C90 Custom M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှဦး ၁၃/ကမန(နိုင်)၀၂၈၆၄၂က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၆၊ ပုလဲလမ်း၊ မြေကွက်အမှတ် ၅၇၁၊ မြေအကျယ်အဝန်း အလျား×အနံ (၄၂ပေ×၆၀ပေ)ရှိ ဦးခင်ဇော် L/RGN-၀၀၀၃၁၆အမည်ဖြင့်တည်ရှိသော နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ တစ်ထပ် (RC)တိုက်သစ် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ဦးအောင်မင်းဦး ၁၂/ဥကတ(နိုင်)၁၃၈၇၆၉က ရန်ကုန်မြို့ စာချုပ်စာတမ်းရုံး မှတ်ပုံတင်အမှတ် ၅၃၄၁/၂၀၁၁ဖြင့် ချုပ်ဆိုဝယ်ယူခဲ့ပြီး ၄င်းမှတစ်ဆင့် ဦးဖေယျာမွန်း ၁၂/မရက(နိုင်)၀၇၁၁၂၁အား အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၉၁၆၂/၂၀၁၁ဖြင့်လွှဲအပ်ခဲ့ပါသည်။ထို့နောက် ဦးဖေယျာမွန်းမှ ဦးကျော်သက်ထွန်း ၁/ပတအ(နိုင်)၀၀၀၀၆၅အား ၂၃-၄-၂၀၁၃ ရက်တွင် အရပ်စာချုပ်ဖြင့် ရောင်းချထားပြီး ယခုအခါ ဂရန်မူရင်း၊ ပိုင်ဆိုင်မှုအဆက်အစပ်စာချုပ်စာတမ်းမူရင်း၊ ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းများနှင့်တကွ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားခဲ့ပြီး ထပ်ဆင့်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံသူ ဦးကျော်သက်ထွန်း ၁/ပတအ(နိုင်)၀၀၀၀၆၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါပစ္စည်းနှင့်ပတ်သက်၍ အပြီးသတ်ငွေအပြေအကျေပေးချေ၍ တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသည့်အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အိရွှေရည်ဟိန်း (စဉ်-၄၁၄၇၇)
LL.B အထက်တန်းရှေ့နေ
တိုက် ၄၊ အခန်း ၁၃၊ ဦးဝိစာရရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၁၉၆၅၁၁

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ဃ/၄၄၀၄၇ Honda Shadow ယာဉ်လက်ဝယ်ရှိသူ ဦးစိုးစိုးအောင် ၁၄/ပသန(နိုင်)၂၁၃၁၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် အ/၄၄၉၁ Toyota Publica Lep 39၊ Pick Up(4× 2) ယာဉ်လက်ဝယ်ရှိသူ ဦးတင်စိုး ၆/လလန(နိုင်) ၀၄၉၃၅၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း

ပန်းဘဲတန်းမြို့နယ်၊ ၃၁ လမ်း၊ အမှတ် ၁၄၅တည်ရှိရာ၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆D၊ မြေကွက်အမှတ် Southern ½ of III 33 မြေအမျိုးအစား မြေပိုင်မြေ၊ အမည်ပေါက်ဦးခင်မောင် မြေအား ဦးခင်မောင် အမည်ပေါက်ခဲ့သည့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် ၈၄၏ ၆-၃-၂၀၀၂ ရက်စွဲပါ အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု နှစ်ဦးသဘောတူအပြီးသတ်ဒီကရီ၊ ၇-၄-၂၀၀၄ ရက် ဦးခင်မောင်၏ သေဆုံးမှုလက်မှတ်၊ ရန်ကုန်တိုင်း တရားရုံးတရားမကြီးမှုအမှတ် ၄၆၇/၂၀၀၇ ဖြင့် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု၏ ၁၃-၃-၂၀၀၈ ရက်စွဲပါ ပဏာမဒီကရီနှင့် ၁၅-၇-၂၀၁၀ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံးမှ ဒေါ်ရှားရှားနှင့်ဒေါ်ခင်သီတာထွေးတို့သည် အဆိုပါမြေအား တစ်ဝက်စီ(½)ရထိုက်ခွင့်ရှိကြောင်း အပြီးသတ်ဒီကရီနှင့် ကတိသစ္စာပြုလွှာကို တင်ပြလျက် ဒေါ်ရှားရှား ၁၂/ပဗတ(နိုင်) ၀၂၈၆၁၈နှင့် ဒေါ်ခင်သီတာထွေး ၁၂/ပဗတ (နိုင်)၀၂၈၆၁၉တို့မှ အမည်ပြောင်းလျှောက်ထားလာပါသဖြင့်၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်မြမြကြည် (မြောင်းမြ)

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း၊ ၅လမ်း(မြောက်)၊ အမှတ် ၇၅ နေ (ဦးညွန့်-ဒေါ်ထွေးရှင်)တို့၏သမီး၊ (ဗလ-ဦးစံသင်)၏ဇနီး၊ (ဒေါ်သန်းသန်းတင်)၏ညီမ၊ (ကပ္ပတိန် ဦးမင်းလွင်)၊ ဒေါ် မြမြသန်းလွင်၊ ဒေါ်သန်းသန်းရီ-ဦးသာထွန်း၊ (ဒေါ်ထားထားခင်)၊ (ဗိုလ်ကြီး ခင်မောင်ကျော်)တို့၏အစ်မ၊ (ဗိုလ်မှူးလေးအောင်ကျော်မြင့်)-ဒေါ်စောနန်းမိုမို့၊ဦးလှမြင့် (ခရိုင်ဥပဒေအရာရှိ၊ ငြိမ်း)-ဒေါ်ခင်အေးမြတ်၊ဒေါ်အေးအေးမာ-ဒေါက်တာကျော်ဇော၊ ဒေါ်ငွေငွေမာ-ဦးမြင့်အောင်တို့၏မိခင်၊ တူ၊တူမ လေးယောက်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၁၆-၉-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

AIR KBZ Limited Engineering Department မှ ဦးအောင်ဖုန်းအောင် (Maintenance Manager)၏ဖခင်ဖြစ်သူ ဦးဖုန်းမောင် [လေယာဉ်မှူးကြီး၊ အထွေထွေမန်နေဂျာ (ငြိမ်း)၊ မြန်မာ့လေကြောင်း]သည် ၁၉-၉-၂၀၁၃ ရက် ၁၂း၀၈ နာရီတွင် SSC အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် ဝန်ထမ်းမိသားစုများ
AIR KBZ Limited

---

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်ဒါယကာကြီး

ပါမောက္ခ ဒေါက်တာဦးစောနောင်

ချစ်မြတ်နိုးတွယ်တာရပါသော သားကြီးကိုနောင်ရေ၊ မိသားစုရဲ့အသိုက်အမြုံ၊ မိခင်ကြီးရဲ့ ရင်ခွင်မှ မမျှော်လင့်ဘဲ ရုတ်တရက်ခွဲခွာသွားတာ ၂၂-၉-၂၀၁၃ရက်တွင် (၁)နှစ်ပြည့်ခဲ့သော်လည်း၊ နေ့စဉ်နှင့်အမျှ သတိရ၊ တမ်းတ၊ မျက်ရည်ကျ လွမ်းဆွတ်နေဆဲပါ။ အချိန်မတိုင်မီ ကြွေသွားခဲ့တဲ့သားကို နှမြောတသကြေကွဲလို့မဆုံးနိုင်ပါ။ ကျန်ရစ်သူမိသားစုများမှ သားကြီးအားရည်စူး၍ သားကွယ်လွန်ပြီး တစ်နှစ်တာကာလအတွင်း-

(၁) ကမ္ဘာအေးသိမ်တော်ကြီးတွင် ဘုရားနှစ်ဆူလှူဒါန်းခြင်း၊
(၂) ရေသန့်၊ ရေအေးစက်နှစ်လုံး၊ ရေတွင်းရေစက်တစ်လုံးလှူဒါန်းခြင်း၊
(၃) ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်လှူဒါန်းခြင်း၊
(၄) ရဟန်းသိက္ခာထပ်မင်္ဂလာ၊ ကထိန်မင်္ဂလာနှင့်ဝါဆိုသင်္ကန်းကပ်လှူခြင်း၊
(၅) ဓမ္မာလင်္ကာရကျောင်းတွင် လေအေးစက်တစ်လုံးလှူဒါန်းခြင်း၊
(၆) တူလေး-မင်းစိုးသန့်အား စင်ကာပူနိုင်ငံ **တိုပါးယိုးမြန်မာဘုန်းတော်ကြီး**ကျောင်းတွင် ရှင်သာမဏေပြုပြီး သံဃာတော်များကို ဆွမ်းကပ်လှူခြင်း၊
(၇) ယနေ့ ၂၂-၉-၂၀၁၃ ရက်တွင် ဆပ်သွားဖူးကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ ၂၇၆၃ သံဃာတော်များနှင့်စခန်းဝင်ယောဂီများအား ဆွမ်း၊ သင်္ကန်း၊ ဝတ္ထု၊ ဆွမ်းဆန်စိမ်းများ လှူဒါန်းခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

ဤကောင်းမှုအစုစုကို ပါမောက္ခဒေါက်တာစောနောင်အား အမျှ၊ အမျှ၊ အမျှပေးဝေပါသည်။ ရောက်ရာဘုံဘဝမှရရှိခံစားပြီး ဝမ်းမြောက်၊ ဝမ်းသာ သာဓုခေါ်ဆိုနိုင်ပါစေ-

ချစ်ဖေဖေ၊ မေမေ	-	**ဦးသန်းရွှေ-ဒေါ်ညွန့်ညွန့်**
ချစ်ဇနီး	-	**တွဲဖက်ပါမောက္ခဒေါက်တာရည်ရည်နိုင်**
ချစ်ဒေါ်လေး	-	**မေထွေး**
ချစ်ညီ/ညီမ	-	**ဦးမင်းရွှေ-ဒေါ်ဝင်းမြတ်စိုး (ခေတ္တစင်ကာပူ)**
ချစ်တူမလေး	-	**မမင်းအိန္ဒြေခင် (ခေတ္တစင်ကာပူ)**
ချစ်တူလေး	-	**မောင်မင်းစိုးသန့် (ခေတ္တစင်ကာပူ)**

၉-၉-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာ အချပ်ပိုကြော်ငြာ၊ စာမျက်နှာ-၂ပါ ဦးမျိုးဇော်ဦး ၉/စမစ(နိုင်)၀၀၉၆၈၁ အောင်ပင်လယ်ဆောက်လုပ်ရေးအဖွဲ့နှင့် အများသိစေရန် အသိပေးကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်းနှင့် ထပ်မံကြေညာခြင်း

မြစ်ကြီးနားမြို့၊ အောင်နန်းရပ်ကွက်ရှိ တိုင်းရင်းဆေးဆရာအဖွဲ့ပိုင် ဦးပိုင်(၇၄)၊ ကွင်းအမှတ် (၂၃)၊ ပေ (၈၀×၆၀)ရှိ၊ နှစ် ၃၀ မြေငှားဂရန် ရရှိထားသည့် မြေပေါ်တွင် RC သုံးထပ်လူနေတိုက်ခန်း များဆောက်လုပ်ရန်အတွက် ၂၁-၅-၂၀၁၂ရက်က ကျွန်ုပ်၏မိတ်ဆွေနှင့် တိုင်းရင်းဆေးဆရာအဖွဲ့တို့အကြား နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုခဲ့ပါသည်။

စာချုပ်အရ ၂၁-၁၁-၂၀၁၂ရက်တွင် ကျွန်ုပ်၏မိတ်ဆွေဘက်က အပြီးဆောက်လုပ်၍ လုပ်ငန်းအပ်နှံရန် သဘောတူညီခဲ့သော်လည်း နယ်မြေဒေသ အခြေအနေများကြောင့် သတ်မှတ်ကာလအတွင်း အပြီးဆောက်လုပ်နိုင်ခြင်းမရှိခဲ့ပါ။ ကျွန်ုပ်နှင့် တိုင်းရင်းဆေးဆရာများဘက်သို့ ၂၈-၅-၂၀၁၂ရက်တွင် ပြေလည်ညှိနှိုင်းခဲ့ကြပြီး ဆုံးဖြတ်ချက်ခြောက်ချက် ချမှတ်ခဲ့ပါသည်။ မူလစာချုပ်စဉ်က ကျွန်ုပ်၏မိတ်ဆွေက တိုင်းရင်းဆေးဆရာများဘက်သို့ ရန်ပုံငွေကျပ်သိန်း ၁၀၀ လှူဒါန်းရန်နှင့် တိုင်းရင်းဆေးဆရာများအဖွဲ့ ပေ (၂၀×၈၀)၊ တတိယထပ်၊ ရုံးခန်း ပေ(၂၀×၈၀) အပေါ်ဆုံးထပ် အစည်းအဝေးခန်းမ၊ ဧည့်ခန်းမဆောင်များကို ကျွန်ုပ်၏မိတ်ဆွေက အကုန်ကျခံ၍ တာဝန်ယူဆောက်လုပ်ပေးရန် သဘောတူညီခဲ့ကြပါသည်။

သို့သော် အထက်ပါ ၂၈-၅-၂၀၁၂ရက်တွင်ကျင်းပသော ကျွန်ုပ်၏မိတ်ဆွေနှင့် တိုင်းရင်းဆေးဆရာအဖွဲ့မှ တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် တိုင်းရင်းဆေးဆရာအဖွဲ့သို့ ရန်ပုံငွေ ကျပ်သိန်း ၂၅၀လှူဒါန်းရန် တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။ ယင်းဆုံးဖြတ်ချက် ၆ တွင် အဆောက်အအုံဆောက်လုပ်သည့် ကိစ္စအဝဝအတွက် ယနေ့ဆုံးဖြတ်ချက်သည် အပြီးအပိုင်ဖြစ်သည်ဟု နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။

ဒေသခံတိုင်းရင်းဆေးဆရာအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းက အသိသက်သေအဖြစ် လက်မှတ်ရေးထိုး၍ ဆိုင်ခန်းခြောက်ခန်းအား ကြိုတင်စရန်ငွေရယူခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေမှာ နယ်မြေဒေသအခြေအနေအရပ်ရပ်ကြောင့် အဆောက်အအုံများဆောက်လုပ်ရန် အခက်အခဲရှိသဖြင့် ဒေသခံတိုင်းရင်းဆေးဆရာအဖွဲ့သို့ အကြိမ်ကြိမ်ညှိနှိုင်းမှုများပြုခဲ့ပါသည်။ ၁-၁၂-၂၀၁၂ရက်တွင် ကျွန်ုပ်၏မိတ်ဆွေနှင့် တိုင်းရင်းဆေးဆရာအဖွဲ့တို့ စာချုပ်အသစ်ထပ်မံချုပ်ဆိုပြီး ကျွန်ုပ်၏မိတ်ဆွေဘက်က နစ်နာကြေး ငွေကျပ်သိန်း ၁၀၀ ပေးသွင်းခဲ့ပါသည်။ ထိုသို့ပေးသွင်းပြီးပါက ကျွန်ုပ်၏မိတ်ဆွေအား ဆက်လက်ဆောက်လုပ်စေမည်ဟု ကတိထားရှိခဲ့ကြပါသည်။ ၂၁-၅-၂၀၁၂ ရက်စွဲပါ နှစ်ဖက်သဘောတူညီကြသည့် ကတိပဋိညာဉ်စာချုပ်ကိုလည်း ဒေသခံတိုင်းရင်းဆေးဆရာအဖွဲ့၏ သဘောဆန္ဒအရ ကျွန်ုပ်၏မိတ်ဆွေက ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ပါသည်။

၁-၁၂-၂၀၁၂ရက်စွဲပါ နှစ်ဖက်သဘောတူညီသည့် ပဋိညာဉ်စာချုပ်အပိုဒ်(၄) နှင့် အပိုဒ်(၆)၌လည်း မူလပိုင်ရှင်ဖြစ်သည်နှင့်အညီ ပြန်လည်ထိန်းသိမ်းထားရှိ စီမံခန့်ခွဲရန် သဘောတူညီကြကြောင်းနှင့် အဆိုပါဆောက်လုပ်ခြင်းလုပ်ငန်းအား ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းထားရန် သဘောတူညီကြကြောင်းသာပါရှိပြီး အဆိုပါစာချုပ်၌ ကျွန်ုပ်၏မိတ်ဆွေဦးမျိုးဇော်ဦး (အောင်ပင်လယ်ဆောက်လုပ်ရေးလုပ်ငန်း)နှင့် သက်ဆိုင်ခြင်းမရှိတော့ကြောင်း လုံးဝမပါရှိသည့်အတွက် မမှန်မကန်ကြေညာခြင်းသာဖြစ်ပြီး ကျွန်ုပ်၏မိတ်ဆွေဘက်က ကျေနပ်သည်အထိ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက အဆောက်အအုံ လက်ရှိကုန်ကျစရိတ်နှင့် နစ်နာကြေးအရပ်ရပ်ကိုလည်း တရားဥပဒေနှင့်အညီ ဆက်လက်၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းရင်းဆေးဆရာအဖွဲ့နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမျိုးဇော်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းတင်(ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၈၅၇)
အမှတ် ၁၀၇၊ သီတာရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၉-၄၄၀၀၀၆၇၁၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်နှစ်ပင်အုပ်စုရှိ မြေကွက်အမှတ်စုန် (၁) အကွက်အမှတ်-A-၁၁၄၊ မြေကွက်ဧရိယာ (၅) ဧကကို အမည်ပေါက် ဦးစိုးလှိုင် (၁၂/တမန (နိုင်) ၀၅၇၁၃၀) ထံမှ ဝယ်ယူပြီး လက်ရှိပိုင်ဆိုင်စီမံခန့်ခွဲလျက်ရှိသူ ဦးတင်ဦး (၁၂/တမန (နိုင်) ၀၅၇၀၄၃) ထံမှ မြေကွက်အပါအဝင် သီးပင်စားပင်တို့၏အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ တစိတ်တပိုင်းသောငွေကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက နှစ်ဦးနှစ်ဖက် သဘောတူညီချက်များအတိုင်း အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ထွန်း (ခ) ဦးသန်းဆွေ (တရားလွှတ်တော်ရှေ့နေ)
အမှတ် (၆၈) ၃-လွှာ ၁၂၂-လမ်း ရေကျော်ကုန်းရပ်ကွက်
မင်္ဂလာတောင်ညွန့်မြို့နယ်။

---

(၅)နှစ်ပြည့် လွမ်းဆွတ်သတိရအမျှဝေခြင်း

ဦးကျော်စိုးဝင်း

(K.S.W) မော်တော်ယာဉ်ထုတ်လုပ်ရေး

မိသားစုအပေါ် ချစ်ခင်ကြင်နာစွာဖြင့်ပြုစုစောင့်ရှောက်ကျွေးမွေးခဲ့သော ကျေးဇူးရှင်အဖေ မိသားစုဘဝထဲက ထာဝရခွဲခွာသွားသည်မှာ ၂၂-၉-၂၀၁၃ ရက်တွင် (၅)နှစ်ပြည့်ပြီဖြစ်သော်လည်း တစ်နေ့မှမမေ့နိုင်ခဲ့ပါ။ အဖေရဲ့ ကြီးမြတ်လှတဲ့ကျေးဇူးတရားများကို အစဉ်အောက်မေ့သတိရလျက် အဖေ့အတွက်ရည်စူး၍ ဘုရား၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်း၊ စိတ်ကျန်းမာရေးဆေးရုံတို့အတွက်အလှူငွေများ နှစ်စဉ်လှူဒါန်းခြင်း အစရှိသော လှူဒါန်းမှုအစုစုတို့ကို ယနေ့သံဃာတော်များပင့်ဖိတ်ပြီး ရေစက်ချလှူဒါန်းပေးလိုက်ပါတယ်။ ဤလှူဒါန်းသမျှ ကုသိုလ်အစုစုတို့ကို အဖေရောက်ရာဘုံဘဝက ကြားနိုင်၊ မြင်နိုင်၊ သိနိုင်ပြီး သာဓုခေါ်ဆိုနိုင်ပါစေ။

အဖေရေ အမျှ-အမျှ-အမျှ

ဇနီး-ဒေါ်မိုးမိုးလွင် မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ညွန့်

အသက်(၇၈)နှစ်

ဗိုလ်မှူးကျော်မြင့်အောင်(ညောင်တုန်း)-ဒေါ်ကြေးမုံညွန့်တို့၏ဖခင် ဦးကျော်ညွန့် အသက်(၇၈)နှစ်သည် ၇-၉-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမာန်ဟောက်လျှံ-ဒေါ်ဝင်းဝင်းငွေ၊ ဦးဇော်လင်း-ဒေါ်ဥမ္မာစိုး
ဦးစန်းဦး-ဒေါ်သန္တာဝင်း၊ ဦးဇော်မျိုးထွန်း-ဒေါ်ကြူကြူမော်
ဦးကျော်လင်းထွန်း-ဒေါ်ဇင်မာထွေး၊ လှိုင်ကော်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက်အမှတ် ၄၄၁၊ မြေကွက်တည်နေရာအမှတ်၄၄၁၊ ရွှေသူဌေးလမ်း၊ ၃၆ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးဘိုပုRGN-၀၀၀၂၄၀ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးဘိုပု ကွယ်လွန်သဖြင့် ဒေါ်ဆိုးဆိုးတင် ၁၂/အစန(နိုင်)၀၂၃၇၀၂က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ဒီ၊ မြေကွက်အမှတ် ၄၇-၃၉/၉ဘီ-၁ဒီ၊ မြေကွက်တည်နေရာအမှတ် ၃၄၊ ပြည်ထောင်စုလမ်း၊ ဗဟန်းမြို့နယ် ဒေါ်ခင်သိုက်ဦး အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်ခင်သိုက်ဦး ၁၂/ဗဟန(နိုင်)၀၅၁၅၃၃က ၂၀၁၂ခုနှစ် အပိုင်ပေးစာချုပ်ရန် မြေပုံမူရင်း ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၊ မြေကွက်အမှတ် ၂၁၃(ခ)၊ မြေကွက်တည်နေရာအမှတ် (၂၁၃/ခ)၊ စိန်စီဂုဏ်ရောင်လမ်း၊ရွှေပြည်သာမြို့နယ် ဒေါ်အုံးသိန်း အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဒေါ်အုံးသိန်း ၁၂/ဥကတ(နိုင်) ၀၉၁၈၆၃ က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ တရားရုံး ကျမ်းကျိန်လွှာတို့ကို တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/နောက်၊ မြစ္ဆာညီအိမ်ရာစီမံကိန်း၊ မြေကွက်အမှတ် ၆၅၊ ဧရိယာ ၀ဒသမ ၁၂၀ ဧက နှစ် ၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဒေါ်ခင်ခင်ရီ ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ် ၃၂၇၃/၂၀၁၃ တင်ပြ၍ ဦးအောင်သောင်း ၁၂/ကလန(နိုင်)၀၁၁၈၄၉ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/နောက်၊ မြစ္ဆာညီအိမ်ရာစီမံကိန်း၊ မြေကွက်အမှတ် ၄၇၊ ဧရိယာ ၀ ဒသမ ၁၂၂ ဧက နှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဒေါ်ခင်ခင်ရီ ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ် ၃၂၇၂/၂၀၁၃ တင်ပြ၍ ဦးအောင်သောင်း ၁၂/ကလန(နိုင်) ၀၁၁၈၄၉ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး

သူငယ်ချင်း နှင့် ထပ်တူ ဝမ်းနည်းကြေကွဲခြင်း

တို့အားလုံးရဲ့ ဖခင်ကြီးလည်းဖြစ်တဲ့
သူငယ်ချင်းရဲ့ ဖခင်ကြီး ဦးစံဒေဘ် (ကျောက်တွ / တောင်သာ)
(ဘုရား၊ ကျောင်း၊ ရဟန်း ဒါယကာကြီး နှင့်
ရွှေမြန်မာ နှင့် ရွှေခရာ ဂျာနယ်တို့ ဖခင်ကြီး) သည်
၈-၉-၂၀၁၃ ရက် ည ၉ နာရီ ၃၀ မိနစ်အချိန် ကျန်းမာရေး နေအိမ်တွင်
ကွယ်လွန်သွားသဖြင့် သူငယ်ချင်းနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း

(၁၉၇၀ – ၁၉၇၆) စိန်ပေါ် က သူငယ်ချင်းများ
ဖုန်း – ၀၁ ၅၀၀၈၁၁

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်မြင့်

B.E(EP)1971, DIP:E.E(F.R.G)D.M.A,Asian Engg:
Dy Exec: Director, Elite Tech Group Co., Ltd.
(Retd, S.E,MEPE)

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ အေးရိပ်မွန်လမ်းမကြီး၊ အမှတ် ၂၅/ခနေ ဒေါ်ထားထားလွင်(Retd, S.A.T)၏ခင်ပွန်း ဦးကျော်မြင့် အသက်(၆၅)နှစ်သည် ၁၅-၉-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်ခင်အေးမြင့်မိသားစု
မကွေးမြို့

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်းအလှူဒါယကာ

ဦးအေးကျော် (ညောင်ကျိုး)

ရာဇာလင်းဆေးတက္ကသိုလ်ပညာသင်ဆုအလှူရှင်
ပွင့်သစ် လှိုင်းတွန့်စက္ကူဘူးစက်ရုံ
အသက်(၅၉)နှစ်

ဒေါ်အေးအေးမြင့် (B.Com. C.P.A)၏ချစ်လှစွာသောခင်ပွန်းသည် ၁၈-၉-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၅ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၇၇ ခုနှစ် (မတ်လ၊ နိုဝင်ဘာလ)စီးပွားရေး
တက္ကသိုလ်ဘွဲ့ရကျောင်းသား ကျောင်းသူများ
စီးပွားရေးတက္ကသိုလ်-ရန်ကုန်

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာ ဦးကျော်ကျော်ဦး

အသက်(၄၇)နှစ်

သားတပည့်ဖြစ်သူ ဒေါက်တာ ဦးကျော်ကျော်ဦး M.B.,B.S, M.Med. Sc (Med. Juris) Master of Bioethics (U.S.A) Dip in Medical Education သည် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၊ မီဒန်တာဆေးရုံကြီး၌ အိန္ဒိယနိုင်ငံစံတော်ချိန် နံနက် ၁၁း၃၀ နာရီ ၁၆-၉-၂၀၁၃ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ ဒေါက်တာ ဦးမျိုးမင်း
ဥပဒေရေးရာဆေးပညာ(ငြိမ်း)ဆေးမန်း

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်း၊ မြေကွက်အမှတ် ၂၁၄၊ အမည်ပေါက် ဦးသိန်းမြင့်၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်ရီရီလှိုင် ၉/ခအဇ(နိုင်) ၀၀၂၄၉၂က မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးအေးကျော် (ငြိမ်း)

တွဲဖက်စစ်ရေးချုပ်(ငြိမ်း)

ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး(ငြိမ်း)

ကြည်း-၆၅၃၁

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊(၁၁)ရပ်ကွက်၊မြသီတာအိမ်ရာ၊ အမှတ် 1A-10 နေ ဒေါ်ခင်ဆွေအေး၏ခင်ပွန်း ဗိုလ်မှူးကြီးအေးကျော်(ငြိမ်း) သည် ၂၀-၉-၂၀၁၃ရက် ည ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဇနီး ဒေါ်သက်သက်ဆွေ မိသားစု

ပြန်ကြားရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်ရွှေ (မိုးကုတ်)

အသက်(၈၀)

မိုးကုတ်မြို့၊ မူဆလင်ရပ်ကွက်နေ ဒေါ်တင်တင်ဝင်း (Marine Sciences) 1986 ၏မိခင် ဒေါ်တင်ရွှေသည် ၂၀-၉-၂၀၁၃ရက်(သောကြာနေ့) ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာအဏ္ဏဝါသိပ္ပံအသင်း

(MSAM)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်ရွှေ (မိုးကုတ်)

အသက်(၈၀)

မိုးကုတ်မြို့၊ မူဆလင်ရပ်ကွက်နေ ဒေါ်တင်တင်ဝင်း(Marine Sciences) 1986 ၏မိခင် ဒေါ်တင်ရွှေသည် ၂၀-၉-၂၀၁၃ရက်(သောကြာနေ့) ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Marine Sciences (1986)

မှ သူငယ်ချင်းများ

ပန်းချီဆရာမ ဒေါ်ရီရီမြင့်

B.Com IT (1977)

အသက်(၆၀)

ဦးဇေယျ(စိန်ဂျွန်းကျောင်းသားဟောင်း)၏ဇနီး၊ မဇင်သူဇေယျ (UMFCCI) Business English Teac her, Managing Director (ZILDA) ၏မိခင်သည် ၁၇-၉-၂၀၁၃ရက် (အင်္ဂါနေ့)ညနေ ၅း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၃ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၂နာရီ အထိ အမှတ် ၂၃(D)၊ နတ်မောက်ရိပ်သာလမ်း၊ တာမွေမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်အေးအေးမူ (မြိတ်)

(ဘုန်းဟန်ကျော် ရွှေဆိုင်)

အသက်(၅၆)နှစ်

မြိတ်မြို့၊ ဆိပ်ငယ်ရပ်နေ (ဦးထွန်းစိန်-ဒေါ်အေးအေးကြည်)တို့၏သမီး၊ (ဦးဘူးဝါ)-ဒေါ်လေးတို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ P-10၊ မြနန္ဒာလမ်း၊ မြကန်သာအိမ်ရာ၊ လှိုင်မြို့နယ်နေ ဦးဟိုစွမ်၏ဇနီး၊ မောင်စိုးမောင်မောင်စွမ်၊ မဖြူပိုးပိုးစွမ်တို့၏မိခင်သည် ၂၁-၉-၂၀၁၃ရက် (စနေနေ့) နံနက် ၈း၄၅နာရီတွင် ထိုင်းနိုင်ငံ ဘန်ကောက်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒုအရာခံဗိုလ်ကြည်နိုင် (ငြိမ်း)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

အသက်(၅၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဦးမင်းဇော်)-ဒေါ်ခင်မြင့်တို့၏သား၊ ဦးမောင်မောင်လတ်(မထသ)၊ ဒေါ်ရီရီမြင့်(လဝက)၊ ဦးအောင်အောင်ခိုင်(မထသ)၊ ဦးမိုးဇော်တို့၏ညီ/အစ်ကို၊ ဒေါ်ဆွေဆွေတင်(လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုလွှတ်တော်ဌာန၊ လွှတ်တော်ရုံး)၏ခင်ပွန်း၊ မောင်အောင်သာကျော်(အထက-၅၊ နေပြည်တော်)၏ဖခင်သည် ၂၁-၉-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၃ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံမှ ကျွဲကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးမိုးအောင်(ခ)ကိုမိုး

(ခေတ္တ-U.S.A)

အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၁၇၇၊ ပထမထပ်နေ ဗိုလ်မှူးအောင်သိမ်း(တပ်မတော်-ရေ၊ ငြိမ်း)-(ဒေါ်မြင့်မြင့်အေး)တို့၏တတိယမြောက်သား၊ ဦးဝင်းသူအောင်(ခ)ကိုတိုး၊ ဦးသက်ညိုအောင်(ခ)ကိုညီညီတို့၏ညီ၊ ဦးစိုးမိုးအောင်(ခ)ကိုစိုး၊ ဦးသန်းထိုက်အောင်၊ ဦးသန်းတိုးအောင်(ခေတ္တ-U.S.A)တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ပြည်ထောင်စုလမ်း၊ (၂၆)ရပ်ကွက်၊ အမှတ် ၂၄နေ ဦးချစ်သန်း-ဒေါ်လှမြင့်တို့၏သားသမက်၊ ဒေါ်မိုးအေး(ခ)မိုးမိုး၏ခင်ပွန်း၊ ဆုလာဘ်ရတီ၊ လင်းပြည့်သီဟတို့၏ဖခင်၊ သိမ်ဖြူကျောင်းတိုက် ဦးပဍ္ဍင်း ဂန္ဓမာ၏ဖခမည်းတော်၊ တူ၊ တူမ ၁၇ ယောက်တို့၏ဘကြီး၊ဦးလေးသည် ၁၉-၉-၂၀၁၃ရက်(ကြာသပတေးနေ့)တွင် အမေရိကန်နိုင်ငံ ဘော်စတွန်မြို့ ဒေသစံတော်ချိန် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၃ရက်တွင် အမေရိကန်နိုင်ငံ ဘော်စတွန်မြို့၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၉-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင် ဦးချစ်သန်း-ဒေါ်လှမြင့် အမှတ် ၂၄၊ ပြည်ထောင်စုလမ်း၊ (၂၆)ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဗိုလ်မှူးကြီးအေးကျော် (ငြိမ်း)

တွဲဖက်စစ်ရေးချုပ်(ငြိမ်း)

ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး(ငြိမ်း)

ကြည်း-၆၅၃၁

အသက်(၈၃)နှစ်

မန္တလေးမြို့နေ (ဒေါက်တာဦးမောင်မောင်-ဒေါ်စောလှ)တို့၏သား၊ ရန်ကုန်မြို့နေ(ဦးအေး-ဒေါ်မမ)တို့၏သားသမက်၊ ဒေါ်ခင်ဆွေအေး၏ခင်ပွန်း၊(ဒေါက်တာခင်မောင်ဝင်း-ဒေါ်အေးကြွယ်)၊ (ဒေါက်တာဦးမြ-ဒေါ်မြမြ)၊ ဗိုလ်မှူးကျော်မင်း(ငြိမ်း)-ဒေါ်ခင်သန်းရီတို့၏အစ်ကိုကြီး၊ ဦးစိန်ဝင်း-ဒေါ်ဝေမာအေးကျော်၊ ဦးတင်အေးကျော်-ဒေါ်နွယ်နီကိုတို့၏ဖခင်၊ မခင်ခင်ကျော့၊ မောင်အောင်ဘုန်းဝင်း၊ မယွန်းဟန်နီအေးကျော်၊ မယွန်းဘရဏီအေးကျော်တို့၏အဘိုးသည် ၂၀-၉-၂၀၁၃ ရက် ည ၈း၁၅နာရီတွင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ မြသီတာအိမ်ရာ၊ အမှတ် 1A-10 နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၃ ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၉-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးဝင်းကြည်(ခ)ဦးမင်းကိုကို (သက္ကလ)

B.A (Geography)

အုပ်ချုပ်ရေးမှူးဟောင်း(စန္ဒာမဂ္ဂဇင်းတိုက်)၊ ရန်ကုန်ဂျူဒိုအသင်းချုပ်

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ပါရမီရိပ်သာနေ (ဦးဘိုနီ-ဒေါ်သန်းညွန့်)တို့၏သားကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွှေညောင်မြို့နယ်နေ (ဦးဒေါ်လာ-ဒေါ်ဟယ်သာ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေး၊ ညောင်ပင်လမ်း၊ အမှတ် ၂၂၀/ခနေ ဒေါ်ဝေးလ်(စ်)ဘက်(ခ)ဒေါ်ရိန်းဒီကီး၏ခင်ပွန်း၊ မဇာနည်မင်းကို(ခေတ္တ-ဒူဘိုင်း)၊ ကိုနေမင်းကိုကို-မယဉ်မင်းထွေး(ခ)မဒေါ်ရသီ (Myanmar Shopping Mall)၊ ကိုလမင်းကိုကို-မဟန်စုလှိုင်တို့၏ဖခင်၊ မောင်ဟန်ထူးဇင်(အမက-၃၊မူလွန်၊ဗဟန်း)၊ မောင်လင်းထက်အောင်တို့၏အဘိုး၊ ဦးမောင်မောင်-ဒေါ်မာဂရက်(တောင်ကြီး)၊ (ဦးအောင်မြင့်)-ဒေါ်အေးကြူကြူ၊ ဒေါ်မိုးမိုး(Seni)၊ သိက္ခာတော်ရဆရာဦးမာကာ-ဒေါ်ဇိုင်းချင်းပွီးရီး(PCM၊ တမူး)တို့၏အစ်ကိုကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ တိုက် ၈၊ အခန်း ၄၀၃နေ ဦးမင်းကိုကိုသည် ၂၁-၉-၂၀၁၃ရက်(စနေနေ့)နံနက် ၂း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၉-၂၀၁၃ရက် (တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဝင်းကြည်(ခ)ဦးမင်းကိုကို (သက္ကလ)

B.A (Geography)

အုပ်ချုပ်ရေးမှူးဟောင်း(စန္ဒာမဂ္ဂဇင်းတိုက်)၊ ရန်ကုန်ဂျူဒိုအသင်းချုပ်

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ပါရမီရိပ်သာနေ (ဦးဘိုနီ-ဒေါ်သန်းညွန့်)တို့၏သားကြီး၊ ဦးအောင်မြင့်-(ဒေါ်အေးမြင့်မူ)၊ (ဗိုလ်ကြီးအောင်မြင့်ဗိုလ်၊ ငြိမ်း)၊ (ဦးပေါ်လွင်)၊ ဦးတင်ထူး-ဒေါ်နွယ်နီယဉ်၊ ဦးလွင်မင်း-ဒေါ်နွဲ့နွဲ့ဝင်းဆွေတို့၏ အစ်ကိုကြီး၊ ကိုဇော်ဘိုဦး-မနန္ဒာအောင်၊ မမြတ်စု၊ ကိုရဲခေါင်အောင်မြင်၊ ကိုဝင်းအောင်-မမြင့်နော်ဇာသွယ်၊ ကိုထက်အောင်-မမြသီတာ၊ ကိုနေဝင်းအောင်-မလွင်မြင့်မြတ်၊ ဒေါက်တာဖွန်ကိုလွင်၊ (မောင်ဇန်ညီလွင်)၊ မောင်အောင်ကောင်းမြတ်တို့၏ဘကြီး၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၁-၉-၂၀၁၃ရက်(စနေနေ့)နံနက် ၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၃ရက် (တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[တိုက် ၈၊ အခန်း ၄၀၃၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားရှေ့ နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။]

ကွယ်လွန်သူအားရည်စူး၍ ၂၇-၉-၂၀၁၃ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူ ညီ၊ညီမ၊ တူ၊တူမနှင့်မြေးများ

ရဟန်း၊ ကျောင်း၊ ရေတွင်း ဒါယကာကြီး

ဦးသန်းမောင် (ပန်းတိုင် ဦးသန်းမောင်)

ပန်းတိုင်စာပေတည်ထောင်အုပ်ချုပ်သူ၊ ပန်းတိုင်မဂ္ဂဇင်း၊ အယ်ဒီတာချုပ်၊ စီးပွားပန်းတိုင်ကုမ္ပဏီဥက္ကဋ္ဌ

အမျိုးသားပညာရေးဖောင်ဒေးရှင်းအဖွဲ့ဥက္ကဋ္ဌ

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပြည်ထောင်စုလမ်းမကြီး၊ (၃၈)တိုးချဲ့ရပ်ကွက်၊ ခြံအမှတ် ပ/၄၅နေ (ဦးချစ်ရွှေ-ဒေါ်ဦးမေ)၊ ဒေါ်တင်မေတို့၏သား၊ ဒေါ်သီသီခင်၏ခင်ပွန်း၊ မရည်မွန်ဦး၊ မောင်ကျော်စိုးမင်းတို့၏ဖခင်၊ (ဦးသန်းရွှေ-ဒေါ်တင်တင်မြင့်)၊ ဦးဝင်းသိန်း-ဒေါ်နှင်းဆီ၊ (ဦးဝင်းကို)-ဒေါ်နှင်းနှင်းဝေ၊ ဒေါ်နီနီခင်(ပန်းတိုင်စာပေ)၊ ဦးခင်မောင်သန်း-ဒေါ်သော်တာ(ပန်းတိုင်မဂ္ဂဇင်း)၊ (ဦးအောင်ကျော်ဦး)-ဒေါ်ကြည်ပြာတို့၏အစ်ကိုကြီးသည် ၂၀-၉-၂၀၁၃ ရက် (သောကြာနေ့) ည ၇း၃၀နာရီတွင် ပင်လုံအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၂-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ပန်းတိုင် ဦးသန်းမောင် အသက်(၆၆)နှစ်

ကျားတက်ရွာ ဆုတောင်းပြည့်စေတီတော် စောင်းတန်းအလှူ့ရှင်၊ အထက ကျောင်းပန်းတိုင်ကျောင်းဆောင်အလှူရှင်နှင့် ပညာ့အလင်းစာကြည့်တိုက် အလှူရှင် ပန်းတိုင်ဦးသန်းမောင်သည် ၂၀-၉-၂၀၁၃ရက်(သောကြာနေ့)ည ၇း၃၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

ဆုတောင်းပြည့်စေတီတော် ဂေါပကအဖွဲ့၊ အထကကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့်ဆရာ ဆရာမများ၊ ပညာ့အလင်းစာကြည့်တိုက်အမှုဆောင်အဖွဲ့၊ ကျားတက်ရွာ၊ ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

အထူးဝမ်းနည်းကြေကွဲခြင်း

အမျိုးသားပညာရေးဖောင်ဒေးရှင်းအဖွဲ့ဥက္ကဋ္ဌ

ပန်းတိုင် ဦးသန်းမောင် အသက်(၆၆)နှစ်

ဥက္ကဋ္ဌကြီးသည် မိမိကျန်းမာရေးကိုမငဲ့ဘဲ ဖောင်ဒေးရှင်းကြီးကို အုတ်မြစ်ချ စုစည်းတည်ထောင်ပြီး ကျောင်းသားလူငယ်များအတွက် တက်တက်ကြွကြွ လှူဒါန်းမှုများပြုနေသည့်ကာလ ၂၀-၉-၂၀၁၃ရက် (သောကြာနေ့) ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

အမျိုးသားပညာရေးဖောင်ဒေးရှင်း အလုပ်အမှုဆောင်များနှင့် ပြည်နယ်/တိုင်းဒေသကြီးမှတာဝန်ခံများ

ဒေါ်တင်ရီ

(မြိတ်မြို့)

အသက်(၉၄)နှစ်

မြိတ်မြို့၊ အလယ်ကျွန်းရပ်၊ ကုန်းမြင့်သာယာလမ်းနှင့် ရန်ကုန်မြို့၊ အမှတ် ၁၄၅၊ ၃၁လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ (၁၀)ရပ်ကွက်နေ (ဦးဘအို-ဒေါ်မြှား)တို့၏သမီး၊ ဒေါ်ခင်စောမူ(မြန်မာ့ရပ်ရှင်လုပ်ငန်း၊ ငြိမ်း)၏မိခင်၊ မြိတ်မြို့နေ (ဦးခင်မောင်-ဒေါ်တင်ကြည်)တို့၏ညီမ၊ (ဒေါ်ခင်ရွှေ)၊ (ဦးသောင်းရွှေ-ဒေါ်ထွေးတင်)၊ ရန်ကုန်မြို့နေ ဦးစိုးသိမ်း-ဒေါ်လှကြည်၊ မြိတ်မြို့နေ ဦးလှထွန်း-ဒေါ်ရွှေတင်တို့၏အစ်မသည် ၂၀-၉-၂၀၁၃ရက် (သောကြာနေ့)ည ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ကြည် (ရေစကြို)

ရာသက်ပန်အသင်းဝင်

အသက်(၈၇)နှစ်

ရေစကြိုမြို့နေ(ဦးကျော်သန်း)၏ဇနီးသည် ၂၀-၉-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရေစကြိုမြို့နယ် အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

ရေစကြိုမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်ခင်မေ

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ် ၁၄/၇/၅၈၃၊ ညောင်ရမ်းလမ်းနေ (ဦးတင်မောင်ဦး၊ အရာခံဗိုလ်၊ ငြိမ်း၊ ရေ)၏ဇနီး၊ ဦးလှသော်ဦး-ဒေါ်အဲလစ်ဇဘက်(ILBC)၊ ဦးတင်ထွဋ်ဦး-ဒေါ်သင်းသင်းမြင့်၊ ဦးမြင့်ဦး(ကောင်းဆက်စတိုး)-ဒေါ်မေခင်ဦး၊ ဦးဇော်ဝေလွင်-ဒေါ်မော်မော်အေးတို့၏မိခင်၊မြေးခြောက်ယောက်တို့၏အဘွားသည်၂၁-၉-၂၀၁၃ ရက် (စနေနေ့) မွန်းလွဲ ၁၂း၅၀နာရီတွင် O.S.C အထူးကုဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးအောင်ဝင်း (ထားဝယ်)

M.Sc (Textile) (Moscow)

စီမံကိန်းဒါရိုက်တာ(ငြိမ်း)၊စက်မှု(၁)

ပခုက္ကူအထည်စက်ရုံစီမံကိန်း

အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ဗဟိုလမ်း၊အမှတ်၁၉နေ(အငြိမ်းစားအမြတ်ခွန်ဝန်ထောက် ဦးလှဒင်-ဒေါ်ခင်သိန်း)တို့၏သားငယ်၊ [ဦးကိုမောင်၊ လယ်စိုက်ရှင်း(ငြိမ်း)]-ဒေါ်ညွန့်ညွန့်တင် (အထက-၄၊ တာမွေ၊ ငြိမ်း)၊ (ဦးကြည်ဝင်း၊ စာရေးဆရာ မြတ်စု)-ဒေါ်မြင့်မြင့်တင်တို့၏ညီ/မောင်၊ ဒေါ်ခင်ခင်စု (စက်မှု-၁၊ ထွေ/ထိန်း)၏ အစ်ကို၊ ဦးကျော်ဇင်ဦး-ဒေါ်ညိုမာထွေး၊ ဒေါ်လှမြတ်စု၊ ဒေါ်အေးမြတ်စု၊ ဦးဇော်လွင်-ဒေါ်မိုးမြတ်စု၊ဒေါ်ခိုင်မဉ္ဇူ၊ဒေါ်မျိုးမြတ်စု၊ ဒေါ်မြတ်လေးခိုင်၊ ဦးအောင်ဘိုဘိုထွဋ်၊ ဦးမင်းထွဋ်ဝင်း - ဒေါ်ဝေသီခိုင်တို့၏ဦးလေး၊ မဖြိုးပြည့်ပြည့်ကျော်ဇင်၏ဘိုးလေးသည် ၂၁-၉-၂၀၁၃ရက် ညနေ ၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်နှင့် အချိန်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

Topa tawh maang Khawm

ခရစ်တော်၌အိပ်ပျော်ခြင်း

Pi Ciang Khaw Ciin

ဒေါ်ကျင်ခိုတင်(ခ)ဒေါ်သျှင်ခိုတင်(ခ)ဒေါ်ကျင်

အသက်(၉၄)နှစ်

ချင်းပြည်နယ်၊ ခေါ်ဆကျေးရွာနေ(Pu Vum Sing-Pi Vung Nuam)တို့၏သမီး၊ (Pi Zaang Cing), (Pi Cingh Zam), (Pu Son Pau),(Pi Vung Nuam), (Pu Hang Khaw Lian) တို့၏ညီမ၊ (Pu Capt Kam Za Nang Rtd.), (Pu Tun Za Hang), Pu On Khai, (Pi Son Cing) တို့၏အစ်မကြီး၊ ရန်ကုန်မြို့၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၅၊ အခန်း ၁၀နေ (ဦးလွန်ပုမ်၊ အငြိမ်းစားဝန်ကြီး၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးဝန်ကြီးဌာန၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်၊ အထက်တန်းပြ၊ ငြိမ်း)၏ဇနီးသည် ၂၁-၉-၂၀၁၃ရက် (စနေနေ့) နံနက် ၅း၅၅နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၃-၉-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (အထက်ပါနေအိမ်နှင့် ရန်ကုန်စီးယင်းနှစ်ခြင်းအသင်းတော်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

Ciang Khaw Ciin

ဒေါ်ကျင်ခိုတင်(ခ)ဒေါ်သျှင်ခိုတင်(ခ)ဒေါ်ကျင်

အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ဦးဝိစာရအိမ်ရာ၊တိုက် ၅/၁၀နေ [ဦးလွန်ပုမ်၊ ဝန်ကြီး(ငြိမ်း)၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဝန်ကြီးဌာန၊ နိုင်ငံ့ဂုဏ်ရည် ပထမဆင့်၊ အထက်တန်းပြဆရာ(ငြိမ်း)]၏ဇနီး၊ ဒေါ်ဟယ်လင်လွန်ပုမ်-ဗိုလ်မှူးချုပ်မျိုးတင်(ငြိမ်း)(GM MPRL E &P Co.,Ltd.)၊ (ဒေါ်ဘက်တီ)၊ (ဦးဆမ်း)၊ (ဦးရစ်ချတ်)-ဒေါ်သန်းအေး(ပါရမီဆောက်လုပ်ရေး)၊ (ဦးပီတာ)၊ ဒေါ်မေရီလွန်ပုမ်[ပါမောက္ခ(ဌာနမှူး)၊ရန်ကုန်ပညာရေးတက္ကသိုလ်]၊ဒေါ်စင်သီယာလွန်ပုမ်-ဗိုလ်မှူးငိုယတွန်(ငြိမ်း)[အမှတ်-၂၊သံမဏိစက်ရုံ၊ ပင်းပက်(စက်မှုဝန်ကြီးဌာန)]၊ ဒေါ်ဒေါ်လီလွန်ပုမ်(Myanmar Techmat Venture Co.,Ltd.)တို့၏မိခင်ကြီး၊ ဦးမင်းသူ(MD.Kuntong Co.,Ltd.)၊ ဗိုလ်ကြီးနေမျိုးတင်(ငြိမ်း) (လေယာဉ်မှူးကြီး၊ မြန်မာ့လေကြောင်း)-ဒေါ်ခိုင်သဇင်သောင်း၊ဒေါက်တာဟောက်ခန့်ဒိမ့်၊မကျင်ခန့်ကျိန်(အလုပ်သင်ဆရာဝန်)၊ မောင်ဆိုင်မွန်ကျင့်ကိမ်း(Grade-10, Dagon-1)၊ မယုစန္ဒာတို့၏အဘွား၊ မောင်ဇေယျာမျိုးတင်(UK)၊ မောင်ဗညားမျိုးတင်(ILBC) တို့၏ဘွားဘွားကြီးသည် ၂၁-၉-၂၀၁၃ရက် (စနေနေ့) နံနက် ၅း၅၅နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပြီးဖြစ်ပါ၍၂၃-၉-၂၀၁၃ရက်(တနင်္လာနေ့)မွန်းလွဲ၂နာရီတွင်ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။(ဗိုလ်မြတ်ထွန်းလမ်း၊ ရန်ကုန်စီးယင်းနှစ်ခြင်းအသင်းတော်နှင့် အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

ဦးစိုးမြင့် (ခရိုင်အင်ဂျင်နီယာမှူး၊ ငြိမ်း၊ M.E.P.E)

(နတ်မောက်စက်မှုအထက်တန်းကျောင်း၊အမှတ်စဉ်-၁၊ ကျောင်းသားဟောင်း)

အသက်(၇၅)နှစ်

ပေါင်မြို့၊ မင်းလမ်း၊ ကဒါရပ်နေ (ဦးစံညွန့်-ဒေါ်ပုရဲ)တို့၏သားထွေး၊ မော်လမြိုင်မြို့နေ (ဦးမောင်မြ-ဒေါ်အေးကြွယ်)တို့၏သားသမက်၊ ပေါင်မြို့နေ (ဒေါ်ချစ်သူ-ဦးရွှေကြူး)၊(ဦးကျော်ဗလ-ဒေါ်ထွန်းတင်)၊(ဦးလွန်းတင်)-ဒေါ်ပိတ်၊ ဦးနိုင်ဘကျင်-ဒေါ်အုံးရီတို့၏ညီ/မောင်၊ ဒေါ်အေးအေးတင့်၏ခင်ပွန်း၊ ဦးဇော်ဦး(ရွှေမြန်မာ ထီဆိုင်)-မိသွဲ့သွဲ့စိုး၊ ဦးမင်းတိုးလုံစိုး(အေးရိပ်စံ အထူးကုဆေးခန်း)-မိချိုချိုခိုင်၊ မိဝိုင်းဝိုင်းစိုး၊ မင်းဗညားစိုး-မနွဲ့ကြည်၊ မိသင်္ဂီစိုးတို့၏ဖခင်၊ မိချမ်းလန်းစံ၊ မခိုင်ဇာဖြူ၊ မင်းမြတ်ချမ်းအောင်၊ မစိုးစန္ဒာဝင်း၊ မောင်ဇော်ရဲထူးတို့၏အဘိုးသည် ၂၁-၉-၂၀၁၃ရက်(စနေနေ့)နံနက် ၁း၀၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၃ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ကျိုက်စုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးအောင်ကြည်

(ရွှေတောင်မော်)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊အမှတ် (၅)ရပ်ကွက်၊ ၇၂၊ ၁၁လမ်း (ပထပ်/ယာ)နေ ဦးမောင်ထင်-ဒေါ်ငွေစုတို့၏သား၊(ဒေါ်ခင်ခင်လတ်)၏ခင်ပွန်း၊ (ဒေါ်ခင်ကြည်)၊(ဦးငယ်-ဒေါ်လှမြိုင်)၊ (ဒေါ်အေးရှင်)၊ (ဒေါ်သန်းမြင့်)တို့၏မောင်၊ ဒေါ်သန္တာအောင်[၁၃၁ (B)ရုံ၊ သိမ်ကြီးဈေး၊ အာကာစိုး အားကစားဘောင်းဘီ]၊ ဒေါ်ပြုံးသီတာ၊ ဒေါ်စိုးမမမျိုးအောင် (Finance Manager Balloons Over Bagan)၊ ဒေါ်တင်ပပလင်းအောင်တို့၏ဖခင်သည် ၂၁-၉-၂၀၁၃ရက် (စနေနေ့) နံနက် ၅း၁၅နာရီတွင် Green Cross Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်မာမာကြွယ်

ဌာနစုမှူး(ဘဏ္ဍာရေးဌာန)

သမဝါယမတက္ကသိုလ်(သန်လျင်)

အသက်(၅၉)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နေ (ဦးခင်မောင်ညို-ဒေါ်သန်းသန်း)တို့၏သမီး၊ ကျောက်ပန်းတောင်းမြို့နေ (ဦးမွေး-ဒေါ်ထားနေ)တို့၏ သမီးချွေးမ၊ ဦးမောင်မောင်ဝင်း၊ ဦးကျော်တင့်-ဒေါ်ခင်မာမာအေး၊ ဒေါ်ခင်မာမာငွေး၊ ဦးမောင်စိုး-ဒေါ်နှင်းသီတာ၊ ဦးအောင်မြင့်-ဒေါ်ခင်မာမာသစ်၊ ဒေါ်ခင်မာမာနွယ်၊ ဦးမင်းဇော်-ဒေါ်အေးအေးအောင်၊ ဒေါ်ခင်စန္ဒာချို၊ ဒေါ်ဖြိုးဖြိုးဇော်တို့၏အစ်မ၊ညီမ၊ အမှတ် ၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်နေ ဦးဇော်ဝင်း(ဒုတိယညွှန်ကြားရေးမှူး၊ ကုန်သွယ်ဦးစီး)၏ဇနီး၊ မောင်ဘုန်းပြည့်ဦး [TTC Grade-10(I)]၏မိခင်၊ တူ၊ တူမ ကိုးယောက်တို့၏ဒေါ်ကြီး၊ဒေါ်လေးသည် ၂၁-၉-၂၀၁၃ရက်(စနေနေ့) နံနက် ၆း၄၀နာရီတွင် ဗဟိုစည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၃ ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း အာဆီယံပါလီမန်များညီလာခံ ကော်မတီအစည်းအဝေးသို့ တက်ရောက်လေ့လာ

နေပြည်တော် စက်တင်ဘာ ၂၁

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီခွဲတွင် (၃၄) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံ၌ ကျင်းပလျက်ရှိသော Committee on Political Matter အစည်းအဝေးပွဲသို့ အာဆီယံ ၁၀ နိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ်များ၏ ပါဝင်ဆွေးနွေးမှုများကို တက်ရောက်ကြည့်ရှုလေ့လာသည်။ (ယာပုံ)

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကသည် Committee on Economic Matters အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုကိုလည်းကောင်း၊ Committee on Social Matters အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လွှတ်တော်ကိုယ်စားလှယ်များ၏ ပါဝင်ဆွေးနွေးမှုကိုလည်းကောင်း၊ Committee on Organisational Matters အစည်းအဝေးသို့လည်းကောင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများကို တက်ရောက်ကြည့်ရှုလေ့လာခဲ့သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် AIPA အဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူနိုင်ငံများဖြစ်သည့် ဂျပန်၊ တရုတ်၊ အိန္ဒိယနိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ ●

ဆီးဂိမ်း Theme Song တေးသီချင်း လင်းထက်သီကုံးသည့် "ရောင်စုံဥယျာဉ်" ရွေးချယ်ခံရ

ရန်ကုန် စက်တင်ဘာ ၂၁

သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ စတင်ရန် နီးကပ်လာပြီဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲတွင် အသုံးပြုရန် ရွေးချယ်ခံရသည့် Theme Song တေးသီချင်းနှင့် Official Song တေးသီချင်းရေးစပ်သီကုံးသူများအား

ဦးမြင့်မိုးအောင်
တေးသီချင်း စိစစ်ရွေးချယ် ဖန်တီးရေးကော်မတီဥက္ကဋ္ဌ။

ဆုချီးမြှင့်ခြင်းနှင့် Theme များအား ပန်းချီ၊ ဒီဇိုင်း၊ ဓာတ်ပုံ၊ ဗီဒီယိုအစရှိသည့် အနုပညာများဖြင့် ပုံဖော်ဖန်တီးခဲ့ကြသည့် ပညာရှင်များအား ဂုဏ်ပြုခြင်းအခမ်းအနားကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ စက်တင်ဘာ ၂၁ ရက်က ကျင်းပခဲ့သည်။

ပြည်သူများ၏ နှလုံးသားတွင် စွဲမက်ကာ တေးသီချင်းသံလွှင့်ပျံ့စေမည့် Theme Song တေးသီချင်းအဖြစ် "ရောင်စုံဥယျာဉ်"ကို ရွေးချယ်ခဲ့သည်။ ယင်းသီချင်းကို သီကုံးရေးသားသူမှာ လင်းထက်ဖြစ်ပြီး လူငယ်တစ်ဦးဖြစ်သည်။ အဆိုပါသီချင်းကို အဆိုတော် ထူးအယ်လင်းနှင့် ဆုန်သင်းပါရ်တို့က မြန်မာလို

စာမျက်နှာ ၅ ကော်လံ ၄ ◆

ဇေယျာရွှေမြေအသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ကမ္ဘောဇနှင့် ဇေယျာရွှေမြေ နိုင်ပွဲရပြီး ရန်ကုန်နှင့် နေပြည်တော် သရေပွဲကြုံတွေ့

သတင်း
ညီမြတ်သော်တာ
ဓာတ်ပုံ
ဖိုးသော်ဇင်

ရန်ကုန် စက်တင်ဘာ ၂၁

၂၀၁၃ MNL Cup ဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းမှစ၍ ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့၌ စတင်ကျင်းပရာ ပဒုမ္မာကွင်းတွင် ဇေယျာရွှေမြေအသင်းက မြဝတီအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ထပ်မံသွင်းယူ

နိုင်ငံခြားသားကစားသမားများ မပါဝင်သော်လည်း ဇော်လင်းထွန်း၊ မင်းသူ၊ စည်သူဝင်းတို့ဖြင့် ဇေယျာရွှေမြေအသင်း လူစုံခဲ့ပြီး မြဝတီအသင်းကို အနိုင်ယူကာ အမှတ်ပြည့်ရရှိခဲ့သည်။ ၁၈ မိနစ်မှာပင် ဝါရင့်တိုက်စစ်မှူး စည်သူဝင်း၏ ဂိုးဖြင့် ဦးဆောင်ဂိုးရရှိခဲ့ပြီး နောက်ပိုင်းတွင် ဇေယျာရွှေမြေအသင်းက တောက်လျှောက် ဖိကစားနိုင်ခဲ့သည်။ ဇေယျာရွှေမြေအသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၃၀ နှင့် ၈၁ မိနစ်တွင် စည်သူဝင်း၊ ၇၆ မိနစ်တွင် အောင်ကိုကိုဝင်းနှင့် ၇၇ မိနစ်တွင် သက်ပိုင်ဦးတို့က ထပ်မံသွင်းယူပေးခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၃ ✳

ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေ

သတင်း-ဝေယံဦး၊ဓာတ်ပုံ-တင်စိုး

ရန်ကုန် စက်တင်ဘာ ၂၁

မြန်မာ့ဆိပ်ကမ်းများကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ သီလဝါဆိပ်ကမ်းတွင် စက်သုံးဆီများ တင်ဆောင်လာသောသင်္ဘောကြီးများ ဝင်ထွက်နိုင်ရေး ပြုပြင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

အဆိုပါ စက်သုံးဆီဆိပ်ကမ်းတွင် စက်သုံးဆီသိုလှောင်ကန်များလည်း ပါဝင်မည်ဖြစ်ရာ မြန်မာ့ဆိပ်ကမ်း

စာမျက်နှာ ၅ ကော်လံ ၁ ❖

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

တောင်ဥက္ကလာပမြို့၊ အနော်မာလမ်းမကြီးပေါ်၊ သံသုမာလမ်းမကြီး ဂုတ်ခြံ၊ တစ်ထပ် အဆောက်အအုံပါ ဆိုင်ဖွင့်ရန်နှင့် လူနေရန်အသင့်ပြင်ပြီး။ ၂၁ပေ×ပေ ၆၀၊ ဂရန်၊ နောက်ဘက် ၅ပေ မြေပိုပါ။

ဖုန်း-၀၉-၇၃၁၁၂၄၉၇

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၁၂ နှင့်ဆက်နွှယ်သည့်
၂၀၁၃ခုနှစ်၊ ဇာရီမှုအမှတ်-၇၅

နန်းသန်းရီ	**နှင့်**	ဒေါ်ခင်စောဝင်း
တရားနိုင်		**တရားရှုံး**

ဒေါ်ခင်စောဝင်း အမှတ်(၃၈)၊ ပိတောက်ဝါ ၇လမ်း၊ FMI City ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့နေသူ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၁၃၁၂တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်နန်းသန်းရီက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့် အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ် အောက်တိုဘာ ၁၄ ရက် (၁၃၇၅ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့သို့လာရောက်စေ။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်မောင်လတ်)
ဒုတိယခရိုင်တရားသူကြီး(၆)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဇီးကုန်းမြို့နယ်တရားမရုံးတော်၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၈၅

ဦးစိုးမောင်(ခ)ဘာဘူ(ခ)မူသူးရာမန်	**နှင့်**	၁။ ဦးအာရုနချလံ
(၎င်း၏အခွင့်ရကိုယ်စားလှယ်		၂။ ဦးချိုကလင်တံ
ဦးကျော်ကျော်ခိုင်)		၃။ ဦးစွပ်ဒရပ်
		၄။ ဦးပလနိရပ္ပချစ်တီး
တရားလို		**တရားပြိုင်များ**

(၁)ဦးအာရုနချလံ(အရောင်းအဝယ်)၊ မြို့ပတ်လမ်း၊ အမှတ်(၅)ရပ်ကွက်၊ ဇီးကုန်းမြို့(ယခုနေရပ်လိပ်စာမသိ)၊ (၂)ဦးချိုကလင်တံ(အရောင်းအဝယ်)၊ ဈေးလမ်း၊ အမှတ်(၅)ရပ်ကွက်၊ ဇီးကုန်းမြို့ (ယခုနေရပ်လိပ်စာမသိ)၊ (၃)ဦးစွပ်ဒရပ်(အရောင်းအဝယ်)၊ ရုံးလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့ (ယခုနေရပ်လိပ်စာမသိ)၊ (၄)ဦးပလနိရပ္ပချစ်တီး(အရောင်းအဝယ်) တရုတ်တန်းလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ ဦးစိုးမောင်(ခ)ဘာဘူ(ခ)မူသူးရာမန်က C.A.C.R.M လုပ်ငန်းပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် စက်တင်ဘာ ၂၇ ရက်(၁၃၇၅ခုနှစ် တော်သလင်းလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လှဝင်း
မြို့နယ်တရားသူကြီး
ဇီးကုန်းမြို့နယ်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၂၈၀၄၊ Mitsubishi Challen Ger K 99, S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်သိန်း ၉/မထလ(နိုင်)၀၁၆၈၈၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းရုံး(မုံရွာမြို့)

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၇၅

ဒေါ်မြင့်မြင့်ထွေး	**နှင့်**	၁။ ဒေါ်ချိုချိုယဉ်
		၂။ ဦးအောင်ဝင်း
		၃။ ဦးလှမြင့်
လျှောက်ထားသူ		**လျှောက်ထားခံရသူများ**

အမှတ် ၁၄၅၊ အောင်သပြေလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးအောင်ဝင်းနှင့် လိုင်း ၁၂၃၊ အခန်း ၃၊ မီးရထားဝင်း၊ မလွကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးလှမြင့် (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူက ဤရုံးသို့ တရားစီရင်ပေး ဥပဒေပုဒ်မ-၅၄ နှင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅တို့အရ ပြင်ဆင်မှုလျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၇ ရက် (၁၃၇၅ ခုနှစ် တော်သလင်းလပြည့်ကျော် ၈ ရက်) နံနက် ၁၀း၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ် ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝါဝါထွန်း
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင် ၄ လမ်း၊ အမှတ် ၁၃၊ ခြံမြေကွက်နှင့်နေအိမ်ကို တရားဝင်လက်ရှိပိုင်ဆိုင်ထားသူ ဦးတင်ဝင်း ၈/မကန(နိုင်)၀၀၉၃၁၅ (PDE-၁၁၂၀၆၁) ထံမှ ဒေါ်လှလှဝင်း ၁၂/လမန(နိုင်)၀၆၂၄၁၁က ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလာ LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)
တိုက် ၅၊ အခန်း ၀၀၈၊ အေးရိပ်မွန် ၉ လမ်း၊
(၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၅၁၈၁၈၂၀

ဂျမားလွဒ္ဒီးန်(ခ)ကိုသိန်းရွှေ ၁၁/စတန(နိုင်)၀၃၃၇၄၂သိစေရန် အကြောင်းကြားကြေညာခြင်း

ဇနီးဖြစ်သူ မကေသီစိုး(ခ)နူရ်ဂျန်ဘီ ၁၂/ဒဂတ(နိုင်)၀၇၇၂၂၃နှင့် သမီးတစ်ဦးကို လျစ်လျူရှု၍ လွန်ခဲ့သည့်တစ်နှစ်ကျော်ခန့်မှ ယနေ့တိုင် အဆက်အသွယ်၊ အထောက်အပံ့ဖြတ်တောက်ထားခြင်း၊ တိမ်းရှောင်နေခြင်းနှင့်စပ်လျဉ်း၍ ဇနီးဖြစ်သူက အစ္စလာမ်ဘာသာရေးအရ လင်မယားကွာရှင်းမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ ဂျမားလွဒ္ဒီးန်(ခ)ကိုသိန်းရွှေက ဇနီးဖြစ်သူ၏ လင်မယားကွာရှင်းမှု လျှောက်ထားချက်အပေါ် ထုချေရှင်းလင်းတင်ပြရန် ၂၀၁၃ခုနှစ် စက်တင်ဘာ ၂၈ရက်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)၊ အစ္စလာမ့်ရေးရာခုံရုံးသို့လာရောက်ရမည်။

သင်သိစေသည်မှာ ဆိုခဲ့သည့်နေ့ရက်တွင် ကာယကံရှင် ဂျမားလွဒ္ဒီးန်(ခ)ကိုသိန်းရွှေ ကိုယ်တိုင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ဘာသာရေးအရ လျော်ကန်သင့်မြတ်သလို ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေပါသည်။

A1-Haj-Uostadz ဦးကျော်စိုး (စာရေးဆရာ)
အထွေထွေအတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)
တိုက်အမှတ် ၇၉၊ ခြောက်လွှာ၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၄၁၇၁၇၊ ၀၉-၅၀၈၄၅၈၇

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ ကရင်ကုန်းရွာ(အထက) တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်ရာဇာထွန်း၏ ဖခင်အမည်မှန်မှာ ဦးကံထွန်း ၇/နတလ(နိုင်)၁၀၃၃၀၈ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဘားအံမြို့ အလက(၁) ထ-ခွဲကျောင်း နဝမတန်းမှ မောင်ထွေးမိုးကျော်အား မောင်ကျော်မြတ်ခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်မြတ်ခန့်**

အမည်ပြောင်း

ဘားအံမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မောင်လွင်မိုးကျော်အား မောင်ထွဋ်မြတ်လင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ထွဋ်မြတ်လင်း**

(၂၆)ကြိမ်မြောက် ရက် ၃၀ တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ထောက်ကြန့်တိုးဂိတ်အနီး ဘွက်ကြီးကျေးရွာရှိ အောင်မင်္ဂလာမြေဇင်းတောရရိပ်သာတွင် (၂၆)ကြိမ်မြောက် ရက် ၃၀ တရားစခန်းကို ၆-၁၀-၂၀၁၃ရက်မှ ၄-၁၁-၂၀၁၃ရက်အထိ ကျေးဇူးတော်ရှင် မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး၏ ဥပနိဿယဖြင့် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဇဝန(သာသနဓဇဓမ္မာစရိယ)မှ ညွှန်ကြားပြသမည်ဖြစ်ပါသဖြင့် တရားစခန်းဝင်လိုသူ ယောဂီများ ကြိုတင်စာရင်းပေးသွင်းကြပါရန်နှင့် ယောဂီများ ၅-၁၀-၂၀၁၃ ရက် ညနေ ကျောင်းသို့အရောက်လာကြပါရန် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြပါသည်။

ဖုန်း-၀၉-၇၃၁၀၉၈၃၈၊ ၀၉-၄၂၀၀၂၆၇၁၂၊ ၀၉-၇၃၁၄၃၄၇၄၊ ၀၉-၅၀၀၇၀၅၈

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မော်လမြိုင်ခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၆၀

ဦးတင်မောင်	**နှင့်**	၁။ ဒေါ်သေးသေး	၁၁။ မဖူးဖူးလေး
		၂။ မောင်ဒါလီ	၁၂။ မောင်စည်သူ
		၃။ ဦးအီဆာ	၁၃။ ဒေါ်ချိုတီ
		၄။ ဒေါ်မီးမီး	၁၄။ ဒေါ်မမ
		၅။ ဦးငယ်ငယ်	၁၅။ မောင်နာနူး
		၆။ မောင်လူဆိုး	၁၆။ မချောချော
		၇။ မဝင်းခိုင်	၁၇။ မောင်အာလီခန်း
		၈။ မောင်အယွတ်ခန်း	၁၈။ မောင်အဒင်
		၉။ မအိ	၁၉။ မိုဟမဒ်ဟူရှိန်(ခ)ဦးကြီး
		၁၀။ မပုတ်ပုတ်	၂၀။ မောင်ဘေလာ(ခ)ဇော်ငယ်ထွေး
တရားလို		**တရားပြိုင်များ**	

တရားပြိုင် အမှတ်(၂) မောင်ဒါလီ၊ အမှတ်(၃) ဦးအီဆာ၊ အမှတ်(၅) ဦးငယ်ငယ်၊ (၆)မောင်လူဆိုး၊ (၇)မဝင်းခိုင် ဓမ္မစေတီရပ်၊ ကျိုက္ခမီမြို့၊ သံဖြူဇရပ်မြို့နယ် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတင်မောင်က **အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၆ ရက် (၁၃၇၅ ခုနှစ် တော်သလင်းလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ယဉ်ယဉ်သိန်း)
ဒုတိယခရိုင်တရားသူကြီး
မော်လမြိုင်ခရိုင်တရားရုံး

စေတနာအထူးပြုနိဗ္ဗာန်ဆော် ခင်နန္ဒာ နှင့် သွားစို့နော် (၂၀၁၃-၂၀၁၄ ဗုဒ္ဓဂယာခရီးစဉ်များအတွက် ဝန်ဆောင်မှုအသစ်များ)

သံဝေဇနီယလေးဌာန+သာဝတ္ထိ+ဝေသာလီ+ပတ္တနား+ရာဇဂြိုဟ် (အသက်ကြီးသူများ၊ ယခင်ရောက်ဖူးသူများ၊ အချိန်မရသူများ ပိုမိုသင့်တော်သည်။) (ရန်ကုန်-ဂယာ-ရန်ကုန်)
သံဝေဇနီယလေးဌာန+အဓိပတိတာလေးဌာန+တာဇ်မဟာ+နယူးဒေလီ+ဝေသာလီ+ပတ္တနား+ရာဇဂြိုဟ်+ကိုလ်ကတ္တား (နေရာစုံပို့ပေးသည်။) (ရန်ကုန်-ဂယာ-ကိုလ်ကတ္တား-ရန်ကုန်)

ခရီးစဉ်အားလုံး Air Bus A 320 လေယာဉ်အကြီးစားဖြင့်သာ

၁၁/၁၂ရက် - ၉ သိန်း၊ } (ဝန်ထုပ်ငြိမ်း)
၁၄/၁၅ရက် - ၁၀ သိန်း၊ }
(ရန်ငွေချေ/ဦးရာလူ့နမ်)
အောက်တိုဘာ ၇ (၂၀လို)၊ နိုဝင်ဘာ ၄ (၁၀လို)၊ ဒီဇင်ဘာ ၂ (၁၅လို)၊ ဇန်နဝါရီ ၂၇၊ ဖေဖော်ဝါရီ ၁၀၊ မတ်လ ၁၀၊ ဧပြီ ၇၊
